
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)

## ပန်းသတင်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၄၆၀၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၅၁၀၈၀၇

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၃)၊ (၁၉)လမ်း၊ ရန်ကုန်။


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







# ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)




စီစဉ်သူ
မောင်ကျော်လှိုင်(စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com







အကယ်၍သာ သူမရဲ့ အမေဟာ မင်းသားကြီး ဦးကျော်ဟိန်း ပါဝင်သရုပ်ဆောင်ထားသော 'ပန်းစကား' ရုပ်ရှင်ကားကို အလွန်အမင်း ကြိုက်နှစ်သက်ခြင်း မရှိခဲ့ဘူး ဆိုလျှင်။ အကယ်၍သာ သူမကို မွေးဖွားချိန်မှာ သူမတို့ ခြံထဲက စကားပင်ကြီးမှာ စကားပွင့်တွေ မွှေးမွှေးလှိုပ် ပွင့်မနေခဲ့ဘူးဆိုလျှင် သူမရဲ့နာမည်ဟာလည်း 'ပန်းစကား' ဖြစ်လာစရာ အကြောင်း မရှိချေ။

သူမရဲ့ နာမည်သာ ပန်းစကား မဟုတ်ခဲ့လျှင် သူမလည်း ကိုယ့်ကိုယ်ကိုယ် 'စကား' 'စကား'နဲ့ ခေါ်ဝေါ်သုံးစွဲစရာအကြောင်း ရှိလာမှာ မဟုတ်။

ငွေ [illegible] ၁၉၈၄ မေ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် ဖညက်သွားရာ ဓာတ်သက်ပါမြီး သူမဟာ အလွန်စကားများသော မိန်းကလေးတစ်ယောက် ဖြစ်လာခဲ့မှာ မဟုတ်ချေ။

သူမသာ အလွန်စကားများသူတစ်ယောက် မဟုတ်ခဲ့လျှင် စကားများသူ အများစုရဲ့ အကျင့်အတိုင်း (ကိုယ့်မှာ ပြောစရာအကြောင်းအရာများ ရှိနေဖို့အတွက်) စပ်စပ်စုစုနိုင်သူ၊ ဟုတ်၄ ၅ရှိ မဟုတ်ရသာ်ရှိ ဓာတ်လမ်းထွင်ပြီး ပြောတတ်သူ၊ ကိုယ့်စကားအမှားတစ်ခွန်းကြောင့် လူတစ်ဖက်သားမှာ ထိခိုက်နစ်နာသွားမှာကို အားမနာတတ်သူတစ်ယောက် ဖြစ်နေခဲ့မှာ မဟုတ်ချေ။

အထက်ပါအကြောင်းအရာတွေသာ ချိတ်ဆက်ပြစ်ပေါ်မလာခဲ့ဘူးဆိုလျှင် ဤဓာတ်လမ်းသည်လည်း ဖြစ်ပေါ်စရာ အကြောင်းမရှိချေ။





"နင် ကြားပြီးပြီလား ဟိုသတင်း"

"လာမမေးနဲ့၊ ကုမုဒြာ ဖတ်ပြီးသား"

"ဟင် ... ဘာမှလဲ မပြောရသေးဘူး၊ ဘာကြီးလဲ"

"ကုမုဒြာဂျာနယ်ကြော်ငြာလေ၊ အမြဲတမ်း ပြုံးပြုံးပြိပြိနဲ့ သတင်းထူး ပြောစရာပါနေတတ်တဲ့ နင့်ရန်က လွတ်အောင် ငါဝယ်ဖတ်နေတဲ့ သတင်းစုံဂျာနယ်ပေါ့"

"အောင်မယ်လေး ... ဂျာနယ်ဝယ်ဖတ်ရုံလောက်နဲ့တော့ ငါ့လောက် သတင်းစုံနိုင်ပါ့မလားဟယ်၊ ဂျာနယ်ထဲမှာက အနုပညာလောကက သတင်း၊ နိုင်ငံတကာက ထူးခြားတဲ့ အဖြစ်အပျက်၊ ပြည်တွင်းက ထင်ရှားတဲ့ အဖြစ်အပျက်၊ ကုန်ဈေးနှုန်း ဒီလောက်ပဲပါမှာပေါ့၊ ငါက ရပ်ကွက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲက ကျောင်းဆိုလည်း ငယ်ငယ်က တတ်ခဲ့တဲ့ မူကြို ကျောင်းကစပြီး အခု တက္ကသိုလ်အထိမှာ တွေ့ဖူးတဲ့ အတန်းကြီးရော၊ အတန်းငယ်ရော၊ အတန်းတူရော ဆရာ ဆရာမတွေရော အားလုံးအကြောင်းကို သိတာနော်၊ ငါ့ လောက် ဘက်စုံ ထောင့်စေ့သိနိုင်တာမျိုးကတော့ ရှားကို ရှားတယ်"

"အေးပါ ... အေးပါ၊ နင့်အကြောင်းတော့ သိပါတယ် မမရယ်၊ ငါလည်း စိတ်မဝင်စားလှလို့တော့ မဟုတ်ပါဘူး၊ ဝင်စားတာပေါ့၊ ဒါပေမဲ့ နင် ပြောတာကို နားထောင်လိုက် မိရင်နဲ့ အမှုတွဲထဲ ဝင်ဝင်ပါသွားတတ်လွန်းလို့ ကြောက် လို့"

"အိမ်ရှေ့စင် ... အိမ်ရှေ့စင် ... ရယ်လည်းရယ်ရတဲ့ ကလေးမ၊ နင့်ဘာသာ နားထောင်ရုံနဲ့ထောင်ရင် ဘာများရှုပ်စရာရှိမလဲ၊ ကိုယ်တိုင်က ဝင်ရှုပ်လို့ ဖြစ်ရတဲ့ဟာ"

"ငါ မရှုပ်ပါဘူးနော်၊ နင့်လို သတင်းထူးတစ်ခုရတာနဲ့ ထိုးဆောင်းပြီး အရပ်တကာလည်ပြောတဲ့သူမျိုးမှ မဟုတ်



တာ၊ ငါက နီးစပ်တဲ့ လူတစ်ယောက်လောက်ကိုပဲပြောမိ တာ"

"အေးလေ ... အဲဒီ နီးစပ်တဲ့လူတစ်ယောက်ဆိုတာကပဲ အမိကလူ ဖြစ်နေတာကို အန်ကယ်ဦးရွှေသန်း အလုပ်က အလွဲသုံးစား လုပ်လို့ရတဲ့ ငွေနဲ့ သူ့မိန်းမ အန်တီခိုင်ခိုင် ကို စိန်တစ်ဆင်စာ ဝယ်ပေးတဲ့အကြောင်း နင်က နင့်အဒေါ် ကို ပြန်ပြောတယ်၊ နင့်အဒေါ်ဆိုတာက ဦးရွှေသန်းရဲ့ အထက်မန်နေဂျာနဲ့ အရမ်းခင်တဲ့ သူငယ်ချင်း၊ ဒီတော့ အထက်လူကြီးတွေဆီ တန်းပေါက်ကြားသွားပြီး ဦးရွှေသန်း ကြီး အလုပ်လည်းပြုတ်၊ ဒေါ်ခိုင်ခိုင်လည်း အသစ်စက်စက် စိန်တစ်ဆင်စာကို မဝတ်ရဘဲ ပြန်ရောင်းလိုက်ရရုံတင်မက အရင်က အလွဲသုံးစားလုပ်ထားတာတွေကို လျော်ဖို့ တခြား လက်ဝတ်လက်စားတွေရော ကားရော ရောင်းပစ်လိုက်ရ တာလေ"

"ဒါ ... ဒါတော့ သူ့အပြစ်နဲ့သူ ခံရတာပဲ၊ သူသာ မခံ ရရင်လည်း ကုမ္ပဏီက ငွေတွေအားလုံး သူ့မိန်းမဆီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြီ၊ ကုမ္ပဏီကတော့ ဒေဝါလီ ခံလိုက်ရဖို့ပဲ ရှိတော့တယ်၊ ငါ လုပ်လိုက်တာက လူတစ်ယောက် ထိခိုက်နစ်နာပေမဲ့ ကုမ္ပဏီပိုင်ရှင်နဲ့ ဝန်ထမ်းတွေအားလုံး အတွက်တော့ အကျိုးရှိတဲ့ လုပ်ရပ်မျိုးပဲ”

အောင်မယ်။ တယ်လည်း စကားတတ်နေပါလား။ သူ့အပြစ်အတွက်ကြောင့်တော့ ခုခံကာကွယ်တင်နေလိုက်တာ။

“ဒီလို ပြောကြကြေးသာဆို ငါ လုပ်ခဲ့တဲ့ အလုပ်ထဲက တစ်ဝက်လောက် ... အို ... မကပါဘူး၊ အကုန်နီးပါးဟာ အကျိုးရှိပြီပေါ့၊ ဥပမာ ငါတို့အိမ်ရှေ့က ဦးအောင်သူကြီး သကြံန်မှာ ကောင်မလေးတွေ တစ်အုပ်ကြီးနဲ့ ရေပက်ခံ ထွက်တာကို ပြောမိလို့ လင်မယားကွဲရတယ်ဆိုပေမဲ့ တစ် နည်းအားဖြင့် ပြောရရင် သူ့မိန်းမဟာ သူ့ယောကျ်ား သစ္စာမရှိတာကို သိခွင့်ရလိုက်တာပေါ့၊ တစ်သက်လုံး အလိမ်ညာခံသွားရမဲ့အစား အမှန်တရားကို သိခွင့်ရလိုက် တာ အမြတ်ပဲ၊ သစ်ခွပန်းစိုက်တဲ့ အန်တီပွင့်မာရဲ့ သားက သူ့ဆရာမ ပေးဖို့ဆိုပြီး အမေဆီက သစ်ခွပန်းတစ်ပွင့်





နေ့တိုင်း တောင်းတောင်းသွားပြီး သူ့ရည်းစားကို သွားပေး တာကို ဖော်ထုတ်နိုင်ခြင်းအားဖြင့် အန်တီပွင့်မာရဲ့တန်ဖိုးရှိတဲ့ သစ်ခွပန်းတွေ အလကား မဖြစ်တော့ဘူးပေါ့၊ နောက်ပြီး ...”

“တော်ပါတော့၊ နင် လုပ်သမျှ အလွဲတွေနဲ့ နောက်ဆက်တွဲ တွေ ရှုပ်ပြီး နင့် ပတ်ဝန်းကျင်မှာလည်း ရှုပ်ပွနေတာပဲ၊ ဒါတောင် နောင်တမရဘူး၊ အတင်းက ပြောချင်သေးတယ်”

“ဟဲ့ ... အတင်းပြောတယ်ဆိုတာလည်း အလကားနေရင်း ပြောချင်တိုင်း ပြောလို့ရတာ မဟုတ်ဘူး၊ မြင်မြင်သမျှထဲ က ဘယ်အရာဟာ အတင်းလုပ်ပြီး ပြောလို့ကောင်းတဲ့အဖြစ် အပျက်ဖြစ်မလဲ၊ အဲဒီဟာကိုမှ စိတ်ဝင်စားချင်စရာကောင်း အောင် ပြောပြတတ်တဲ့ အတင်းပြောသူတစ်ယောက် ရှိရ မယ်၊ ထူးဆန်းပြီး လူစိတ်ဝင်စားမဲ့ အဖြစ်အပျက်တစ်ခု ရှိရမယ်၊ အရေးအကြီးဆုံးကတော့ အဲဒီအတင်းကို လက်ခံ နားထောင်မဲ့ အတင်းနားထောင်သူပဲ”

“နင် ဆိုလိုတာက ငါတို့က နားထောင်ပေးနေလို့ နင်က ပြောနေရတာပေါ့လေ”



www.burmeseclassic.com

www.burmeseclassic.com



"အစစ်ပဲပေါ့၊ အတင်းနားထောင်ဖို့ စိတ်ဝင်စားတဲ့သူတွေသာ မရှိရင် ဘယ်လောက်ပဲ အတင်းပြောချင်နေနေ အတင်းပြောခြင်းအမှုကိစ္စ ဖြစ်မြောက်မှာကို မဟုတ်ဘူး"

"အတင်းဋီကာဖွင့်မနေနဲ့တော့ဟာ၊ ငါ တကယ်အချိန်သိပ် မရဘူး၊ နင် ပြောချင်တယ်ဆိုရင်လည်း မြန်မြန်ပြောလိုက်တော့"

အောင်မယ်။ သူကိုယ်တိုင် မစုံစမ်းနိုင်လို့ မသိရတဲ့ သတင်းအထူးအဆန်းကို အလကားသက်သက် လာပေးမဲ့လူကိုများ အထက်စီးဆန်ဆန်လေသံကြီးနဲ့။

ထားပါတော့လေ။ ကိုယ်ကလည်း ပြောချင်နေမှ တော့ အထက်စီးကျသော ဘာသော တွေးမနေအားတော့ပါဘူး။ ပြောခွင့်လေးရတုန်း ပြောထားဦးမှ။

"ငါတို့ထက် တစ်တန်းကြီးတဲ့ အစ်မကြီးလေ၊ တင့်မျိုးဆွေ သိတယ် မဟုတ်လား"

"သိတယ် ပြီးခဲ့တဲ့ အပတ်က မင်္ဂလာဆောင်သွားတာလေ၊ သူ့လူကြီးက ဂရိတ်ကြီး၊ ဟိုလုပ်ငန်းစုပိုင်ရှင် မဟုတ်လား၊





အသက်နည်းနည်းကြီးတာရယ်၊ တစ်ခုလပ်ဖြစ်တာရယ်။ ကလွဲရင် အားလုံး ပြည့်စုံတယ်လေ၊ မင်္ဂလာဆောင်တာတောင် တရေးဒါးစ်မှာ လက်မှတ်ထိုး ဆိဒိုးနားနဲ့ ယုဇနဂါးဒင်းမှာ တစ်ဝက်စီခွဲပြီး မင်္ဂလာဆောင်၊ မြရိပ်ညိုနဲ့ ဖလုတ်တင်းဟိုတယ်မှာ ဒင်နာကိုတစ်ဝက်စီ ခွဲလုပ်ပြီးတော့ အင်္ဂလန်ကို ဟန်းနီးမွန်း ထွက်ကြသေးတာ မဟုတ်လား"

"အောင်မယ်လေး... ငါ ပြောဖို့များ ချန်ထားပါဦးတော့လား"

"ငါလည်း သိသလောက်လေး ပြောရတာ"

သိသလောက်ကလေးကလည်း သူများ ပြောစရာတောင် မကျန်တော့ဘူး။ အို ... ဒါပေမဲ့ တကယ့်အနှစ်ချုပ် အခေါင်ချုပ်ကိုမှ သူ မသိသေးတာ။

"အဲဒီအစ်မကြီးကလေ လွန်ခဲ့တဲ့ တစ်လလောက်တုန်းက သူ့ရည်းစားနဲ့ လိုက်ပြေးဖူးတယ်တဲ့၊ လူကြီးတွေက ပြန်သိမ်းထားတာတဲ့၊ အခုကျတော့ ခိုးစားထားတာ အကောင်အထည် ပေါ်လာရော၊ ပြဿနာတွေ တက်လိုက်တာဆိုတာလေ"

"ဟယ် ... ဟုတ်လား ... အဲဒီလိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ပြောတာပေါ့၊ နင် မသိဘူး မဟုတ်လား"

"ငါ့အိမ်က လူကြီးတွေ ပြောသံတောင် မကြားမိဘူး၊ တကယ်ဆို ငါ့အဖေနဲ့ သူ့လူကြီးက လုပ်ငန်းချင်း အဆက်အစပ် ရှိတာပဲဟဲ့၊ ဒီသတင်းမျိုးဆို ငါ့အဖေဆီက အရင်ဆုံး ရသင့်တယ်၊ ငါများ မသိလိုက်တာလား"

"နင်နော် ... ငါ ပြောလို့ သိရတာကိုများ၊ နင်တို့ဘက်က အရင်ထွက်တဲ့ သတင်းလိုလို ဘာလိုလို့တော့ လုပ်မပစ်နဲ့"

အရေးထဲ အတင်းမှုပိုင်ခွင့်ကိုလည်း ဦးလိုက်ရသေး။ ဒါကြောင့် ပြောတာ။ အတင်းပြောရတာလည်း မလွယ်ပါဘူးလို့။ ကိုယ်က ဦးဖို့ဆိုတာ သိပ်အရေးကြီးတာ။ အခုလို တန်ဖိုးရှိတဲ့ သတင်းမျိုးကျ နားထောင်တဲ့သူက အသာနားထောင်ထားပြီးမှ သူ့ဆီက သတင်းဆိုပြီး ပြန်ထုတ်လိုက်ပြန်ရင်လည်း အခက်။

"ဘာပဲဖြစ်ဖြစ် ငါကတော့ ပြန်ပြောမိမှာပဲ၊ အိမ်ပြန်ရောက်ရင် ငါ့အဖေ့ကို အရင်ပြောရမယ်၊ သူလည်း စိတ်ဝင်စားမှာပဲ၊ နင့်ဆီကရတဲ့ သတင်းဆိုတာတော့ ငါထည့်ပြောလိုက်ပါမယ်"





နောက်တစ်ပတ်အတွင်းမှာ ထိုသတင်းဟာ တောမီးပမာ မျို့နှံ့သွားသည်။ ကာယကံရှင်တွေ ပြန်သိတော့ သူတို့ ဖုံးဖိထားသော သတင်းကို ဘယ်သူ စ,ဖြန့်တာလဲလို့ လိုက်ရှာရင်း နောက်ဆုံး ပန်းစကားဆီ ရောက်သည်။

တစ်ဖက်မိသားစုရဲ့ ပြစ်တင်ရန်တွေ့ခြင်းကို မိဘတွေ အသည်းအသန် တောင်းပန်ဖြေရှင်းလိုက်ရပေမဲ့ အဓိကတရားခံဖြစ်သော ပန်းစကားကတော့ အပြုံးပင် မပျက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ မွေးလာတုန်းကလည်း ဘာမှမပါ၊ သေသွားတော့လည်း ဘာမှမပါ၊ ဗလာလက်လွှတ်ချည်းပဲလို့ ဆိုရိုးစကားရှိသည်။

သို့သော် 'ဆက်ကောင်း'တစ်ယောက်ကိုတော့ ချွင်းချက်အဖြစ် ချန်လှပ်ထားရမည် ထင်သည်။

ဆက်ကောင်းဟာ အမေ ဝမ်းက ထွက်ကတည်းက လက်ထဲမှာ ဂျီအက်စ်အမ်ဟန်းဖုန်းလေး ကိုင်လျက်သား မွေးလာတဲ့ အကောင်ဟု အကြောင်းသိသူတွေက ပြောစမှတ်ပြုရပါသည်။

သူတို့ ပြောလည်းပြောစရာ။ ဆက်ကောင်းရဲ့ လက်ထဲမှာ ဟန်းဖုန်းက အမြဲပါသည်။ သူ့လက်ဖဝါးမှာပဲ ဟန်းဖုန်းတစ်ခု ကပ်လျက်သား မွေးလာသလိုလို၊ သူ့လက်ချောင်းတွေထဲမှာ ဟန်းဖုန်းဟာလည်း လက်ချောင်းတစ်ခုအဖြစ် ပါဝင်နေသလိုလို။





အတန်းထဲမှာ စာမေးပွဲဖြေရလို့ ဟန်းဖုန်းသယ်ခွင့်ပိတ်ပင်ထားခံရသည့်အချိန်ကလွဲလျှင် ကျန်သည့် အချိန်အားလုံး (မနက်အိပ်ရာထ, သွားတိုက်ချိန်ကစလို့ အစား စားချိန်၊ ကောင်မလေးနဲ့ လျှောက်လည်ချိန်၊ အိမ်သာတက်ချိန်အလယ်၊ ညအိပ်ရာဝင်ချိန်အဆုံး) ဆက်ကောင်း လက်ထဲမှာ ဖုန်းပါသည်။

နာမည်မှာ 'ဆက်'ပါလို့ပဲ ဖုန်းဆက်ရတာ ဝါသနာပါနေတာလားရယ်လို့ ဆက်ကောင်းရဲ့ မိဘတွေက နောင်တရစွာ တွေးမိကြသည်အထိ။

နောင်တ မရချင်လို့လည်း မဖြစ်ဘူးလေ။ တစ်နေ့ကုန် တစ်နေခန်း တတွတ်တွတ် ဆက်ထားသည့် ဖုန်းပြောခတွေ တစ်လတစ်လ သိန်းဂဏန်း မနည်းမနော လိုက်ရှင်းရတာ သက်သာတယ်မှတ်လို့။ တစ်ခါတစ်ခါကျတော့ သားကလေး ပူဆာလွန်းလို့ ဟန်းဖုန်းတစ်လုံး ဝယ်ပေးမိတာဟာ မွဲဆေးများ ဖော်မိတာလားလို့တောင် မိဘတွေမှာ ထုတ်ဖော်ညည်းယူကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သားရယ် ... တစ်ခါတလေများ ဖုန်းပြောချင်ရင် အိမ်က လိုင်းဖုန်းနဲ့ပဲ ပြောပါလားဆိုတော့ ကိုယ့်လူက အရသာချင်း မတူဘူးတဲ့။ သူက စကားပြောရင် တစ်နေရာတည်းမှာ ကျောက်ချပြီး ငြိမ်ငြိမ်ကြီး နေရတာထက်စာရင် ဟိုဟိုဒီဒီ ရွေ့လျားသွားလာနေရတာကို ပိုကြိုက်သတဲ့။ ဒါပေမဲ့ ကော့ဒ်လက်(စ်)ဖုန်းနဲ့ ပြောပါဆိုပြန်တော့ ကိုင်ရတာ လေးပြန်သတဲ့။

အမှန်တော့ အကြောင်းပြချက်တွေ တောင်တောင် အီအီသာ လျှောက်ပြောနေတာ။ တကယ်တမ်းကျတော့ ခုခေတ် လူငယ်တွေရဲ့ စတိုင်လ်အတိုင်း အိမ်က လိုင်းဖုန်းကြီးနဲ့ ပြောရတာကို ခေတ်မမီတော့ဘူး ထင်နေတာ။ ဟန်းဖုန်းလေး တကိုင်ကိုင်နဲ့ တတောက်တောက် တတတ်တတ် လျှောက်သွားပြီး ဟန်ရေးပြချင်တာ။

သူ့ ဟန်ရေးပြဖို့ တစ်လ တစ်လ နင့်နေအောင် ငွေရှင်းရဖန်များတော့ အဖေလုပ်သူက ရာဇသံပေးသည်။ ဖုန်းခ တစ်သိန်းထက်ကျော်လျှင် အိမ်ပေါ်က ခေါင်းနဲ့ ဆင်းရမတဲ့။



သို့သော် ငနဲသားကါဖြင့် လုံးလုံးရော ပြားပြားရော မမှုပါ။ ဘယ်မှုပါလိမ့်မလဲ။ သူ့မှာ သုံးစွဲမကုန်သည့် ငွေတွင်းကြီးတစ်တွင်းက ရှိလေသည်ပဲ။ အဲဒီ ငွေတွင်းကြီးကား ဒေါ်ခင်ပုံ ဆိုသည့် ဆက်ကောင်းရဲ့ အဘွားပင်။

တောမှာ နေသည်ဆိုပြီး အဘွားကိုတော့ အထင်မသေးလိုက်နဲ့။ အဘွားတို့ရဲ့ မိဘဘိုးဘွားတွေ လက်ထက်ကတည်းက အဲဒီမှာပဲ အစဉ်တစိုက် နေလာခဲ့ကာ လယ်ယာတွေပိုင်၊ ဆီစက်တွေပိုင်၊ ရက်ကန်းရုံတွေပိုင်၊ အညာထွက် စားသောက်ကုန်လုပ်ငန်းတွေ ပိုင်ခဲ့ကြတာ။

မိသားစု အစဉ်အဆက်မှာ တစ်ယောက်က လုပ်ငန်းတစ်ခု လုပ်သည်ဆိုလျှင် ဆက်ခံလာတဲ့ လူက လက်ရှိ လုပ်ငန်းကိုလည်း ဆက်ခံ၊ လုပ်ငန်းသစ်လည်းထွင်။

အဘွားတို့ မိသားစု အစဉ်အဆက်မှာ လုပ်ငန်းသစ် ဘယ်သူ ပိုကောင်းအောင်ထွင်နိုင်သလဲ ဆိုပြီး အပြိုင်အဆိုင်တွေတောင် လုပ်ထားကြပုံပေါက်သည်။ အသစ်တက်လာသော မျိုးဆက်ထဲက လူတွေဟာ လက်ရှိလုပ်ငန်းတစ်ခုတည်းနဲ့ ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



အားရကျေနပ်စွာ ငြိမ်မနေ။ ကိုယ့်အလှည့်ကျ ဘာများလုပ်ငန်းသစ် ထူထောင်ရမလဲ ဆိုတာ ပြူးပြဲရှာဖွေလို့ပဲ နေကြတော့တာ။

ဒီလိုနဲ့ပဲ နောက်ထပ် နောက်ထပ် တက်လာသည့် မျိုးဆက်တွေဟာ လုပ်ငန်းတစ်ခုကနေ နှစ်ခု၊ နှစ်ခုက သုံးခု၊ သုံးခုကနေ လေးခု တိုးတိုးပြီး ပိုင်ဆိုင်လာကြကာ ပိုလို့ ပိုလို့ ချမ်းသာလာကြတော့တာ။

ဒီလိုနဲ့ အဘွား လက်ထက်မှာ လုပ်ငန်းလေးခု တိတိရှိလာခဲ့ပြီး အဘွားရဲ့ နောက်က ဆက်ခံသော ဘကြီး (အဖေရဲ့ အစ်ကိုအကြီးဆုံး)လက်ထက်ကျတော့ မွေးမြူရေးခြံ တစ်ခြံထောင်လိုက်တာ သိပ်မအောင်မြင်။ ဒါနဲ့ပဲ ဘကြီးက နောက်ထပ် ဘာလုပ်ငန်းများ အသစ်တိုးချဲ့ရဦးမလဲလို့ စဉ်းစား ရှာဖွေနေဆဲရှိသည်။

အဖေကတော့ သားအငယ်တို့ရဲ့ အခွင့်အရေးကို အပိုင်အနိုင် အသုံးချကာ အစ်ကိုကြီးလိုမျိုး ကိုယ့်ရပ်ကိုယ့်ရွာမှာ ပဲနေ၊ မိဘ လက်ငုတ်လက်ရင်းကိုပဲ ဆက်ခံတာမျိုး မလုပ်ဘဲ ရန်ကုန်ကို ဆင်းချလာခဲ့တာပင်။





အကြောင်းရင်းကလည်း ရှိသည်လေ။ ရန်ကုန်သူ သူဌေးသမီး အမေနဲ့ကလည်း အကြောင်းပါခဲ့ပြီကိုး။ ရန်ကုန်သူ ကတော့ အညာမှာ လိုက်မနေနိုင်တာမို့ အဖေကပဲ ဆံထုံးနောက် သျှောင်ပါခဲ့ရတော့တာ။

ထားတော့။ အဖေတို့မိသားစု စီးပွားရေးအကြောင်း ပြောနေရတာနဲ့ လိုရင်းတောင် မရောက်တော့ဘူး။ ဆက်ကောင်း ဆိုလိုချင်တာက အဘွားဟာ အညာသူစစ်စစ်ဆိုပေမဲ့၊ ရန်ကုန် ကို မရောက်ဖူးတာမို့ ခေတ်အမြင် ခေတ်အတွေး မရှိပေမဲ့ သူ့ နယ်မှာတော့ လုပ်ငန်းတွေ အများကြီး ပိုင်ဆိုင်ကာ ဒိတ်ဒိတ်ကြဲ ချမ်းသာသည်ဆိုသည့်အကြောင်း။

အဘွား ချမ်းသာတာ ဘာလို့ ကြော်ငြာဝင်ထိုးရသလဲ လို့တော့ မမေးနဲ့လေ။

ဆက်ပြောမှာပေါ့။

နောက်တစ်ခု မှတ်ထားလိုက်ပါဦး။ အဘွားဟာ သားအငယ်ဖြစ်သော ဆက်ကောင်းရဲ့ အဖေ ဦးမိုးကောင်းကို အချစ်ဆုံး။ ဒီတော့ အဖေ့ရဲ့ တစ်ဦးတည်းသောသား ဆက်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း တုန်နေအောင် ချစ်သည်။ ဒီမြေး လိုချင်သမျှ တောင်းဆိုသမျှ မရမရှိစေရ။

ဒီလို အဘွားမျိုး ရှိနေမှတော့ ဆက်ကောင်းတို့ နောက်ကြောင်း အေးအေးနဲ့ ဆိုးနိုင်ပြီပေါ့။ တစ်ခါတစ်ရံ ဖုန်းဖိုးနှင့်နဲ့ ကုန်ကျလို့ အဖေက ဆူလျှင် ဆက်ကောင်းက အဘွားဆီက တောင်းပြီး ပေးလိုက်တတ်စမြဲ။ အဘွားလုပ်တဲ့သူကတော့ ဘာမှ မသိရှာ။ ငါ့မြေးလေး လိုအပ်လို့သုံးတာ တွန့်တိုကန့်သတ် မနေစမ်းပါနဲ့ဆိုသည့် လက်ကိုင်စကားလုံးနဲ့ပဲ ကိစ္စက ပြီးပြီ။

အဘွားပြီးတော့ အမေ။

ဆက်ကောင်းဘက်က ထာဝရ လိုက်ပါတတ်သော၊ ဆက်ကောင်းကို အကာအကွယ်ပေးဖို့ ဝန်မလေးသော (သို့သော် အဘွားလောက်တော့ လုပ်ပိုင်ခွင့်ပါဝါ အပြည့်မရှိရှာ) နောက်ထပ် လူသားတစ်ယောက်ကား ဆက်ကောင်းရဲ့ အမေ ဒေါ်မိမိမြတ်။

အိမ်မှာ ဆက်ကောင်း လုပ်သမျှ အမှားအယွင်းတွေကို အမေဟာ တတ်နိုင်သလောက်တော့ အဖေ မသိအောင် ဖုံးဖုံးဖိဖိ လုပ်ပေးရှာသည်။





တစ်ခုတော့ ပြောစရာရှိပါသည်။ ဆက်ကောင်းဟာ ခေတ်လူငယ်လေးပီပီ အသုံးအဖြုန်းကြီးတာ၊ မိဘအပေါ် မသိတတ်တာ၊ အပေါင်းအသင်းများပြီး အလည်အပတ်များတာ၊ ပြောစကား ဆိုစကား နားမထောင်တာလေးကလွဲလို့ ထူးထူးခြားခြား ဆိုးသွမ်းပျက်စီးတာမျိုးတော့ မဟုတ်။ အရက်မသောက်တတ်၊ မူးယစ်ဆေးဝါးဆိုလို့ ဆေးလိပ်လေးတောင် မသောက်တတ်တာဟာလည်း ကြဲဖန်များ အမှတ်ပေးမယ်ဆိုရင်တော့ ပေးချင်စရာပင်။

ဆက်ကောဝ်းရဲ့ အဖေ ဦးမိုးကောင်းကိုယ်တိုင်ကလည်း သူ့သားကို မူးယစ်ဆေးဝါးကိစ္စ ကင်းရှင်းတာတစ်ခုတည်းနဲ့တင် စိတ်ထဲက ကျိတ်ပြီး ကျေးဇူးတင်နေတာပါ။ သား တော်ရုံတန်ရုံဆိုးတာလောက်ကတော့ မပြောမရှိလိုက်ရလေအောင် ပါးစပ်က ဗျစ်တောက်ဗျစ်တောက် ပြောနေပေမဲ့ သည်းခံနိုင်သည်။

ဒီလိုနဲ့ပဲ ဆက်ကောင်းဆိုသည့် လူငယ်လေးတစ်ယောက်ဟာ တီးလိုမင်းလို အနေအထားမျိုးနဲ့ လိုတရပြည့်စုံသော ဘဝထဲမှာ ကျေနပ်နေပျော်စွာ ရှင်သန်နေနိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် လုံးဝ ရှင်းပြပြီးပြီပဲ သည်းဦးရာ၊ အဲဒီကောင်မလေးက ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက်ရဲ့ ညီမလေး ငယ်ငယ်တုန်းကဆို တကယ့်မောင်နှမအရင်းတွေလိုနေလာတာ၊ အခု သူ နိုင်ငံခြားက ပြန်ရောက်တုန်း သွားစရာရှိတာလေး သွားလိုက်ပို့ပေးတာပါဆို"

သည်းဦးပန်းရဲ့ မျက်နှာက ဘဝင်မကျသေးသလို ဘွန့်ရှုံ့ရှုံ့ စူပုပ်ပုပ်ကလေး ရှိနေဆဲ။

"သူငယ်ချင်း ညီမဆိုတာလည်း သူငယ်ချင်းညီမပဲ၊ ကိုယ့်ညီမမှ မဟုတ်တာ၊ စိတ်ချလို့မရသေးပါဘူး"

"စိတ်ချလို့ရပါတယ် သည်းဦးရယ်၊ ကိုယ် ဘယ်လောက်လိမ္မာသလဲဆိုတာလဲ သည်းဦး သိသားနဲ့ဟာ"





"ကိုဆက် လိမ္မာတယ်ဆိုတာကိုပဲ မယုံတာ။ သည်းဦးကို လူတိုင်းက အမြဲ ပြန်တိုင်သံပဲ ကြားရတယ်။ ကိုဆက်ကို ဘယ်ဆိုင်မှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့ခဲ့ရပြန်ပြီ၊ ဘယ် ပလာဇာမှာ ကောင်မလေးတစ်ယောက်နဲ့ တွဲသွားပြန်ပြီ၊ ဘယ်ရုပ်ရှင်ရုံရှေ့မှာ မိန်းကလေးတစ်အုပ်နဲ့ လက်မှတ်တန်းစီနေပြန်ပြီ ... အို ... စုံလို့ပဲ"

"သည်းဦးလည်း သိသားပဲကွာ၊ ကိုယ်က အပေါင်းအသင်းဒီလောက်များတာ၊ ညီမတွေရော သူငယ်ချင်းတွေရော၊ သူငယ်ချင်း ညီမတွေရော၊ ညီမသူငယ်ချင်းတွေရော"

"ညီမသူငယ်ချင်းရဲ့ သူငယ်ချင်းတွေရော သူငယ်ချင်းညီမရဲ့ သူငယ်ချင်းတွေရော"

သည်းဦးပန်းက အမြင်ကတ်လာပုံနှင့် နောက်ဆက်တွဲတွေ လျှောက်ပြောပစ်လိုက်သည်။ ဟုတ်တယ်လေ။ ဆက်ကောင်းရဲ့ ပုံစံကို ကြည့်ရတာ တစ်လောကလုံးက ရှိရှိသမျှ မိန်းမတွေရဲ့ တာဝန်ကို သူတစ်ယောက်တည်း ဒိုင်ခံယူနေရသလို့မျိုး။



www.burmeseclassic.com

www.burmeseclassic.com



"သည်းဦးမှာလည်း အစ်ကိုတွေ ရှိသားပဲ၊ ကိုယ်ချင်းစာ ကြည့်ပေးပေါ့"

"ဟုတ်တယ်၊ ကိုယ်ချင်းစာကိုစာတယ်၊ သည်းဦး အစ်ကိုတွေ အားလုံး ဖုန်းတစ်လုံးနဲ့ ဟိုကောင်မလေးကို တစ်နေရာချိန်းချိန်း၊ နောက်ကောင်မလေးကို နောက်တစ်နေရာမှာ ချိန်းချိန်း၊ တစ်ခါတလေ ရည်းစားနှစ်ယောက်ကို ချိန်းထားတဲ့အချိန်နဲ့ နေရာလွဲပြီး ပြဿနာတွေ တက်ကြရော၊ တစ်ခါတစ်ခါကျ နာမည်မှားခေါ်တာတို့၊ အဖြစ်အပျက်တွေ မှားပြောမိတာတို့၊ အို ... စုံနေတာပဲ၊ ကိုဆက်ကိုလည်း ဘယ်တော့ အမှားကျူးလွန်မလဲလို့ သည်းဦးက စောင့်နေတာ"

စောင့် ... စောင့်။ ဆက်ကောင်းတို့က ဒါမျိုး အံခွနေပြီ။ ဘယ်ရည်းစားနဲ့ ချိန်းချိန်း၊ ဘာစကားပဲပြောပြော စာနဲ့ပေနဲ့ သေချာ မှတ်တမ်းတင်ထားတာ။ တော်ရုံနဲ့တော့ မှားစရာအကြောင်း မရှိဘူး။





စိတ်ထဲက ပြောဖြစ်ပေမဲ့ မျက်နှာကတော့ ခပ်တည်တည်၊ မှင်သေသေကလေးနဲ့။

"ကိုယ်က အမှားကျူးလွန်းထားတဲ့သူမှ မဟုတ်တာ၊ အမှားစောင့်နေရင် ပင်ပန်းတာပဲ အဖတ်တင်မယ်၊ တွေ့ရမှာတော့ မဟုတ်ဘူး"

ရှိုးထား မောင်ဆက်ကောင်း။ အခွင့်သာခိုက် ရှိုးသာရှိုးထား။ ဟိုကလေးမက လောလောဆယ် အခြေအနေမှာ ကိုယ့်ကို ယုံချင်စိတ်လေး ရှိနေပေးသေးတာ။ ဘယ်သူတွေက ဘာပြောပြော ဆက်ကောင်း စကားကိုပဲ နားဝင်ဦးမည့်ပုံ။ ဒီအခွင့်အရေးကို လက်လွှတ်မခံနဲ့။

"ကိုဆက် တကယ်လား"

"ဘာကို ပြောတာလဲ"

"သည်းဦးအပြင် နောက်တစ်ယောက် မရှိပါဘူးဆိုတာလေ"

"မေးစရာလိုသေးလားကွာ။ ဒီလောက်လေပေါပြီး ဝါးစပ်အားနေရင်လည်း တခြားစကားပြောပါတော့လား၊ ဥပမာ ကိုကိုဆက်ကို သိပ်ချစ်တာပဲတို့ ဘာတို့"



www.burmeseclassic.com

www.burmeseclassic.com



သည်းဦးပန်းက မျက်စောင်းလှလှလေးတစ်ချက် ထိုးလိုက်ကာ ...

"တော်ပြီ ... တော်လောက်ပြီ၊ ဟုတ်ရင်လည်း ဟုတ်တယ်ပေါ့၊ အပိုတွေက ပါသေးတယ်"

"ကိုယ် ကြားချင်တာကို ပြောတာပဲ"

"ဒါမျိုး မပြောတတ်ပါဘူး၊ ကြားချင်ရင် ပြောတတ်တဲ့သူသွားကြိုက်ချေ"

"ပြောတတ်တဲ့သူတွေကိုမှ ကြိုက်လို့မရတာ၊ ကြိုက်တဲ့သူကိုပဲ ပြောတတ်အောင် သင်ရမှာပေါ့"

နောက်ဆုံးတော့ စစ်စစ်ဆေးဆေး၊ အမေးအမြန်းတွေ လုပ်တော့မည့် သည်းဦးပန်းလည်း လည်ထွက်သွားကာ မူလ ပြောရင်းစကားကို မေ့သွားပါလေရော့။

❧ ❦ ❧





"ဟဲ့ ... ပုနေ ... ပုနေ အမြန်"

ဂင်ဇာပန်ဆိုင်ထဲက လှမ်းကြည့်လျှင် ဆိုင်ရှေ့မှာ ကားပါကင် ထိုးနေသည့် ကြေးဥစိမ်းရောင် မာစီဒီးကားလုံးလုံးကြီးကို မြင်သာသည်။

ကားအမျိုးအစားက ရှားပါးရသည့်ကြားထဲ အရောင်ကပါ ရှားပါးရောင် ဖြစ်နေသေးတာမို့ ဒီကားကို မြင်လိုက်တာနဲ့ နေလဖော် ကားမှန်း ကိုးဆယ်ရာခိုင်နှုန်းလောက်တော့ သေချာသည်။

ကားထဲက လူကတော့ ဆင်းမလာသေး။ ကားပြတင်းမှန်မှာ ကပ်ထားသည့် ဆီးရောင်ရင့်ရင့် နေကာတွေကြောင့် ကားထဲက လူကိုလည်း မမြင်တော့ မမြင်ရသေး။ ဒါပေမဲ့ ကား



www.burmeseclassic.com

www.burmeseclassic.com



ထဲက လူကို မြင်ရသည်အထိ စောင့်နေလို့လည်း မဖြစ်နိုင်ပါ။ ကိုယ်က သူ့ကို မြင်သည့်အချိန်မှာ သူကလည်း ကိုယ့်ကို မြင်ပြီး ဖြစ်နေပြီ။ အဲဒီအချိန်ကျမှတော့ ပြေးလို့ပုန်းလို့လည်း ရမှာ မဟုတ်တော့။

ကြိုကြိုတင်တင် ပုန်းထားရှောင်ထားနိုင်ပါမှ။

ပန်းစကားတို့က မဟုတ်တာ လုပ်နေကျပီပီ လူက လည်း သွက်လက်ဖျတ်လတ်လိုက်သမှ။

ကားကြီး ထိုးဆိုက်လာတာကို မြင်လိုက်တာနဲ့ ဘယ်သူ့ကား ဖြစ်နိုင်သည်၊ နောက်ဆက်တွဲ ဘယ်လို အန္တရာယ် တွေ ဖြစ်လာမည်၊ ဘာလုပ်ရမည်ဆိုတာတွေကို ချပ်ခနဲ ချပ်ခနဲ တွက်ဆလုပ်ကိုင်ပြီးသွားပြီ။

သို့သော် ခက်နေတာက သဒ္ဒါ။

ပန်းစကားနဲ့ အခင်ဆုံး၊ အတွဲဆုံး သူငယ်ချင်းသုံး ယောက်ထဲက တစ်ယောက်ဖြစ်သည့် ခင်သဒ္ဒါဟာ ခန္ဓာကိုယ် ခပ်ပြည့်ပြည့်နဲ့ လှုပ်ရှားမှု လေးတွဲ့ဖင့်နှေးသူ တစ်ယောက်ပင်။ အရေးအကြောင်းရှိလျှင် တခြား ... တွေက ဖြတ်ဖျတ်ဆို တိမ်းပြီး





ရှောင်ပြီးကြပြီ။ သူတစ်ယောက်သာ အိပဲ့ အိပဲ့နဲ့ ကွိခနဲ မိနေ တော့တာ။

သူ့ဘာသာ ပြေးမလွတ်တာက အကြောင်းမဟုတ်။ ပန်းစကားတို့ သူငယ်ချင်းတွေက အမြဲတမ်း တစ်စုတစ်ဝေးတည်း ရှိတတ်ကြတာမို့ ခင်သဒ္ဒါကို တွေ့လျှင် အနီးအနားမှာ ကျန်သည့် သူတစ်ယောက်မဟုတ်တစ်ယောက် ရှိလိမ့်မည်လို့ ခန့်မှန်းရနေ တာကခက်တာ။

အခုပဲကြည့်။ ပန်းစကားက လှစ်ခနဲနဲ့ ပုန်းစရာ ကွယ်စရာ ရှာတွေ့သွားသည့်အချိန်မှာ ကြီးတော်က လောကကြီး ဘာဖြစ်လို့ဖြစ်မှန်း မသိစွာ မုန့်တွေကိုသာ သဲကြီးမဲကြီး စားလို့ ကောင်းဆဲ။

"ဟဲ့ ... သဒ္ဒါ ... ပုန်းပါဆို"

ပန်းစကားက ပုန်းကွယ်နေသည့် နေရာက ထွက်ကာ လှမ်းသတိပေးလိုက်သော်လည်း အကြောင်းမထူး။ အောင်မယ်။ နှစ်ယောက်စာ ဝယ်ထားသော မုန့်ပန်းကန်တွေထဲက ဘယ်ကိတ် မုန့်က ပိုကြီးသလဲ ဆိုတာတောင် ရွေးချယ်နေလိုက်သေး။



www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါ ... ရှတ် ... ရှတ် ... ဟဲ့"

မရတော့။ ပန်းစကား အော်ဟစ်နေဆဲမှာပဲ နေလဖော်က ဆိုင်ထဲ ဝင်ရောက်လာပြီ။

ပန်းစကားက ပုန်းအောင်းနေရာက နေလဖော်ကို လှမ်းချောင်းကြည့်မိပါသေးသည်။

ကြည့်လို့ကောင်းလိုက်တာများ။

အရပ်ကြီးက ခြောက်ပေကျော်ကာ မြင့်မားမိုးထိုးနေသည်။ အသားအရေက ဖြူဝင်းနေရုံမက သလင်းကျောက်သားလို ကြည်လင်နေသေးပေရာ အရေပြားအောက်မှာ မီးချောင်းတွေ ထွန်းထားသလို လင်းလက်ဖြာနေသည်။ လေးထောင့်ဆန်ဆန် မျက်နှာကျက နိုင်မာပြတ်သားသော ရုပ်သွင်ဖြစ်အောင် ပံ့ပိုးကူညီထားပြီး စိမ်းညို့ထူထဲသော မျက်ခုံးတွေ အောက်က မျက်အိမ်ကျယ်ကျယ်နှင့် စူးရှသော မျက်ဝန်းတွေက ဉာဏ်ပညာကြီးမားခြင်းကို ဖော်ပြနေကြသည်။

ချွေးချွေး၊ မိုးမိုး၊ ဆောင်းဆောင်း အမြဲဝတ်ဆင်လေ့ရှိသည့် Arrow၊ Guy Laroche၊ Get away၊ Hazzard တံဆိပ်တွေနဲ့ ရုပ်အင်္ကျီတွေက အသားထူအိအိနဲ့ အရောင်အသွေးကျနရှန်းစိုလှသည်။ အင်္ကျီအရောင်နဲ့ လိုက်ဖက်သည့် စတိုင်လ်ဘောင်းဘီတွေကလည်း အိဖတ်ပုံကျလှသည်။





နေလဖော်ရဲ့ အဝတ်အစားတွေ ကောင်းတာကတော့ ကောင်းတာပါပဲ။ ဒါပေမဲ့ ထိုအဝတ်အစားတွေဟာ နေလဖော်ကိုယ်မှာ ဝတ်ဆင်ထားတာမို့လည်း ပိုပြီး ဂုဏ်တက်နေတာဖြစ်မည်။

ဒီတံဆိပ်၊ ဒီတန်ဖိုး၊ ဒီအရောင်ရှိသည့် ပစ္စည်းကိုပဲ တခြားလူတစ်ယောက် ဝတ်ဆင်လျှင် နေလဖော် ဝတ်သလောက် အရောင်ထွက်နိုင်မှာ မဟုတ်။

အဲ ... နေဦး ... နေဦး ...။ ငေးတာလွန်သွားပြီ။

လောလောဆယ် အခြေအနေမှာ ပန်းစကားရဲ့ဘဝက ကိုကိုလ (နေလဖော်ကို ပန်းစကားက အဲဒီလိုပဲ ခေါ်ပါသည်။)ကို အားပါးတရ ငေးမောနေနိုင်သည့် ဘဝမျိုး မဟုတ်။ ကိုယ်ကျူးလွန်ထားသည့် အပြစ်တစ်ခုအတွက် မျက်နှာချင်း မဆိုင်ရဲ ရှောင်ပြေးနေရသည့်ဘဝ။



www.burmeseclassic.com

www.burmeseclassic.com



ဟော ... တွေ့လား။ ကိုကိုလ,က တစ်ယောက်တည်း ထိုင်ပြီး မုန့်စားလိုက်၊ မစ်လ်ရှိတ် သောက်လိုက် လုပ်နေသည့် သဒ္ဒါကို စောင်းငဲ့ အကဲခတ်ကြည့်နေပြီ။

သိပ်ကို သိသာတာပေါ့။ ခင်သဒ္ဒါဆိုတဲ့ မိန်းမဟာ ဘယ်တော့မှ တစ်ယောက်တည်း သွားလေ့လာလေ့ ရှိတာမဟုတ်။ အထူးသဖြင့် ခင်သဒ္ဒါ သွားတိုင်းမှာ ပန်းစကား ပါလေ့ရှိတာကိုကိုလ,လို လူရင်းမပြောနဲ့ လူတိုင်း သိသည်။

ခင်သဒ္ဒါကို တစ်ယောက်တည်း တွေ့ရပြီး အနားမှာ ဘယ်သူမှ မရှိဘူးဆိုလျှင် သူ့ရဲ့ အဖော်ဟာ တစ်နေရာရာ ရောက်နေတာ ထင်ရှားသည်။ ထိုအဖော်ကလည်း ပန်းစကားပဲ ဖြစ်နိုင်မည်ဆိုလျှင် သူ့ကို တွေ့လို့ ပန်းစကား တစ်နေရာရာမှာ သွားပုန်းနေပြီဆိုတာ နေလဖော်က တွက်ပြီးသားဖြစ်မှာပင်။

ရှက်ဖို့ကောင်းလိုက်တာ။ ကိုယ် မဟုတ်တာ လုပ်တာကြီးကို လူမိခံရတာလောက် ရှက်ဖို့ကောင်းတာ မရှိတော့။

ပြီးတော့ နေလဖော်အပေါ် သူမ ကျူးလွန်ထားသည့် အမှား။





နေလဖော်ဟာ သူ့ကုမ္ပဏီက စာရင်းကိုင်ဝန်ထမ်း မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်နေကြပါသည်လို့ မမှန်သတင်း လွှင့်မိတာ။

အရင်က ပန်းစကား ဖြစ်သည့် ပြဿနာတွေတိုင်း တကယ်ဖြစ် တကယ်ရှိတာကို လူကြားထဲ လျှောက်ပြောမိလို့ ဖြစ်ရတာချည်း။ အတင်းပြောမိသည့် အပြစ်ကလွဲလျှင် တကယ့်အမှန်တရားကို ပြောတာမို့ ကာယကံရှင်တွေက ပြဿနာလာရှာလျှင်တောင် ကိုယ့်ဘက်က ခပ်တင်းတင်း ပြန်နေလို့ရသည်။

ခုတစ်ခါ အတင်းပြောမိသည့် ဓာတ်ထုပ်ကြီးကတော့ တကယ်မဟုတ်တာကြီး။ နေလဖော်ရဲ့ ဝန်ထမ်း အမျိုးသမီးလေးမှာ ချစ်သူ ရှိနေပြီး သိပ်မကြာခင်မှာပဲ လက်ထပ်သွားခဲ့ကြတာ။

နေလဖော်ခမျာတော့ ကိုယ်တိုင်က ဘာမှ မလုပ်ရပါဘဲ ဟိုကမေး ဒီကမေးသည့် မေးခွန်းတွေကို ဖြေရှင်းလိုက်ရပါသည်။ ပိုပြီးတော့ ဆိုးတာက မိုးကုတ်မှာနေသည့် သူ့အမေကြီး သား သတင်းကြားလို့ စိတ်ဆိုးဆိုးနဲ့ ရန်ကုန်ကို လိုက်ချလာကာ ဝုန်းဒိုင်းကြဲသွားတာပင်။



www.burmeseclassic.com

www.burmeseclassic.com



နေလဖော်က ကိုယ်ပိုင်အလုပ်အကိုင်နဲ့ လူကြီးတစ်ပိုင်း ဖြစ်နေပြီဆိုပေမဲ့ အမေကိုတော့ ကြောက်ရသား။ ကိုယ်ဘာမှ မကျူးလွန်ထားပေမဲ့ အမေလုပ်သူက ဆူတော့လည်း ခံနေရတာပင်။

နေလဖော် အမေကြီးကလည်း ကဲကဲဆတ်။ အခု သတင်းက တကယ်မဟုတ်လျှင်တောင် တစ်ချိန်ကျ ဒါမျိုးဖြစ်လာခဲ့သော် ရင်မကွဲရလေလားဆိုပြီး သူ့သားကို အိမ်ထောင်ချပေးဖို့အထိ စီစဉ်ပါလေရော။

လွတ်လွတ်လပ်လပ် နေချင်သော၊ တကယ်လို့ အိမ်ထောင်ပြုရမည်ဆိုလျှင်တောင် ကိုယ် သဘောကျသည့် မိန်းကလေးကို ကိုယ့်ဘာသာပဲ ရွေးချယ်ချင်သော နေလဖော်အတွက် အတော်စိတ်ပျက်စရာကောင်းသည့် အဖြစ်ပင်။

အမေ လုပ်သူက အခုမှ အဆွေအမျိုး၊ အသိုင်းအဝိုင်းထဲက သင့်သင့်တော်တော် မိန်းကလေးတွေကို အသည်းအသန်ရှာဖွေ၊ တစ်ယောက်ပြီးတစ်ယောက် ခေါ်လာပြီး တွေ့ပေးနှင့် တက်တက်ကြွကြွ ယောက်ယက်ခတ်လှုပ်ရှားနေသမျှ နေလဖော်ကတော့ တရားခံကို ကျိတ်ပြီး မေတ္တာပို့နေမိတော့တာ။





နေလဖော် ကိုယ့်ကို အတော်မေတ္တာပို့နေသည်ဆိုတာ ပန်းစကားက သတင်းကြားထားပြီးသား။ သွားလာကျင်လည်သည့် ပတ်ဝန်းကျင်ချင်းက တူတော့ တစ်ချိန်ချိန်မှာ နေလဖော်နဲ့ သွားတွေ့နိုင်သည်။ တွေ့လျှင် ဘယ်လိုရှောင်တိမ်းရမည် ဆိုတာတွေကိုလည်း စဉ်းစားထားပြီးသား။

ဟော ... ဟော။ ကိုကိုလ ဟိုဟိုသည်သည် လှည့်ကြည့်နေပြီ။ ထိုင်စရာနေရာ ရှာတာလည်း ဖြစ်နိုင်သလို ပန်းစကားကို ရှာတာလည်း ဖြစ်နိုင်တာပဲ။

ပန်းစကားက ခန္ဓာကိုယ်လေးကို ကျုံ့ပစ်လိုက်ကာ ဆောင့်ကြောင့်လေးထိုင်ပုန်းနေရာကနေ ပိုပြီး လုံသွားအောင် နောက်ကို နှစ်လှမ်းလောက် ဆုတ်လိုက်သည်။ အဲဒီမှာတင် ...။

"ဟဲ့ ... အမယ်လေး"

"ဟ ... ဘာကြီးလဲ"

အသံနှစ်ခုက ပြိုင်တူ။ ကိုယ် ထွက်လိုက်သည့် အာမေဋိတ်သံကတော့ ကိုယ့်အသံဖြစ်တာ သေချာပြီး နောက်ထပ် အသံတစ်ခုကို ဘယ်သူများ ပြုလိုက်တာပါလိမ့်လို့ အလန့်တကြား ကြည့်လိုက်ကြလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြီးက ဘယ်သူတုံး"

"နာမည်မေးတာလား"

"နာမည် ဘာလုပ်ရမှာလဲ၊ ဒီနေရာကို ခိုးကြောင်ခိုးဝှက် ရောက်နေလို့ မေးတာ"

"ဒီဆိုင်မှာ လာစားရင်း အကြောင်းရှိလို့ ခဏရှောင်နေတာ ပေါ့၊ ခင်ဗျားကရော"

"ကျွန်မလည်း ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့ရှင်"

"ကြွေးရှင်နဲ့ တိုးနေတာ ထင်တယ်"

"ရှင်သာ ကြွေးရှင်နဲ့တိုး၊ ကျွန်မက သူများဆီက အကြွေး ယူရမဲ့ လူတန်းစားမျိုး မဟုတ်ဘူး"

အရေးထဲ ပုန်းရင်းခိုရင်း နှစ်ယောက်သား ကျိတ်ရန် ဖြစ်နေသေးသည်။

မဖြစ်လို့လည်း မရဘူးလေ။ ပန်းစကားက နောက်ကို ဆုတ်ရင်းဆုတ်ရင်း၊ တစ်ဖက်က ဆက်ကောင်းကလည်း သူ ပုန်းရှောင်သူ မတွေ့ရအောင် နောက်ကို ဆုတ်ရင်း ဆောင့်ကြောင့် ထိုင်လျက် အနေအထားနဲ့ ကျောချင်းဝင်ဆောင့်မိကြတာကိုး။





ဒီနေရာမှာ ကိုယ့်လို အဖြစ်မျိုးနဲ့ တိုးပြီး ကိုယ့်လို အလုပ်မျိုး လုပ်မည့်သူ နောက်တစ်ယောက် ရှိနေတာဟာ အလွန်အံ့သြဖွယ်ကောင်းသည့် ကြုံကြိုက်တိုက်ဆိုင်မှုမျိုးပဲ။

ဒါမျိုးအဖြစ်ဟာ ဗီဒီယိုကားတွေထဲမှာ ဟာသသရုပ် ဆောင်တွေ လုပ်ပြလေ့ရှိသော ဇာတ်ကွက်မျိုး။ မင်းသား မင်းသမီး တွေ သရုပ်ဆောင်လေ့မရှိ။

"ရှင်ဟာလေ ... ကိုယ့်အကြောင်းနဲ့ကိုယ်ဆိုလည်း တခြား သွားပုန်းပါလား၊ ပုန်းစရာရှားလို့"

"ရှူး ... တိုးတိုးကွ တိုးတိုး၊ ငါ လူမြင်မခံနိုင်လို့ ပုန်းနေ တာ၊ မင်း လုပ်တာနဲ့ ငါ့ကို တွေ့သွားတော့မှာပဲ"

"ရှင့် ကြည့်ရတာ သူခိုးနဲ့ တူတယ်၊ အိမ်နောက်ဖေးလမ်း ကြားက ဝင်ပြီး ပစ္စည်းတွေကို ဝါးလုံးရှည်နဲ့ထိုးပြီး ခိုးတဲ့ စိန်တံချူ"

"မင်း ပုံစံကတော့ လူလိမ်နဲ့တူတယ်၊ ဟိုတလောက မှုခင်းသတင်းဂျာနယ်မှာပါတဲ့ စိန်တိုက်တစ်ခုမှာ စိန်တွေ လာလိမ်သွားတဲ့ မိန်းမပုံက မင်းနဲ့ ဆင်သလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ဦးနှောက်မရှိသည့် ယောကျ်ားပဲ။ တစ်ယောက်ကိုတစ်ယောက် သူခိုး၊ လူလိမ်အဖြစ်နဲ့ နှိမ်ချပြောကြတာတောင်မှ ပန်းစကားက သူ့ကို နှောက်ဖေးလမ်းကြားမှာ ထဘီ ရတ်သည့် စိန်တံချူအဖြစ် အနိမ့်ကျဆုံးခိုင်းနှိုင်းပြောပါလျက် သူကျတော့ ပန်းစကားကို စိန်တိုက်ကိုမှ ဝင်လိမ်သည့် အထက်တန်းစား လူလိမ်တဲ့။ လူလိမ်ဖြစ်ရတာတောင် စိန်ထည်ကိုမှ လိမ်သည့် ခပ်မြင့်မြင့် လူလိမ်ဆိုတော့ သိပ်မနစ်နာဘူးပေါ့။"

ဆက်ကောင်းကလည်း ပြောပြီးတော့မှ သူ့ဘက်က ညံ့ဖျင်းသွားမှုကို သဘောပေါက်လိုက်ကာ မျက်နှာကြီး ညိုသွားသည်။

"ရှင်နဲ့ စကားပြောနေရတာနဲ့ ဘာတွေ ဖြစ်ကုန်မှန်းတောင် မသိဘူး၊ ကိုကိုလ ဘယ်နားထိုင်သွားပါလိမ့်၊ ဟောတော့ ဒီရှေ့တည့်တည့်ကြီး ထွက်လိုက်တာနဲ့ တန်းတိုးတော့မှာပဲ"

နေလဇော်က မသိဘဲနဲ့ တိုက်ဆိုင်သွားတာလား၊ သိလို့ပဲ တမင်တကာ လုပ်လိုက်တလား မသိ။ ပန်းစကား ပုန်းအောင်းနေသည့် နေရာနဲ့ တည့်တည့်ကြီးမှာကို ထိုင်ချလိုက်တာ။





ပန်းစကား ခေါင်းပြူချောင်းသလိုပဲ ဆက်ကောင်းကလည်း ခိုးကြောင်ခိုးဝှက် ချောင်းကြည့်လိုက်ပါသည်။

အဲဒါမှ ဒုက္ခပဲ။ သူ မတွေ့ချင်လို့ ပုန်းရှောင်နေရသည့် မမမေမိုးထန်က သူ ပုန်းအောင်းနေသည့် နေရာတည့်တည့်ကြီးမှာ ဝင်ထိုင်လိုက်တာပါလား။

မေမိုးထန်ဆိုတာ အင်မတန် မာနကြီးပြီး စိတ်လည်း ထက်တဲ့မိန်းမ။ ဘယ်ယောကျ်ားလေးကမှ ချဉ်းကပ်မရနိုင်ပါလို့ နာမည်ကြီးတာမို့ အဆန်းအသစ်ဆို လက်တည့်စမ်းချင်သော ဆက်ကောင်းက သွားစထားတာ။

ဖြစ်ချင်တော့ ကြောင်းကျိုးတိုက်ဆိုင်ကာ မေးမိုးထန်က ဆက်ကောင်းကို ပြန်ကြိုက်ချင်သလိုလို၊ အဖြေပေးတော့မလိုလို ဖြစ်လာပါလေရော။

ဆက်ကောင်းဆိုသည့် ကောင်ကလည်း အတည်အတံ့ဆို ဘယ်တော့မှ မလိုလားတတ်သည့်လူမျိုး။ တကယ်တမ်း အဖြေရတော့မည်ဆိုတော့ မေမိုးထန်ကို သူ မချစ်။ တစ်သက်လုံး အခိုင်အမာ လက်တွဲသွားဖို့ ဘယ်လိုမှ စဉ်းစားမရနိုင်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြီးသော၊ မာနကြီးသော၊ ထက်မြက်သော၊ အသိုင်းအဝိုင်း တောင့်တင်းသော မေမိုးထန်နဲ့မှ ချစ်သူဖြစ်ရပြီ ဆိုလျှင်လည်း သူမလက်ထဲက လွတ်အောင် ဘယ်လိုမှ ရုန်းထွက်လို့ရမှာ မဟုတ်တော့တာ သေချာနေပြီ။ သူမမှသူမ တစ်သက်လုံး ရိုးမြေကျပေါင်းရတော့မည်။

ဒီလိုဆိုတော့ ချစ်သူဖြစ်ပြီးမှ ခက်ခဲစွာ ရှောင်ရှားရတာထက် ချစ်သူမဖြစ်ခင်ကတည်းက နောက်ဆုတ်ထားလိုက်တာက နှစ်ယောက်စလုံးအတွက် ပိုကောင်းပေမပေါ့။

ခက်နေတာက မေမိုးထန်လို မိန်းကလေးကို 'ခင်ဗျားကို ကျွန်တော် မချစ်တော့ဘူး၊ ကျွန်တော့်ကို အဖြေမပေးပါနဲ့တော့' လို့ တိုက်ရိုက်ကြီး သွားမပြောရဲတာပင်။ ဆက်ကောင်းမှ မဟုတ် ဘယ်ယောက်ျားလေးမှတော့ ဒီစကားမျိုး အားမနာလျှာမကျိုး သွားပြောရဲမှာတော့ မဟုတ်။ ထိုအခါ ဆက်ကောင်း အတွက် လုပ်စရာမှာ မေမိုးထန်ကို မတွေ့အောင် ရှောင်ဖို့ပဲ ရှိတော့လေသည်။

ပါးနပ်သော မေမိုးထန်လို မိန်းကလေးကတော့ နည်းနည်းလေး ရှောင်နေလိုက်ပြီဆိုရင်ပဲ အခြေအနေကို သဘောပေါက်မှာပင်။





ဒီအတွေးနဲ့ မေမိုးထန်ကို ဆက်ကောင်းက ရှောင်ခဲ့တာ တစ်ပတ်တိတိ ရှိပြီ။ အခုအချိန်ဟာ မေမိုးထန်နဲ့ ရင်ဆိုင်တွေ့ရမှာ မျက်နှာပူစရာ အကောင်းဆုံးအချိန်။ နည်းနည်းလောက်ထပ်ပြီး အနေဝေးသွားလျှင်တော့ မေမိုးထန်လည်း သွေးအေးသွားပြီး ဆက်ကောင်းလည်း မျက်နှာအပူရ သက်သာသွားတော့မည်။

ခုတော့ဖြင့် သူ့မှာ တည့်တည့်ကြီးတိုးနေရုံမက ပြေးလို့လည်းမရတော့။ ငါ့ကွာ။ ထိုင်လက်စအတိုင်း ဆက်ထိုင်ပြီး မမြင်ဟန်ဆောင်လိုက်မိ အကောင်းသား။ မေးမိုးထန်ကလည်း သူ့ဘက်က အနေစိမ်းသွားတာကို အကဲခတ်မိလိုက်တာနဲ့ ရှောင်တော့မှာပါပဲ။ ဆက်ကောင်းက ပုန်းလက်စအတိုင်း ဆက်ပဲ ပုန်းရကောင်းမလား၊ ထွက်ပဲ သွားတော့ရ ကောင်းမလား ဝေခွဲလို့ကို မရနိုင်။

တစ်ချိန်တည်းမှာပဲ ပန်းစကားကလည်း ဒီနေရာမှာ အမြတ်ကာတ်ဖွယ်ကောင်းလှသော လူတစ်ယောက်နဲ့ ကျောချင်းကပ်ပြီးတော့ပဲ ဆက်ထိုင်နေရမလား၊ ကိုယ့်ကို မြင်ချင်လည်း မြင်ပါစေတော့ဆိုသည့် သဘောနဲ့ ထွက်သွားရကောင်းမလား စဉ်းစားနေခိုက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းစကားအတွက်က သိပ်ကြာကြာ စဉ်းစားခွင့်မရ။ အခုမှ စားလို့သောက်လို့ ဝကာ ပတ်ဝန်းကျင်ကို အကဲခတ်ဖို့ သတိရသွားသော ခင်သဒ္ဒါက ဟိုလှည့် ဒီလှည့် ရှာဖွေနေပြီ။ ခဏနေလျှင် သူ့အသံပြကြီးနဲ့ တစ်ဆိုင်လုံးကြားလောက်အောင် စကား နာမည်ကို အော်ခေါ်တော့သည်။

ဆက်ကောင်းအတွက်မှာလည်း အဆင်ပြေလှသည် ရယ်လို့ မဟုတ်ရသေးပါ။

အကြောင်းသိသူစာချို့က 'ဖုန်းမင်းသား' လို့ ရွဲ့စောင်းနာမည်ပေးတာ ခံရလောက်အောင် ကိုယ်ကလည်း အမြဲပဲ ဖုန်းဆက်၊ ကိုယ် မဆက်လည်း တစ်ဖက်လူတွေက ဖုန်းဆက်တာကို အမြဲ ပြန်ပြေနေကျမို့ အခုလည်း ဆက်ကောင်းရဲ့ အိတ်ထဲက ဟဲန်းဖုန်းက မြည်လာပါပြီ။ ဖုန်းမြည်လာတာမှ သာတောင့်သာယာ အသံမျိုးတောင် မဟုတ်။

မနေ့ကမှ ဟဲန်းဖုန်းအသစ် လဲထားပြီး ဖုန်းမြည်သံကလည်း အသစ်စက်စက် ဖြစ်နေသောဖုန်းဟာ သရဲကားထဲက မကောင်းဆိုးဝါးတွေ ရယ်တဲ့အသံမျိုး 'ဝါးဟားဟား' ဆိုသည့် အသံကျယ်ကြီး ဖြစ်လို့နေသည်။





ဆိုင်ထဲရှိ လူကုန်မကြားလိုက် မရှိစေရ ထူးဆန်းလှသည့် အသံကြီး ကိုယ့်ထံက ပေါ်ထွက်လာပြီးမတော့ ဆက်ကောင်းတို့ ဘယ်လိုလုပ်ပြီးတော့များ ဆက်လက်ပုန်းအောင်းနေနိုင်ဦးတော့မှာလဲ။

ဆက်ကောင်းက စိတ်ပျက်လက်ပျက်နဲ့ ပုန်းအောင်းနေရာက ထ,ရပ်လိုက်သလို ပန်းစကားကလည်း သူမကို လိုက်ရှာနေပြီဖြစ်သော ခင်သဒ္ဒါကို ထပြီး လှလှပြလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ရှေ့က လာနေတာ"

"ဟုတ်တယ် ဆက်ကောင်းပဲလေ၊ စကားက သူ့ကို သိတယ် ဟုတ်လား"

'စိန်တံချူ'လို့ ကိုယ့်ဘာသာ နာမည်ပြောင် မှည့်ပေးလိုက်ပြီဖြစ်သော ဆက်ကောင်းကို ပန်းစကားက နာမည်ရင်း မသိပါ။ သို့သော် 'ဆက်ကောင်း'ဆိုသည့် နာမည်ကိုကျတော့လည်း သူငယ်ချင်းတချို့ ပြောပြောနေသည့် စကားတွေထဲက တစ်စွန်းတစ်စ ကြားဖူးနေပြန်ပါသည်။

ကိုယ် သိထားတဲ့သူနဲ့ ကိုယ့်နာမည် ကြားဖူးထားတဲ့ သူဟာ တစ်ယောက်တည်းပဲ ဆိုတာတော့ အခုမှပဲ သိရတာလေ။





သိသိချင်းပဲ မုန့်ဆိုင်မှာတုန်းက ပုန်းရင်းကွယ်ရင်း သိခဲ့ရသည့် စိန်တံချူရဲ့ ပုံစံမှာ ကြားဖူးနားဝရှိနေသည့် ဆက်ကောင်းရဲ့ ပုံစံနဲ့တော့ ကွက်တိပဲဟု ပန်းစကားက တွေးလိုက်မိသည်။

"မသိပါဘူး"

"မသိဘူးဆိုရင် ဘာလို့ သူ့ကို မြင်တာနဲ့ အာမေဋိတ်သံ ထွက်ပြီး ဝမ်းသာအားရပုံစံကြီး ဖြစ်သွားရတာလဲ"

အဲတော်။ မှားပြီ၊ မှားပြီ။

ယောက်ျားတွေများ မနာလိုဝန်တိုစိတ် ဖုံးလွှမ်းလာပြီဆိုလျှင် အမှန်ကို အမှန်အတိုင်း မမြင်တတ်တော့။

ဆက်ကောင်းကို မြင်တော့ ကိုယ်နဲ့တစ်ခါဆုံဖူး (ရုပ်ပျက်ဆွင်းပျက်ကြီး)သည့် လူတစ်ယောက်ကို ပြန်တွေ့ရတာမို့ အာမေဋိတ်သံ ထွက်မိတာ။ သို့သော် ဝမ်းသာအားရပုံစံကား လုံးဝ မဟုတ်တာ သိပ်ကို သေချာပေသည်။

ဒါကိုများ သူ့မျက်လုံးထဲမှာ ပန်းစကားရဲ့ ပုံစံက 'ဝမ်းသာအားရပုံစံ'ကြီး ဖြစ်ရပါသတဲ့။ ဒါဟာ ပန်းစကားအဖို့အံ



www.burmeseclassic.com

www.burmeseclassic.com



တညြဖြစ်သွားသည့် လူက ယောက်ျားလေးတစ်ယောက် ဖြစ်နေလို့ သူ့ မျက်စိထဲ အမှားမြင်တာ။ အခု တွေ့နေရသူဟာ မိန်းမတစ်ယောက်၊ ဒါမှမဟုတ် ချာတိတ်လေးတစ်ယောက်၊ ဒါမှ မဟုတ် အဘိုးကြီးတစ်ယောက်သာဆိုလျှင် 'ဝမ်းသာအားရပုံစံ' ဆိုသည့် မှတ်ချက်ကြီးပါလာမှာမဟုတ်။ ဒီတော့ သူရဲ့ အမြင်နဲ့ ဆုံးဖြတ်ချက်ကြီးဟာ ဘက်လိုက်ပြီး မတရား စွပ်စွဲတာမျိုး ပါမနေပေဘူးလား။

"ဘယ်သူက ဝမ်းသာလို့လဲ၊ သူ့ဆီမှာ ကိုယ့်အကြွေးပေးထားတာလည်းမဟုတ်၊ ထိပေါက်တာကို လာအကြောင်းကြားမဲ့ ထီရောင်းတဲ့သူလည်း မဟုတ်၊ အမွေပေးမဲ့ သေကာနီး ဘကြီးလည်း မဟုတ်"

"တခြားနည်းနဲ့ ဝမ်းသာစရာတွေလည်း ရှိဦးမှာပါ"

ပန်းစကားက တော်အောင်ကျော့်ကို မျက်စောင်းပြူးပြူးကြီးထိုးကာ ကြည့်လိုက်သည်။ (ဒီနေရာမှာ မျက်စောင်းနောက်က 'ပြူးပြူးကြီး' ဆိုသည့် ဝိသေသ ထည့်သုံးလိုက်ရတာ အကြောင်းမဲ့ မဟုတ်။ ပန်းစကားရဲ့ မျက်လုံးတို့က နဂိုကတည်းက





ပြူးသည့်အပြင် မျက်စောင်းထိုးခြင်း အတတ်ပညာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် မရှိရလေကား ပန်းစကားမို့ မျက်စောင်းထိုးလျှင် မျက်လုံးကြီးပြူးပြတာနဲ့သာ တူနေလို့ပဲဖြစ်သည်။)

တော်အောင်ကျော် ... တော်အောင်ကျော်။ နာမည်ကိုက သူ့ဟာနဲ့သူ အကောင်းစား အပျံစားစာလုံးတွေ ယူသုံးထားပြီး၊ အဝတ်အစား အသုံးအဆောင်ပစ္စည်းတွေကအစ တစ်ကိုယ်လုံး ပျံလန်နေအောင် သုံးစွဲထားပေမဲ့ စိတ်ဓာတ်ကတော့ ညံ့ဖျင်းလှပါလား။

မနာလိုဝန်တိုတဲ့စိတ်၊ ကြောင်းကျိုးမဆင်ခြင်ဘဲ စိတ်ထင်ရာ စွတ်ပြောတတ်တဲ့စိတ်၊ သဘောထားသေးနုပ်တဲ့စိတ်။ နောက်ပြီး ကိုယ့်အခြေအနေကို အရှိအတိုင်းထက် ပိုပြီး အထင်ကြီးတတ်တဲ့စိတ်။

သူနဲ့စကားက ခုထက်ထိ သူငယ်ချင်းအဆင့်ထက် ပိုပြီး ဘာမှ ပတ်သက်သေးတာမဟုတ်။ နှစ်ဖက်လူကြီးတွေကလည်း မင်းသားနဲ့ ငါ့သမီးဆို မကောင်းဘူးလား ဘာညာ အပျော်သဘော ပြောကြဆိုကြရုံရှိတာ။



www.burmeseclassic.com

www.burmeseclassic.com



စကားဘက်က မဆိုထားနဲ့ တော်အောင်ကျော်ဘက်ကတောင် ချစ်ပါတယ် ကြိုက်ပါတယ်ဆိုတာတွေ မလာသေး။ သူ့ဟာနဲ့သူတောင် တကယ်ကြိုက် မကြိုက် မသေချာလို့ တရားဝင် ဖွင့်မပြောရသေးတဲ့ဟာ၊ ဒါကိုပဲ စကားက သူ့ရည်းစားလိုလို၊ စကား ဘာလုပ်လုပ် သူ့မှာ စွက်ဖက်ပါဝင်ခွင့် ရှိသလိုလို၊ သူကပဲ သဝန်တိုချင်သလိုလို။

"တခြားအကြောင်းကြောင့် ဝမ်းသာတယ်ဆိုရင်လည်း ဖြစ်လို့ရတာပဲလေ၊ စကားလည်း လွတ်လပ်တဲ့ မိန်းကလေး သူလည်း လွတ်လပ်တဲ့ ယောကျ်ားလေး မဖြစ်သင့်တာမှ မရှိတာ"

တော်အောင်ကျော့် မျက်နှာကြီးက ကားတက်ကြိတ်သွားသော ခရမ်းချဉ်သီးပုပ်ကြီးလို နီညစ်ညစ်၊ ပုပ်အဲ့အဲ့၊ ပြားချပ်ချပ်ကြီး ဖြစ်သွားကာ ...

"လွတ်လပ်တဲ့ ယောကျ်ားလေးပဲဆိုပြီးတော့များ ဆက်ကောင်းကိုတော့ သွားမပတ်သက်လိုက်ပါနဲ့၊ အဲဒီကောင်က လွတ်လပ်လွန်းနေတာ၊ ရည်းစားများ ထားလိုက်တာ





မှိုလိုပေါက်၊ ဟိုနားတစ်ယောက် နည်းနည်း ကျော်သွားတာနဲ့ နောက်တစ်ယောက်၊ ဟိုလမ်းထောင့်ချိုးတာနဲ့ နောက်ထပ်တစ်ယောက်၊ သူ့ဟာနဲ့သူတောင် အရှုပ်လွန်းပြီး ဖြေမရဖြစ်နေတာ"

"အဲဒီတော့ ဘာဖြစ်လဲ"

"စကား သူနဲ့သွားပတ်သက်ရင် နံပါတ်စဉ်တောင် အတည်တကျ မရမှာစိုးလို့ ပြောနေတာ"

"နံပါတ်စဉ်များ မလိုပါဘူး၊ နောက်ပိတ်ဆုံးပို့ တပ်လိုက်ရင်လည်း ရတာပဲ"

"အောင်မယ် ... မယ် ... စကားတောင် ဒီလိုတွေးတတ်တယ် ဟုတ်လား၊ ဆက်ကောင်းနဲ့ ပတ်သက်ဖူးတဲ့ မိန်းကလေးအတော်များများ ဒီလိုတွေးတတ်ကြလွန်းလို့ ငါက အံ့သြတာ"

တော်အောင်ကျော်က ဘာမှ မဖြစ်သလို ဟန်ဆောင်ပြီး ခပ်ပေါ့ပေါ့လေး ပြောနေရသော်လည်း သူ့မျက်နှာကြီးက တအိအိ ပုပ်ပွဲကျလာတာက သိသာထင်ရှားနေပြီ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ငိုသံပါ အသံတုန်ကြီး။ ဟီ ဟိ။ စကားကိုများ အထင်သေး လို့။

သို့သော် သူ ထင်ရာမြင်ရာတွေ ပြောနေတိုင်း ကိုယ်က လိုက်ပြီး ရွဲ့နေလို့လည်း မဖြစ်သေးပါ။ တော်အောင် ကျော်ဆိုသည့် ကောင်က ဦးနှောက်သိပ်ရှိတာ မဟုတ်။ ရွဲ့ပြော နေတာတွေကိုလည်း တကယ်မှတ်ပြီး တော်ကြာ ပန်းစကားက ဆက်ကောင်းကို ကျိတ်ကြိုက်နေပါသလေး ဘာလေး လျှောက်ဖွ နေမှ ဒုက္ခရောက်မည်။

"တော်လောက်ပြီ တော်တော်၊ ငါက နင့်ကို အမြင်ကတ်လို့ လျှောက်ပြောနေတာ၊ တကယ် အဟုတ်မှတ်မနေနဲ့"

ပန်းစကားက ပြန်ဖြေလိုက်ပေမဲ့ တော်အောင်ကျော်က သိပ်ယုံကြည်သေးပုံမရပါ။ ပထမပြောသည့် စကားတွေက တကယ်ဖြစ်ပြီး မကောင်းတတ်လို့ နောက်မှ လိုက်ဖာထေးနေရတာများ ဖြစ်နေမလားလို့ အကဲတခတ်ခတ်နဲ့ ရှိနေလေသည်။

❧ ❦ ❧





"ဆက် ... ကြည့်စမ်း"

ကေသရီဆီက အသံထွက်လာတာနဲ့ ဆက်ကောင်းက ခွေးခြေသာသာ ပလတ်စတစ် ထိုင်ခုံပုလေးနှစ်လုံးကို ပူးကပ်ထားလိုက်လေသည်။

"ယော့ ... ဘာတွေလုပ်နေတာလဲ ကြည့်ပါဆို"

"ကေကေ ခိုင်းတာကို တစ်သဝေမတိမ်း လိုက်နာတာလေ"

"အာ ... ခေါင်းဖြင့်မော့မကြည့်ဘဲနဲ့ ခုံတွေပဲ ခေါင်းငုံ့ ရှေ့နေပြီး ဘာသူများခိုင်းတာကို လိုက်နာတာလဲ"

"ကေကေပဲ ဆက်ကြည့်ဆို"

"ကြည့်စမ်း ... စကားကို ကတ်ပြောတာ၊ ဆက် ဆိုတာ နာမည်ခေါ်လိုက်တာ၊ ကြည့်စမ်းဆိုတာက မျက်လုံးပြူးပြူး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေကို အစွမ်းကုန်ဖွင့်ပြီး ရှေ့က မြင်ကွင်းကို ကြည့်ခိုင်းတာ၊ ခုနှစ်လုံးပူးပြီး ဆက်ခိုင်းတာ မဟုတ်ဘူး"

"ဩော် ... ဟုတ်လား ... ဟဲ ဟဲ"

"ဘာ ဟဲ ဟဲလဲ၊ ဒီမျက်လုံးက ကောင်မလေးချောချော လှလှဆိုရင် တွေ့ပြီး မြင်ပြီးသားပဲ မဟုတ်လား"

"အထင်မလွဲစမ်းပါနဲ့ကွာ၊ ကိုယ်က ဟိုနားက ကောင်မလေး ဝတ်ထားတဲ့ အင်္ကျီလေး လှလို့ ကေကေ့ကို လက်ဆောင်ဝယ်ပေးရကောင်းမလားလို့ စဉ်းစားနေတာ"

ကေသရီက ဆက်ကောင်း ဘာပြောပြော အယုံအကြည် မရှိသည့်ပုံမျိုးနဲ့ သူမ ကြည့်နေရာကိုသာ ဆက်လက်ကြည့်မြဲကြည့်နေပြီး ...

"ဆက် တွေ့လား၊ ဟိုဘက်နှစ်ခုံကျော်မှာ ဂျော်ဒါနီအင်္ကျီ အဝါရောင်လေးနဲ့ တစ်ယောက်ဟာ"

"အင်း ... တွေ့တယ်၊ ဒါပေမဲ့ သေသေချာချာကြီးတော့ မဟုတ်ဘူး၊ ကြားထဲမှာ စားပွဲထိုးကောင်မလေး ကွယ်နေတာ"





"ထားတော့၊ တစ်ချိန်ကျ သူ ဒီဘက်လှည့်ချင် လှည့်လာမှာပေါ့၊ အဲဒီတော့မှကြည့်"

"အင်းပါ ... ကြည့်တာကထား၊ ဘာအကြောင်းရှိလို့ ပြနေရတာလဲ"

"သူပေါ့၊ ကေကေနဲ့ မတည့်ဘူး"

အာ ...။ မိန်းမတွေများ ဒုက္ခ။ သူတို့ အချင်းချင်းကြားမှာ မတည့်တာကိုများ ဘေးလူကို ဆွဲထည့်အဖော်စပ်နေရသေးသည်။

ကြည့်ရတာ ဆက်ကောင်းကပဲ အဲဒီဂျော်ဒါနီမလေးကို လက်သီးနဲ့ သွားထိုးစေချင်သေးသလား၊ ဒါမှမဟုတ် ငါ့ရည်းစားကို မျက်မွှေးထော် မော်လို့တောင် မကြည့်နဲ့လို့ သွားခြိမ်းခြောက်စေချင်သေးလားမသိ။

ဆက်ကောင်းက သိပ်စိတ်မဝင်စားသလို ငြိမ်သက်နေသောအခါ ကေသရီက မနေနိုင်မထိုင်နိုင် ဖြစ်လာကာ ...

"မေးဦးလေ ... ဘာဖြစ်လို့ မတည့်တာလဲလို့"

"ဩော် ... အင်း ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ... ဘာကိုပြောရမှာလဲ၊ ဆက်က ဘာမေးမှာမို့လို့လဲ"

"ဪ ... ကေကောပဲ ခုနက နမူနာမေးပြပြီးပြီ မဟုတ်လား၊ ကိုယ်က ထပ်မမေးတော့ဘဲ ကော်ပီလုပ်လိုက်တာလေ"

"တော်ပါ၊ သူ စိတ်ဝင်စားတာ မဟုတ်ဘူး၊ သိတယ်"

"စိတ်ဝင်စားတာတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ ကိုယ်က ယောကျာ်းကြီးတန်မဲ့ မိန်းကလေးတွေ ကိစ္စထဲ လိုက်ပြီး စပ်စပ်စုစု လုပ်ချင်ပါ့မလဲ"

"သူ စပ်စုချင်တဲ့နေရာကျတော့လည်း ဝင်စပ်စုတာပါပဲ၊ ကဲပါ ... သူ့ပြောနေရတာနဲ့ ကိုယ့်အကြောင်းတောင် မပြောရတော့ဘူး၊ အဲဒီ တစ်ယောက်ကလေ သိပ်စပ်စုပြီး အတင်းပြောသိပ်သန်တာတော့"

"ကေသရီ့ထက်တောင် သာသေးသလား"

အဲ ...။ မပြောဘူးလို့ စိတ်ကူးထားသည့်ကြားထဲက နှုတ်ဆော့ပြီး ပြောလိုက်မိပြန်ပြီ။ ရာဇဝတ်အိုး တုတ်နဲ့ထိုးသလို တော့ ဖြစ်ဦးတော့မှာပဲ။





ဆက်ကောင်းက စိတ်ပူသွားသော်လည်း ထစ်ခနဲ ရှိ စိတ်ကောက်တတ်လွန်းပြီး စိတ်ကောက်သလောက်လည်း ဗျစ်တောက်ဗျစ်တောက်သံ ညံတတ်လွန်းသော ကေသရီက ဒီတစ်ခါတော့ 'နေနှင့်ဦး' ဆိုသည့် အကြည့်မျိုးနဲ့ ကြည့်တာ သူ့စကားလမ်းကြောင်း ပျောက်သွားမှာ စိုးရိမ်စွာ ...

"ဘယ်လောက်များ အာချောင်လိုက်သလဲဆိုရင်လေ ကေကေ့ တစ်ကိုယ်လုံး အတုတွေချည်းပဲတဲ့၊ လျှောက်ပြောတာ၊ လျှောက်ပြောတာ၊ မယုံရင် အပ်နဲ့ထိုးကြည့်၊ သားရေကွင်းနဲ့ ပစ်ကြည့်တဲ့၊ သူမို့ ပြောရဲတယ်"

"ဟုတ်လား"

"ဘယ်က ဘာဟုတ်ရမှာလဲ"

"ဪ ... သူလျှောက်ပြောတာတွေ အဟုတ်လား တကယ်လား မေးတာ မဟုတ်ပါဘူး၊ အဲဒီမိန်းကလေးက တကယ်ပဲ ဒီလိုပြောတာလားလို့ ပြန်မေးတာပါ"

"တကယ်ပြောတာပေါ့၊ မိန်းကလေးချင်း အဲဒီလို ပြောတာ ကောင်းသလား ဆက်ရယ် နော် ... သူ့ကို ပြောရင်ကော သူ ကြိုက်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောကြည့်ပါလား"

"သူ ပြောတဲ့အတိုင်း ချွတ်စွပ်ကြီးတော့ လိုက်မပြောချင်ပါဘူး၊ အကြဲဉာဏ် တုံးတာကျပါတယ်၊ အကွက်ရတော့မှ တခြားတစ်မျိုး ပြောပစ်ရမယ်"

ဘာထူးသေးတော့လဲ။ ဟိုကျော်ဒါနီမလေးကိုသာ အပြစ် ပြောနေသော ကေသရီဟာ သူမ ကိုယ်တိုင်လည်း အခွင့်သာလျှင် အပြစ်ရှာပြီး အတင်းတုတ်မည့်သူ တစ်ယောက်ပဲ ဖြစ်နေသည်ပဲ။

"အဲဒါ ဆက်ကိုလည်း မှာထားရဦးမယ်၊ ဆက်ကတော့ ကေ့ရည်းစားနော်၊ အဲဒီတစ်ယောက်ကို တွေ့ရင်များ သွားဖြဲကြီးနဲ့ သွားငမ်းမနေနဲ့ဦး၊ ကေကေ သိက္ခာကျတယ်"

"အင်းပါကွာ"

"နောက်ပြီး လမ်းကြုံရင် သူ ဘာအမှားလုပ်သလဲ၊ အပြစ်ပြောစရာ ဘာရှိသလဲ ဆိုတာလည်း သတင်းနားထောင်ထား၊ ပြီးရင် ကေကေ့ကို ပြန်ပြောပြ"





"အင်း"

"မှတ်မိတယ်နော်၊ သြော် ... ဟိုမှာ ကြည့်ထား၊ စားပွဲထိုးဖယ်သွားတော့ တွေ့ရပြီ၊ သိပ်ကြီးလည်း ပြူးပြဲကြည့်မနေနဲ့ဦးနော်၊ တော်ကြာ ကေသရီ့ ရည်းစားက ကေသရီ့ဘေးထားပြီး သူ့ကို ပြူးပြဲကြည့်နေပါတယ်ဆိုပြီး လျှောက်ပြောလို့ကောင်းနေဦးမယ်"

ဆက်ကောင်းက ကေသရီ့ပြောနေပုံကို ရယ်ချင်ချင်နှင့်ပင် ကျော်ဒန်နီ အဝါရောင် ကောင်မလေးကို လှမ်းကြည့်လိုက်လျှင် ...

"သြော် ... သူလား"

"ဟယ် ... ဟယ် ... ဆက်က သူ့ကို သိနှင့်ပြီးပြီ ဟုတ်လား"

"သိတယ် ... အင်း ... သိတယ်ဆိုပေမဲ့ ဘယ်လို ပြောရမလဲ ရင်းနှီးတာ သိကျွမ်းတာ မဟုတ်ဘူးလေ၊ တစ်ခါပဲ အမှတ်မထင် ဆုံဖူးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါဆုံဖူးတာနဲ့ မှတ်မိနေတယ် ဟုတ်လား၊ ဆက်ပြောနေတဲ့ ပုံကြီးက တစ်ခါဆုံဖူးတယ် ဆိုပေမဲ့ တရင်းတနှီး မှတ်မှတ်ရရ ရှိနေတဲ့ပုံကြီး"

ခက်တော့တာပါပဲ။ မိန်းမတွေများ သံသယကလည်း များပါ့။

"ဆက်နော် ... တခြားကောင်မလေးတွေနဲ့ ဘာညာဘာညာ ဇာတ်လမ်းတွေကိုသာ သည်းခံချင်ခံမယ်၊ ပန်းစကားနဲ့ ဆိုရင်တော့ လုံးဝပဲ သိလား"

"သူ့နာမည်က ပန်းစကားတဲ့လား"

"ကြည့်စမ်း၊ ကြည့်စမ်း၊ ပြောနေဆိုနေတဲ့ ကြားကနေ နာမည်မှတ်နေပြန်ပြီ"

ဆက်ကောင်းက ကေသရီ ဆွေ့ဆွေ့ခုန် ဖြစ်ပျက်နေပုံကို ရယ်ချင်တာနဲ့ပဲ ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။

စိတ်ထဲကတော့ဟိုကောင်မလေးနာမည် 'ပန်းစကား' ဆိုတာကိုပဲ မှတ်မိအောင် ရေရွတ်ကြည့်နေသည်။





"အမှန်တော့ အန်တီဆွေရယ်၊ ပညာတတ် ဆိုတာလေး တစ်ခုနဲ့ ဘာလုပ်စားလို့ရမှာလဲနော်၊ ပညာတတ်တဲ့သူတွေ ဒီလောက်ရိုက်သတ်မကုန်အောင် ပေါများနေတာ ခြူးတစ်ပြားမှ မရှိဘဲ ငါ ပညာတတ်၊ ပညာတတ် ဆိုပြီး မာန်တက်ချင်နေလို့ ဘယ်ဖြစ်ပါ့မလဲ"

ဒေါ်ဆွေဆွေတင်က "အေးလေ ဟုတ်တာပေါ့"ဟု အားရပါးရ ထောက်ခံလိုက်ပြီးမှ နိုင်ငံခြားကနေ ဘွဲ့လွန်ယူပြီး ပြန်လာသည့် သူ့သားကြီးအတွက် အခုထက်တိုင်လည်း တမော့မော့ လုပ်နေမိဆဲပါလား ဆိုတာ ပြန်သတိရသွားလျက် ခပ်ငြိမ်ငြိမ် ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမီတို့ဘက်က ကျိုကျိုတက်အောင် ချမ်းသာတာ၊ ပိုက်ဆံ ချမ်းသာတယ်ဆိုပေမဲ့လည်း မာန်တက်မနေပါဘူး၊ ရိုးရိုးသားသား နှိမ်နှိမ်ချချပါပဲ၊ ဒါတောင် ကိုအောင်ဇော်တို့ဘက်က ဘာပြောသေးလဲဆိုတော့ နှိမ်ချမှာပေါ့တဲ့၊ သူတို့ တစ်မျိုးလုံးပေါင်းလို့တောင် အတန်းပညာဆယ်တန်းမှ မပြည့်တာကိုးတဲ့၊ သူတို့သားက မေမီ အဖေမျက်နှာနဲ့ ရာထူးကြီးကြီးရထားတာကိုများ အားမနာလေ၊ ပြောတတ်လိုက်တာ"

"အင်းပေါ့ ဟုတ်တာပေါ့"

သူကိုယ်တိုင် ဖူးစာဖက်ပေးထားသော စုံတွဲလေးတစ်တွဲရဲ့ အခြေအနေ ဘယ်လိုရှိသလဲလို့ မေးကြည့်လိုက်မိသော ဒေါ်ဆွေဆွေတင်ခမျာ အတင်းပြောချင်လွန်းလို့ တပြင်ပြင်ဖြစ်နေနှင့်ပြီးသား ပန်းစကားရဲ့ ပါးစပ်နဲ့ တည့်တည့်တိုးတော့သည်။

"မေမီတို့ဘက်ကလည်း သည်းခံရှာပါတယ် အန်တီဆွေရယ်၊ သူတို့ စိတ်ထဲမှာလည်း ကိုအောင်ဇော်ကို ရထားတာ အရတော်တယ်လို့ ထင်နေကြရှာတာကိုး၊ ဒါပေမဲ့ မိန်းက





လေးဘက်က သည်းခံတိုင်း ယောကျ်ားလေးဘက်က မတရား မပြောသင့်ဘူးပေါ့"

ဒေါ်ဆွေဆွေတင့် မျက်နှာက နားထောင်ရင်း စိတ်ညစ်သည့်ပုံပေါက်လာသည်။

မိန်းမဆိုသည့် လူတန်းစားမျိုးကလည်း ခက်သား။ အတင်းအဖျင်း ပြောရတာ ဝါသနာပါပေမဲ့ ထိုအတင်းကို ဦးဆောင်ပြောသူဟာ ကိုယ်ပဲ ဖြစ်ချင်သည်။ တခြားလူတစ်ယောက်က အဓိက ပြောသူနေရာ ယူထားသော စကားဝိုင်းမျိုးဆို ကြာရှည်သည်းခံပြီး ဝင်နွှဲမနေချင်။

တကယ်လို့သာ နောက်တစ်ယောက်နဲ့ တွေ့လို့ အောင်ဇော်နဲ့ မေမီတို့ အိမ်ထောင်ရေး အဆင်မပြေပုံအကြောင်း ပြောပြခွင့်ရမည်ဆိုလျှင်သော် ဒေါ်ဆွေဆွေတင်တို့ တက်ကြွစိတ်ထက်သန်လာပါလိမ့်မည်။

"ကဲ ... ကဲ .... စကားပြောလို့တော့ ကောင်းတယ်၊ ဒါပေမဲ့ အန်တီ သွားစရာရှိသေးတယ် သမီးရယ်၊ သမီး စကားပြောချင်ရင် သမီးနဲ့ပြော ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆွေဆွေတင် တစ်ယောက် သူသိချင်တာ သိခွင့်ရလိုက်ပြီမို့ ကျေနပ်ပြီး ရှောင်သွားပြီဆိုတာ ပန်းစကားက သိလိုက်သည်။

ဒီတော့ရော ဘာဖြစ်သေးလဲ။ ဒီအိမ်မှာ အန်တီဆွေ တစ်ယောက်တည်း ရှိတာမှ မဟုတ်တာ။ အန်တီဆွေ့သမီး သုနန္ဒီလည်း ရှိသေးတာပဲ။ ပန်းစကားမှာ အန်တီဆွေ့အကြိုက် သတင်းတွေပါသလို မမသု စိတ်ဝင်စားလောက်သည့် သတင်းတွေလည်း ရှိသေးတာပဲ။

“မသု ... ဘယ်မှ မသွားဘူးလား”

“ဒီအချိန်ကြီး နေပူကပူနဲ့၊ ဘယ်လိုလုပ်ပြီး အပြင်ထွက်မှာလဲ၊ တစ်နေရာရာ သွားမိတယ်ဆိုလည်း တခြား ဘယ်မှ ထပ်ရွှေ့လို့မရဘဲ ဒီနေရာလေးတင် အောင်းနေရမှာ”

“စကားတို့ကတော့ အသားမည်းသော ဘာသော မရှောင်ဘူး၊ ထွက်တာပဲ”

“အပြင်များများထွက်မှ အတင်းပြောစရာအကြောင်းအရာများများနဲ့ မြန်မြန်ပြောနိုင်မှာ၊ ဟုတ်တယ် မဟုတ်လား”





သုနန္ဒီက ပြုံးစိစိကလေး နောက်လိုက်သည်။ အဲ... နောက်တာသက်သက်တော့မဟုတ်။ နှက်လိုက်သည့် သဘောလည်း ပါမှာပေါ့။

“ဟုတ်တယ်၊ စကားကလေ ဘာအကျင့်မှန်းကို မသိဘူး၊ ကိုယ် သိထားတဲ့ သတင်းထူးတစ်ခုရှိရင် တစ်ယောက်ကို တစ်ယောက်ကို အရမ်းပြန်ပြောပြချင်တာပဲ၊ ဒါကို အတင်းပြောတတ်တယ်လို့ နာမည်တပ်လည်းတတ်ပေါ့”

“စပ်လည်းစပ်စုပါသေးတယ်”

“ဟော် ... မသုကလည်း ကိုယ့်ညီမ ဂုဏ်ပုဒ်တွေ လူတိုင်း သိပြီးသားဟာကို လိုက်ဖော်ထုတ်နေရပြန်ပါပြီ”

“ဖော်ထုတ်တာ မဟုတ်ဘူး၊ အသုံးချချင်တာ”

“အသုံးချချင်တယ်၊ ဘာလဲ၊ မသု ဂျာနယ်တစ်စောင် ထုတ်ဖို့ အစီအစဉ်ရှိလို့လား၊ စကားကို ပါပရာဇီရာထူး ပေးတော့မယ်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွယ်၊ လူတစ်ယောက်အကြောင်းသိချင်လို့ပါ"

"လူတစ်ယောက် ! ... အဲတော် ထူးဆန်းလိုက်တာ၊ မသုက လူတစ်ယောက်တွေဘာတွေ ဖြစ်လာပြီလား ဘာလဲ မသု ရည်းစားလား"

"ရည်းစားတော့ မဟုတ်သေးပါဘူး"

"ဒါဖြင့် ပိုတင်နံ့ရှယ် ရည်းစားပေါ့"

"ဘာလဲ ပိုတင်နံ့ရှယ်ရည်းစားဆိုတာ"

"ပိုတင်နံ့ရှယ် ဆိုတာ ဖြစ်လာမဲ့ ဖြစ်ဖို့ရှိတဲ့ သဘောလေ၊ ဒီတော့ မကြာခင် ရည်းစားဖြစ်ဖို့ အခြေအနေရှိတဲ့သူလို့ အဓိပ္ပာယ်ရတာပေါ့"

"အေးပါဟယ်၊ အဲဒီသဘောမျိုးပဲ ထားပါတော့၊ ငါက သူ့ကို သဘောကျချင်သလိုလိုတော့ ရှိပါတယ်၊ သူ့အနေအထား အရည်အချင်း စိတ်သဘောထား အားလုံးကို လက်ခံနိုင်တယ်"





"လက်ခံနိုင်ရုံပဲလား၊ လက်ခံနိုင်ရုံ သင့်တော်ရုံဆိုရင်တော့ မသုမှာ ပေါပါတယ်၊ မဟုတ်ဘူးလား၊ အကောင်းစားအပျံစားတွေတောင် ဝိုင်းနေသေးတာ၊ အဲဒီလူတွေကိုတောင် မသုက လက်ခံစဉ်းစားခဲ့တာ၊ ဒီတစ်ယောက်ကျမှ ထူးထူးခြားခြား သိချင်တယ်၊ ဘာညာဆိုတော့"

"အဟင်း ... ဟုတ်တယ်ပဲ ထားလိုက်ပါတော့၊ မသု သူ့ကို စိတ်ဝင်စားတယ်"

"အဲဒီလို လုပ်စမ်းပါ"

"ကဲပါ ... သူ့ခိုးဖမ်းနေတာတွေ တော်ပြီ၊ အရေးကြီးတာ ဆက်ပြောရရင် မသုက အိမ်နဲ့အလုပ်ထဲပဲ ကူးသန်းနေတာများတော့ သူ့အကြောင်း သိပ်မသိဘူး၊ စကားက အပေါင်းအသင်းလည်း များတယ်၊ လျင်လည်း လျင်တော့ ကိုယ် သိချင်တဲ့ လူရဲ့အကြောင်းကို စုံစမ်းနိုင်တာပေါ့၊ အဲဒါကြောင့် စကားကို အကူအညီတောင်းရတာ"

"စကားက အဲဒီလူကြီးအကြောင်း စုံစမ်းထောက်လှမ်းပေးရမယ်ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ စကားက အားကိုးရမယ်ဆိုတာ မသု သိတယ်"

"အင်း ... ခိုင်းစရာရှိတော့ အားကိုးရတယ်ပေါ့လေ၊ ခိုင်းစရာမရှိပြန်တော့ အင်မတန် အတင်းပြောတဲ့ မိန်းမဆိုပြီး ကဲ့ရဲ့ဦးပေါ့"

"ကဲ့ရဲ့တဲ့အထဲတော့ မသု မပါပါဘူးကွယ်၊ တစ်ခါတလေ စကားကြောင့် အရှုပ်အထွေးတွေ ဖြစ်ရတဲ့ သတင်းကြားရင် မကြိုက်ဘူးပေါ့"

"ဒါပေမဲ့ စကားလိုလူမျိုးက မရှိမကောင်း ရှိမကောင်းပါ မသုရဲ့"

"လောလောဆယ်တော့ မသုအတွက် ရှိရင်ကောင်း ဖြစ်နေတာနော်၊ စကား; ကြိုးစားပေးမယ် မဟုတ်လား"

"ကြိုးစားပေးရမှာပေါ့၊ သူ့ကို စကား မြင်ဖူးအောင်သာ ပြပေးထား"

"တစ်နေ့နေ့ကျ စကားနဲ့ ခေါ်မိတ်ဆက်ပေးမယ်လေ"





"နေ နေ ... မိတ်ဆက်မပေးနဲ့ မိတ်ဆက်ပေးလိုက်ရင် သူ စကားကို သိသွားပြီး စကားရှေ့ဆို ငြိမ်ကုပ်နေတော့မှာ ပေါ့၊ စကားကို သူ မသိတော့မှ သူ နေချင်တဲ့ပုံစံအတိုင်း လွတ်လွတ်လပ်လပ် နေတော့မှာပေါ့"

"ဒါလည်း ဟုတ်တာပဲ"

မသု ... မသု။ ဒီလောက်ကလေးတောင် မတွေးတတ်ဘဲနဲ့များ ရည်းစားထားချင်သေးသတဲ့။ ဒီမသုတစ်ယောက်ကတော့ စကားသာ ကြိုးကြိုးစားစားနဲ့ ကူညီပြီး မစုံစမ်းပေးဘူးဆိုရင် ဆုံးဖြတ်ချက်အမှားတွေ ချမိတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျွန်တော် မဟုတ်ပါဘူး သုသုရယ်၊ တကယ်ပြောတာပါ၊ သူငယ်ချင်းတစ်ယောက်က ကျွန်တော်နဲ့ အလုံးအရပ် တော်တော်တူတာ၊ ပြီးတော့ သူက ကျွန်တော့်ကားကို အနိုင်ကျင့်ပြီး ယူယူစီးတတ်တော့ သုသု မှားတာဖြစ်မှာပါ"

အောင်မယ်လေး။ အမြှုပ်တစီစီ ထွက်လောက်အောင် တောင်းပန်နေလိုက်ရတာများ။

ကိုယ်က အတင်းလိုက်နေရဆဲမို့လို့ပေပဲနော်။ ရည်းစားဖြစ်တာလေး နည်းနည်းကြာလို့ ရိုးအီကာစ ဖြစ်လာတဲ့ အနေအထားဆိုရင် ဒီလောက် ဂျီဂျကျောင် ကျနေတာကိုများ အပင်ပန်းခံ ဖြေရှင်းမနေတော့ပါဘူး။





တကယ်ဗျာ။ ကြိုက်ဖူးသမျှ မိန်းမတွေထဲမှာတော့ အတော့်ကို သံသယစိတ်များပြီး စစ်စစ်ပေါက်ပေါက်လည်း တွေးတတ်တဲ့ မိန်းမ။ ကားထဲဝင်သွားတာကို ခပ်ဝေးဝေးက ရိပ်ခနဲ လှမ်းမြင်ရတောင် ဆက်ကောင်းပဲ ဖြစ်မည်ဆိုပြီး မှန်းကြည့်လိုက်နိုင်သေး။

"ကျွန်တော် ဝတ်နေကျ တီရှပ်အနီစင်း၊ ဟုတ်လား၊ အင်္ကျီကအစ မှတ်မိနေတယ်၊ ဒုက္ခပါပဲဗျာ"

တစ်ဖက်က ဝမ်းသာဖို့ ရှိတာကတော့ မရွှေချောဟာ ဆက်ကောင်းရဲ့ အင်္ကျီတွေကအစ မှတ်မိနေတယ်ဆိုတော့ ဆက်ကောင်းအပေါ် တော်တော် စိတ်ဝင်စားမှုရှိတယ်ဆိုသည့် သဘော ဖြစ်နေတာပင်။

"သူငယ်ချင်းက ကျွန်တော့်အဝတ်အစားတွေဆိုလည်း ကြိုက်ရင်ကြိုက်သလို ဆွဲလွဲဝတ်သွားတတ်တာ၊ တစ်ခါတလေ ကျွန်တော် မရှိတုန်း သူ့ဘာသာ ဗီရိုဖွင့်ပြီး မွှေနှောက်ယူဝတ်သွားတော့ ဘာယူဝတ်လို့ ဝတ်သွားမှန်းတောင် မသိလိုက်ရတာတွေ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က အသံခဏတိတ်သွားသည်။

စဉ်းစား မမ။ သေသေချာချာ စဉ်းစား။ ဆက်ကောင်း စကားဟာ ဘယ်လောက်အတိုင်းအတာအထိ ယုံနိုင်စရာ ရှိသလဲ ဆိုတာ အထပ်ထပ် အခါခါ စဉ်းစား။

"ထားပါတော့လေ၊ ကိုဆက်ကောင်း သူငယ်ချင်းတွေကို သုသုက အကုန်အစင်မသိထားဘူးဆိုတော့ ကိုဆက်ကောင်း ပြောတာကို ငြင်းလို့ဘယ်ရပါ့မလဲ၊ ဒါပေမဲ့ သတိပေးထားတယ်နော်၊ သုသုမှာလည်း မျက်စိတွေ နားတွေ ရှိတာပဲ၊ သတင်းတစ်ခုခု ကြားလို့ကတော့ အခု လက်ခံစဉ်းစားနေတာတွေ လုံးဝ ပြီးဆုံးသွားပြီပဲ"

"ဟုတ်ပါတယ်၊ သိပါတယ်၊ ကြောက်လည်း ကြောက်ပါတယ်၊ သုသု စိတ်ကြီးမှန်း ကျွန်တော် ကောင်းကောင်း သိတာပေါ့"

"စိတ်မကြီးရင်တော့ မကြောက်ဘူးပေါ့လေ"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ သုသု ကျွန်တော့်အပေါ် ငြိုငြင်မှာကို ကျွန်တော် တကယ်ပဲ ကြောက်တာပါ"





ဆက်ကောင်းက အလေးအနက်လေသံနဲ့ ပြောလိုက်တော့ တစ်ဖက်က ငြိမ်သွားသည်။ သိသားပဲ။ မိန်းကလေးတွေဆိုတာ ဘယ်လောက်ပဲ မာနကြီးကြီး သူတို့ကို ဂရုစိုက်ပြ၊ ကြောက်ပြတာတို့၊ လေသံပျော့လေးနဲ့ သနားစဖွယ် လုပ်ပြတာတို့ ဆိုရင် အရည်ပျော်ကျစရာပဲ။

မေမိုးထန်လို အခေါင်အဖျားရောက်အောင် မာနအလံတလူလူလွင့်နေသည့် မိန်းမမျိုးတောင်မှ ဆက်ကောင်းနဲ့ တွေ့တော့ အရည်ပျော်ကျလုဆဲဆဲ (ဒါတောင် အပူပေးနေသည့် မီးကို ငြိမ်းသတ်ပစ်လိုက်လို့။ ဆက်ပြီးတော့သာ အပူပေးနိုင်မည်ဆိုလျှင် အရည်ပျော်ကျရုံသာမက အငွေ့ပါပျံထွက်သွားလောက်ပြီ) အခြေအနေကို ရောက်ခဲ့ရသေးတာ။ သုသုကတော့ မေမိုးခေါင်လောက် မာနမကြီး။ အနေအေးကာ စိတ်ကြီးတာ၊ စိတ်ပြတ်တာလောက်ပဲရှိသည်။ ပိုလို့တောင် နှူးနှပ်လို့ကောင်းတာပေါ့။

"ဒါနဲ့ မနေ့က ကိုဆက်ကောင်း ဖုန်းကို ဆက်တာ ဆက်လို့လည်း မရဘူး၊ ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဖြတ်ခံထားရတာ ဟဲ ဟဲ ... သုံးရက်လောက်ရှိပြီ၊ ဖုန်းပြတ်နေတာ ကျွန်တော့်လိုလူ ဟဲန်းဖုန်းမဆက်ရတာ ဆေးသမား ဆေးပြတ်သလိုပဲ၊ အတော်အနေရအထိုင်ရခက်တာကိုး"

"ဘာဖြစ်လို့ အဖြတ်ခံထားရတာလဲ၊ ကောင်မလေးတွေနဲ့ တစ်နေကုန် ပြောနေလို့လား"

"ဘယ်ကလာ၊ ဖုန်းခ မသွင်းရသေးလို့"

"ဖုန်းခက ဘာဖြစ်လို့ မသွင်းရတာလဲ"

"များနေလို့ပေါ့၊ ဖုန်းဖိုးဘီလ်လာတဲ့အခါတိုင်း ကျွန်တော်နဲ့ ဖေဖေနဲ့ ရန်ဖြစ်ကြရတာ၊ အဖေက ဖုန်းဖိုးက သိပ်များတယ်၊ ဆောင်မပေးနိုင်ဘူးဆိုပြီး ပစ်ထားလိုက်ရင် ဆောင်ပေးမဲ့သူ ရှာမတွေ့မချင်း ဖုန်းပြတ်နေတာ"

"ဘယ်လောက်တောင် ကျလို့လဲ"

"ဒီတစ်လ သိပ်တောင်များတာ မဟုတ်ပါဘူး၊ နှစ်သိန်းပဲကျတာ"





"အယ် ... ဒီလောက်များတယ်၊ ကြောက်စရာကြီးပါလား၊ ဒီလောက်ဖိုးကျအောင် ဆက်ကောင်းက ဘယ်သူတွေနဲ့ ပြောနေတာလဲ၊ ကေ့ဒ္ဓကောင်မလေးတွေနဲ့ ပြောနေတာပဲ ဖြစ်ရမယ်"

မှန်လိုက်တာဗျာ။ ဒက်ထိကို ကွက်တိကို မှန်တော့တာပါပဲ။

သို့သော် အမှန်ကို အမှန်အတိုင်း ဝန်ခံလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်လေရကား။

"ကျွန်တော့်မှာ ပြောစရာကောင်မလေး သိပ်များများ မရှိပါဘူး၊ သူငယ်ချင်းတချို့ရယ်၊ ညီမဝမ်းကွဲ အစ်မဝမ်းကွဲတွေရယ်၊ အဒေါ်နဲ့ အဒေါ်အပေါင်းအသင်းတချို့ရယ်၊ မေမေ့ အလုပ်ထဲက ဝန်ထမ်းမိန်းကလေးတွေရယ်"

"တော်ပါပြီ၊ တော်ပါပြီ၊ ကိုဆက်ကောင်းမှာ ဖုန်းဆက်ရမဲ့ မိန်းကလေး မရှိပေလို့ပဲ၊ ရှိများသာရှိရင်တော့ မြန်မာတစ်ပြည်လုံးက မိန်းကလေးတွေ ကုန်မယ် ထင်တယ်"



www.burmeseclassic.com

"ကျွန်တော်က ကိုယ်နဲ့ဆက်သွယ်နေရတဲ့ မိန်းကလေးတွေကို မကျန်ရအောင် စာရင်းလုပ်ပြီး ပြောထားတာပါ၊ တော်ကြာ သူတို့တွေ ဖုန်းဆက်လာတုန်း သုသုနဲ့ တွေ့သွားရင် သက်ာမကင်း ဖြစ်နေမှာစိုးလို့"

"စိတ်ကို မဝင်စားဘူး"

"စိတ်တော့ ဝင်စားပါ သုသုရယ်၊ ကျွန်တော့်အကြောင်း အားလုံး နီးပါး သုသုကို အသိပေးထားချင်လို့ပါ၊ ကျွန်တော့်မှာ အကြောင်းတစ်ခုမဟုတ် တစ်ခုနဲ့ ပတ်သက်နေရတဲ့ မိန်းကလေးတွေတော့ ရှိတယ်ဆိုတာ သုသု သိထားရင် သတင်းတစ်ခုခု ကြားရတဲ့အခါ ချက်ချင်း လက်ငင်း ဆုံးဖြတ်ချက်အမှားတွေ ချလိုက်မိမှာစိုးလို့ပါ"

"ဒါက ဘာသဘောလဲ၊ ကိုယ့်အပြစ်တွေကို ကြိုပြီးကာကွယ်တဲ့ သဘောလား၊ တစ်ချိန်ချိန် ကိုဆက်ကောင်းကို ကောင်မလေးတစ်ယောက်နဲ့ ဘာညာ ဘာညာ သတင်းကြားလို့မေးရင် နဂိုကတည်းက ပြောထားသားပဲဆိုပြီး ဆွဲကာလိုက်ဖို့ပေါ့လေ"





"ကျွန်တော်က ခင်တတ် အားနာတတ်တော့ ပြီးတော့ နေရာတကာ စပ်စပ် စပ်စပ်လည်း ပါတတ်တော့ အပေါင်းအသင်းမိန်းကလေးတွေနဲ့ အထင်လွဲခံရတာမျိုးတွေက ရှိနေပါပြီ၊ ဘယ်သူ ဘာထင်ထင် ကျွန်တော်ကတော့ သိပ်ဂရုမစိုက်ခဲ့ပါဘူး၊ ဒါပေမဲ့ သုသုကျတော့ ဂရုစိုက်သွားမှာစိုးတယ်၊ ကြိုပြီး သတိပေးထားတဲ့ သဘောပါ၊ အပြစ်လုပ်မိလို့ ထွက်ပေါက်ရှာတာ မဟုတ်ပါဘူး"

"အင်းပေါ့လေ ... လောလောဆယ်တော့ ကိုဆက်ကောင်း ပြောသလိုပဲပေါ့"

ပြောနေပုံကတော့ သူမဟာ ယိပ်မကြာခင် အချိန်အတွင်းမှာ ဆက်ကောင်းအကြောင်း စုံစုံစေ့စေ့ ခိုင်ခိုင်မာမာ သိလာနိုင်မဲ့ အခွင့်အရေးတစ်ခုခု ရှိနေသလိုလို။

အင်တာနက်မှာများ 'ဆက်ကောင်း' ဆိုသည့် နာမည်ရဲ့ ဝက်ဘ်ဆိုက်တစ်ခု ရှိနေပြီလား။

ဖြစ်တော့ဖြစ်နိုင်သည်။ ဆက်ကောင်းကိုဆို နှစ်သက်လိုလားသည့် မိန်းကလေးတွေချည်းများသလို၊ အမြင်ကတ်ကြည့်

www.burmeseclassic.com



မရသည့် ယောက်ျားလေးတွေလည်း များလှတာ။ သူတို့ကောင်တွေ စုပြီး ချောတ်တွန်းလိုက်ကြလျှင် ဆက်ကောင်းတို့ ခေတ်မီမီလေး ချောက်ကျသွားနိုင်သည်။

ဒါမှမဟုတ်လည်း လေဒီဒိုင်ယာနာနောက် လိုက်ခဲ့ဖူးသည့် ပါပါရာဇီထဲက တစ်ယောက်ကိုများ သုသုက ငွေပုံပေးကာ အပိုင်ငှားထားလိုက်ပြီလား။

နောက်ထပ် ဖြစ်နိုင်တာတစ်ခုက အက်ဖ်ဘီအိုင်က အကြီးအကဲတစ်ယောက်ယောက်နဲ့များ သုသုဟာ ဆွေမျိုးရင်းချာတော်စပ်နေတာလား။

အိုး ... အဲဒါတွေမကလို့ သုသု ကိုယ်တိုင် အကြားအမြင်ရသူ ဖြစ်နေပါစေဦး ဆက်ကောင်းမှာက သုသု ယုံအောင် လှည့်ပတ်ပြောနိုင်သည့် အရည်အချင်းရှိသည်။ မယုံဘူးဆိုလျှင်တောင် ကိုယ့်အမှားကို ခပ်မြန်မြန်ဝန်ခံပြီး သနားအောင် ငိုပြလိုက်ရုံပေါ့။ မိန်းမသားတွေဟာ သနားတတ်ပြီး နူးညံ့ပျော့ပျောင်းသည့် 'မိခင်စိတ်' ဆိုတာ ရှိနေသမျှ ဆက်ကောင်းအတွက် ထွက်ပေါက်မရှိဘူးဆိုတာ မရှိစေရ။





တစ်ခုပဲရှိတာက သုသုဟာ တစ်ခါမှ ရည်းစားမထားဖူးသည့် မိန်းကလေးပီပီ သူမရဲ့ ရွေးချယ်မှု မှားယွင်းတိမ်းစောင်းသွားမှာကို တအားပဲ အစိုးရိမ်ကြီးနေတာ။ ဒါကြောင့် ဆက်ကောင်းတို့ အသည်းယားယားနဲ့ သည်းခံနေရတာ။

ဘာပဲဖြစ်ဖြစ် သတိဆိုတာ ပိုတယ်တော့မရှိ။ သုသုဆီက အဖြေမရမချင်းတော့ အနေအထိုင် ဆင်ခြင်ဦးမှ ဖြစ်တော့မှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဆက်ကောင်း ဘာလိုချင်ပြန်ပြီလဲ"

ယုဇနပလာဓာက သုနန္ဒီရဲ့ ဟဲန်းဖုန်းနဲ့ အကူပစ္စည်း အရောင်းဆိုင်ကို ဝင်လိုက်လေတိုင်း ဆက်ကောင်း ကြားနေကျ စကား။

'ဘာလိုချင်ပြန်ပြီလဲ'တဲ့။

ဘာလိုချင်လို့ပါလဲ ဆိုလျှင် ဖော်ဖော်ရွေရွေ ဖိတ်ခေါ်သည့်သဘော။ ဝယ်သူကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုသည့်သဘော။

အခု ဆက်ကောင်းကို ဆီးကြိုမေးလိုက်သည့် မေးခွန်းမျိုးကျတော့ လေသံအရရော 'ပြန်'တစ်လုံး အပိုထည့်ထားသည့် စိတ်မရှည်ပုံပေါ်သည့် စကားလုံးတွေအရရော သုသုဟာ ဆက်ကောင်း ရောက်လာလျှင် စိတ်ရှုပ်သည့်ပုံပေါက်နေသည်။





ဒါဟာ တကယ်ပဲလား၊ မိန်းမမာယာနဲ့ ဟန်ဆောင်တာလား။

ဟန်ဆောင်နေတယ် ဆိုရင်တော့ အတော်ပိရိသည်လို့ ပြောရမည်။ မိန်းမတွေရဲ့ အကြောင်း နှောကြေအောင် သိနေသည့် ဆက်ကောင်းတောင်မှ သုသုကို ကြည့်ပြီး သိပ်ခွဲခြားလို့ မရနိုင်။

"ဟဲန်းဖရီးတစ်ခုလောက် လိုချင်လို့"

"ရှိပြီးသား မဟုတ်လား"

"ရှိပြီးသားက ဟောင်းနေပြီ၊ အသံကောင်းကောင်း မကြားရချင်တော့ဘူး"

"ဟုတ်ရော ဟုတ်ရဲ့လား ကိုဆက်ကောင်းရယ်၊ သုသုဆိုင်ကို လာချင်တယ်ဆိုလည်း ဘာမှ မဝယ်ဘဲ အလည်အပတ်သဘောနဲ့ လာလို့ရပါတယ်၊ ဟိုဟာအကြောင်းပြ၊ ဒီဟာအကြောင်းပြနဲ့ ငွေကုန်ခံစရာ မလိုပါဘူး"

"တကယ်လိုလို့ပါဗျာ၊ တချို့ကားခရေဇီသမားတွေဆို သူတို့ကားကို ဟိုဟာတပ်၊ ဒီဟာတပ်နဲ့ ဒီဇိုင်းအမျိုးမျိုး ဆင်ရတာ ဝါသနာပါသလိုပဲ၊ ကျွန်တော်ကလည်း ကိုယ့်ဟဲန်းဖုန်းအေး



www.burmeseclassic.com

www.burmeseclassic.com



ကို အဆင်တန်ဆာစုံအောင် တပ်ပြီး သုံးရတာ ဝါသနာပါလို့ပါ"

"တစ်ခါတစ်ခါ သုသု ဆိုင်မှာ ရောင်းတဲ့ အဆက်စရိုးပစ္စည်းတွေ ဒီလောက်စုံသလားလို့ ကိုယ့်ဘာသာတောင် ပြန်ပြီး အံ့ဩရတယ်၊ ကိုဆက်ကောင်းတို့များ ဝယ်လို့လဲလို့ မဆုံးနိုင်တော့ဘူး"

"ရောင်းရတာပဲ ဗျာ၊ ဝမ်းမသာဘူးလား"

"မရိုးသားတဲ့ နည်းကြီးနဲ့ ရောင်းရတာတော့ ဝမ်းမသာနိုင်ပါဘူး၊ သူများ ပိုက်ဆံကိုလည်း မတရား မလိုချင်ဘူး"

"မဟုတ်သေးဘူးလေ၊ ပိုက်ဆံက ကျွန်တော် ကျေကျေနပ်နပ် ပေးတာပဲ၊ ပြီးတော့ အလကားယူတာလည်း မဟုတ်၊ အဲဒီပိုက်ဆံနဲ့ ထိုက်သင့်တဲ့ ပစ္စည်းကို ရောင်းလိုက်တာမျိုးပဲဟာ၊ ကျွန်တော် သုသုဆိုင်က လာဝယ်အောင် လိမ်ညာခေါ်တာမျိုးလဲ မရှိ"

"အို ... ဘာပဲဖြစ်ဖြစ် စိတ်ထဲက တစ်မျိုးကြီးတော့ တစ်မျိုးကြီးပဲ"





"ဒါဆို ကျွန်တော် နောက်တစ်ခါ ဖုန်းပစ္စည်းအသစ်လိုချင်တာတို့၊ လဲချင်တာတို့ ရှိရင် တခြားဆိုင်က သွားဝယ်ရမယ်ပေါ့ အဲဒီလိုလား"

"တကယ်လည်း လိုအပ်တယ်၊ သုသု ဆိုင်ကပစ္စည်းကိုလည်း တကယ်သဘောကျတယ်ဆိုရင်တော့ ဝယ်ပေါ့"

"ဒါဖြင့် တကယ်လည်း လိုအပ်တယ်၊ သုသုဆိုင်မှာရှိတဲ့ နားကြပ်ကိုလည်း ကြိုက်တယ်၊ ဈေးလည်း တတ်နိုင်တယ်ဆိုတော့ ကျွန်တော် ဝယ်လိုက်တော့မယ်နော်"

သုသုက နှုတ်ခမ်းလေးကိုက်၊ မျက်လုံးလေးပြူးပြီးတော့ ကြည့်သည်။ အိုက်တင်မများတတ်သည့် သုသုရဲ့ ဟန်ပန်လေးတွေဟာ အေးစက်စက်၊ ခပ်တောင့်တောင့်လေးတွေသာများလျက် အခုလို ကလေးဆန်ဆန် ချစ်စဖွယ်ကောင်းတာမျိုးလေးတွေကို မြင်ရခဲသည်။

"ဘာကြည့်နေတာလဲ၊ လူကို ပြူးပြဲပြီးတော့"

"ချစ်ဖို့ကောင်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမျိုး မပြောနဲ့၊ ဒီမှာ သုသုက အလုပ်ရှင်အနေနဲ့ နေတာ၊ ဆိုင်မှာ ဝန်ထမ်းကောင်မလေးတွေ ရှိတယ်၊ ဝယ်သူတွေရှိတယ်၊ ဆိုင်နီးနားမိတ်ဆွေတွေ ရှိတယ်၊ သူတို့ ရှေ့မှာ သုသုကို ဣန္ဒြေပျက်စေမဲ့ လူအထင်သေးစေမဲ့ စကားမျိုး မပြောပါနဲ့"

ဟိုက်ရှားဘား ...။ မျက်နှာတည်တည်ကြီးနဲ့ ဟောက်ထည့်လိုက်တာများ။

စောစောကရထားတဲ့ ကြည်နူးမှုလေးတောင် ဘယ်ကိုပျောက်သွားသလဲ မသိတော့ပါဘူး။

အပွဲပွဲနွှဲလာသမျှ သုသုတစ်ယောက်နဲ့ကျမှ ဆက်ကောင်းတို့ ကောင်းကောင်းကြီးကို ပုံစံအပေးခံနေရတော့တာပါပဲလား။

"ကဲ ... ထားပါတော့၊ ကိုဆက်ကောင်း လိုချင်တာက ဒါမဟုတ်လား၊ သူများကို ငါးထောင့်ငါးရာနဲ့ရောင်းတယ်၊ အချင်းချင်းတွေမို့ ငါးရာလျှော့ပေးလိုက်မယ်၊ ငါးထောင်နဲ့ ပဲယူ၊ နောက်ထပ် လိုချင်တာ ဘာရှိသေးလဲ တစ်ခါတည်း





ကြည့်သွား၊ တစ်ရက်နှစ်ရက်လောက်ကြာမှ နောက်တစ်ခါ ပြန်လာနေရဦးမယ်"

"တော်ပါပြီ၊ နောက်ထပ် လိုရင် တခြားဆိုင်ကပဲ ဝယ်လိုက်ပါတော့မယ်"

ဆက်ကောင်းက စိတ်ဆိုးသွားပုံနဲ့ ပြောလိုက်ပေမဲ့ သုသုက ဘာမှ မသိသလို ခပ်တည်တည်လေး လုပ်ကာ ပစ္စည်းကို ထုပ်ပိုးပေးပြီး တခြားပစ္စည်းတွေကို ပြန်သိမ်း၊ ကျသင့်ငွေကို ရေတွက်သိမ်းဆည်းစာရင်းသွင်း စသည်ဖြင့် ဆက်တိုက်သာ လှုပ်ရှားနေတော့သည်။

သုသု နောက်ထပ်တစ်ခုခုများ ပြောဦးမလားလို့ စောင့်နေမိသေးသော ဆက်ကောင်းမှာ တော်တော်ကြာလို့ ဘာလှုပ်ရှားမှုမှ မရှိတော့မှဘဲ တပ်ခေါက်ပြန်ခဲ့ရတော့သည်။

မိုးကောင်းတုန်းတော့ ရွာထားဦးပေါ့ကွာ။ ကိုယ်က အဲဖြေမပေးရခင် အချိန်ကလေးဟာ မိန်းကလေးတစ်ယောက်အတွက် တင်းလို့အကောင်းဆုံးအချိန်ဆိုတော့လည်း သည်းခံနေရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကောင်းက ပစ္စည်းထုပ်ကို ကောက်ကိုင်လျက် ဆိုင်ထဲက ထွက်လာခဲ့လိုက်သည်။ စိတ်ထဲ မခံချင်သလိုလို၊ အသည်းယားသလိုလို ခိုးလိုးခုလု ခံစားချက်တစ်ခုနှင့်မို့ ဆေားပတ်ဝန်းကျင်ကိုတောင် သေသေချာချာ မကြည့်မိ။

ခေါင်းငိုက်စိုက် ငိုက်စိုက်နဲ့ လျှောက်လာခဲ့လိုက်တာ တစ်စုံတစ်ယောက်နဲ့ ဝင်တိုက်မိတော့မလို ဖြစ်သွားတော့မှပဲ အသိစိတ်ဝင်တော့သည်။

"နမော်နမဲ့နဲ့ ဈေးထဲ လျှောက်နေတာများ ကိုယ့်အိမ်ပန်းခြံထဲ လျှောက်နေတယ် ထင်နေလားမသိဘူး"

အသံစာစာနှင့် ဗျစ်တောက်တောက် အပြစ်တင်သံကို ကြားဖူးပါတယ်ရယ်လို့ မော့ကြည့်လိုက်တော့ အောင်မယ်လေး ပန်းစကား ဆိုတဲ့ မမပါလား။

ဒီနေ့တော့ ကံမကောင်းဘူး ထင်ပါရဲ့။ ဒီနေ့ရာက ခပ်မြန်မြန်ထွက်ခွာမှပါပဲ။

❦





"စကား နည်းနည်း နောက်ကျသွားတယ်၊ အခုလေးတင်ပဲ သူ့ထွက်သွားတာ"

"သူ ! ... မသုရဲ့ တစ်ယောက်လား"

သုသု မျက်နှာက ရှက်စနိုးလိုလို ဖြစ်သွားပြီးကာမှ ...

"မသုရဲ့တစ်ယောက် မဟုတ်သေးပါဘူး"

"ဟုတ်ကာနီးပြီ မဟုတ်လား၊ ဆိုင်ကိုတောင် အလည်ရောက်နေပြီ ဆိုတော့ ..."

"အလည်လာတာတော့ မဟုတ်ပါဘူး၊ သူ့ဟဲန်းဖုန်းအတွက် နားကြပ်တစ်ခု လိုချင်လို့တဲ့၊ လာဝယ်သွားတာ၊ သူက ဒီလိုပဲ၊ ဟဲန်းဖုန်းတစ်ခု အရင်းပြုပြီး ဟိုပစ္စည်း လာဝယ်လိုက် ဒီပစ္စည်းလဲလိုက်နဲ့ ဆိုင်ကိုသုံးလေးရက်ခြား တစ်ခါလောက် လာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သူ့ခမျာ အချိန်ကုန်တင် မဟုတ်ဘူး ငွေကုန် ပါခံရရှာတာကိုး၊ ကြည့်ရတာ မသုရဲ့ အဖြေကို တော်တော် တန်ဖိုးထားပြီး လိုချင်နေရှာတယ် ထင်တယ်"

သုနန္ဒီရဲ့ မျက်နှာက မှန်ချပ်ပါးပါးအောက်က မာ ကျူရီမီးလုံး ခံထွန်းလိုက်သလို လင်းလက်ကြည်လင်လို့ သွား သည်။

မသု ...။ မသု။ ဒီလိုဆိုတော့ မသု ဘက်က သဘောထားဟာ ဘယ်လိုရှိသလဲ ဆိုတာ ထင်ရှားသိသာနေပြီပေါ့။

"နောက်တစ်ခါဆိုရင် အဲဒီတစ်ယောက်ကို ကြိုချိန်းထား ပြီး စကားက အနီးအနားမှာ ရပ်ကြည့်နေမယ်လေ၊ မသု ရယ် ... မျက်နှာကြီး ပုပ်မထားစမ်းပါနဲ့၊ တကယ်လို့ မသု အဖြေပေးချင်လှပြီ ဆိုရင်လည်း ပေးထားလိုက်တော့ပေါ့၊ နောက်မှ စကား လိုက်စုံစမ်းပေးမယ်လေ"

"အဲဒီအခါကျတော့ ငါ့ဘက်က အရှုံးဖြစ်နေပြီပေါ့ဟဲ့၊ ရည်းစားဖြစ်ပြီးမှ မကောင်းတာ သိရရင် အချိန်မီနောက် ဆုတ်နိုင်တာတောင် ရည်းစားပျက်ဖူးတယ်ဆိုတဲ့ နာမည် ကြီး တွင်ကျန်ရောပေါ့"





"ဒါဆိုလည်း ခဏသာစောင့် မသုရေ၊ ရည်းစားထားတာ များ ပျင်းစရာ ကောင်းမှကောင်း၊ စကားတောင် တော် အောင်ကျော်ကို အဖြေမပေးဘဲ ဆွဲထားတာ၊ ရည်းစားထား လိုက်မိရင် ခြေချုပ်မိသွားမှာစိုးလို့"

ပန်းစကားက မှသာဝါဒ ငါးဆယ်ရာခိုင်နှုန်းပါသော စကားကို ပြောလိုက်တာပါပဲ။

အမှန်က တော်အောင်ကျော်ကို အဖြေမပေးဘဲ ဆွဲ ထားတာ မဟုတ်။ တော်အောင်ကျော်က သူမကို ရည်းစားစကား ဖွင့်မပြောဖြစ်အောင် လှည့်ပတ်ရှောင်ရှားထားတာ။

ပန်းစကားနဲ့ တော်အောင်ကျော်က ငယ်ငယ်လေး တည်းက ရင်းနှီးခင်မင်လာခဲ့တာ။ လူကြီးချင်းကလည်း တကယ့် ကို အရင်းအချာတွေဆိုတော့ မပတ်သက်ဘဲ နေလို့မရသည့် သဘောလောက်မှာ ရှိသည်။ တကယ်လို့ တော်အောင်ကျော်က တရားဝင် ဖွင့်ပြောလိုက်လျှင် ပန်းစကားကလည်း တရားဝင် ငြင်းပယ်ရတော့မှာ။ အဲဒီအခါကျရင် လူရင်းတွေကြား မျက်နှာပူ စရာတွေ ဖြစ်လာနိုင်၍ပင်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ... ဟိုကဖြင့် သူ့ကို တစ်ချိန်ကျ အပိုင်ပဲဆိုတာ သိထားလို့ အသားလေး လွှတ်ပေးထားတာများ"

"မဟုတ်ပါဘူး၊ တော်အောင်ကျော့်များ စကားက စိတ်ကို မကူးသေးဘူး၊ ကိုကိုလ, ဆိုရင်မှ ဟုတ်တုတ်တုတ်"

"ဘာလဲ ... ကိုနေလဖော်လား၊ ဒါလည်း မဖြစ်ဘူးလေ၊ သူ့အမေကြီးက သူ့သားကို အရမ်းသဘောတူနေတဲ့ တစ်ယောက်ရှိတယ် မဟုတ်လား"

"သိတယ် ... မမေမိုးထန်၊ ဒါပေမဲ့ အစ်မကြီးက ငြင်းတာပဲဟာကို၊ အဲဒီအစ်မကြီးက ငရှုပ်လေး တစ်ယောက်ကို ကြိုက်နေတာတဲ့၊ ဟိုက သူ့ကို အိပ်မက်တွေ ပေးပြီးမှ အဖြေမတောင်းဘဲ ရှောင်သွားလို့ အခက်တွေ့နေတာ"

"နင်က ဘယ်လိုလုပ် သိတာလဲ"

"စကားလေ ... ပန်းစကားပဲဟာ၊ ဒီကိစ္စလောက်ကလေး သိတာ ဘာများဆန်းလို့လဲ၊ ပြီးတော့ ကိုကိုလ, အကြောင်းဆို ပိုတောင်သိနိုင်သေး"

"စကားက ကိုနေလဖော်ကို တကယ်သဘောကျတာလား၊ ဒါဆိုလည်း ပြောလေ၊ ကိုနေလဖော် အဒေါ်တစ်ယောက်





က မေမေနဲ့ ကျောက်မျက်ကုမ္ပဏီ တွဲဖွင့်ထားတာဆိုတော့ အရမ်းခင်ကြတာ၊ မေမေ့ဆီက စကားတစ်ခွန်းလောက် ထွက်ပေးလိုက်ရင် ကိုနေလဖော် အဒေါ်က တစ်ဆင့် သူ့အမေကြီးဆီ ရောက်သွားနိုင်တယ်၊ မသုကိုတောင် သူတို့က စကားစ,သေးတာ၊ မသုက ကိုနေလဖော် မာနကြီးတာကို သိပ်သဘောမကျလို့"

အောင်မယ်လေး။ စကား ဆိုတာ သူများ စပ်ပေးဟပ်ပေး၊ ထောက်ခံပေးမှပဲ ယောကျ်ားရတော့မဲ့ အပေါက်ပါလား။ နောက်ပြီး ကိုနေလဖော်လို လူမျိုးကိုများ မသုက သဘောမကျလို့ ငြင်းပယ်လိုက်ရသလိုလို ဘာလိုလို။

သူ ပြန်လက်ခံတော့မည့် သူကတော့ ဘယ်လိုများ ဖြစ်မလဲ။

စောင့်တော့ ကြည့်လိုက်ဦးမှ။



www.burmeseclassic.com

www.burmeseclassic.com



"သား ... ဒါက ဘယ်လဲ"

"မောင်မောင်တို့နဲ့ ချိန်းထားလို့ ဖေဖေ"

"မသွားနဲ့"

"မသွားလို့ မဖြစ်ဘူး ဖေဖေရ၊ အရေးကြီးကိစ္စ ရှိလို့"

"မင်းတို့ကောင်တွေ အရေးကြီးတယ် ဆိုတာများတော့ ယုံလောက်စရာ မရှိပေါင်ကွာ၊ ဘာလဲ ... အသစ်ဖွင့်တဲ့ လက်ဖက်ရည်ဆိုင်က အဖျော်လက်ရာ ကောင်း,မကောင်း လေ့လာဖို့လား၊ ဂိမ်းဆိုင်မှာ မနေ့က ရှုံးခဲ့တဲ့ အကြွေးကို ပြန်ဆပ်ဖို့လား၊ ဘီယာဆိုင်မှာ ကာရာအိုကေဆိုတဲ့ ကောင်မလေး လှ,မလှ သွားကြည့်ဖို့လား"





"မဟုတ်ပါဘူး အဖေရ၊ မောင်မောင့်အစ်ကို ကားအရောင်းအဝယ်လုပ်တာ အဖော်လိုက်သွားပေးဖို့ပါ၊ ပွဲခရမှာ အဖေရ"

ဦးမိုးကောင်း မျက်နှာကြီးက ရှုံ့မဲ့သွားကာ ...

"ပွဲခ ... ဟုတ်လား၊ မင်းတို့ လူဘယ်လောက် ခွဲယူကြရမှာလဲ၊ အလုပ်ဖြစ်ရင် ပွဲခက ဘယ်လောက်ရမှာမို့လဲ"

"ဟိုဘက်ကတော့ ဘယ်နှယောက် ပါမလဲ မသိဘူး၊ ကျွန်တော်တို့ဘက်ကတော့ ကျွန်တော် အပါအဝင်မှ ငါးယောက်ပါ"

"ငါးယောက် ... မင်းတို့က အဓိကလူလား"

"အဓိကတော့ ဘယ်ဟုတ်မလဲ၊ မောင်မောင့် အစ်ကိုက၊ သူ့အသိနဲ့ အပ်ထားတာပါ၊ ကျွန်တော်တို့ကို ခေါ်သွားတာက ကိုယ့်ဘက်ကလည်း စေ့စပ်ပြန်ရအောင် ပေးရတာတန်အောင်ပေါ့ အဖေရ"

"အေး ... မင်းပဲ စဉ်းစားကြည့်၊ ပွဲခရရင် ရောင်းသူနဲ့ ဝယ်သူဘက်က ပွဲစားတွေ တစ်ဝက်စီ ခွဲရမယ်၊ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ငါးယောက် ခွဲရမဲ့ ပိုက်ဆံဟာ စုစုပေါင်းရမဲ့ငွေရဲ့ တစ်ဝက်ပဲ ရှိတယ်၊ အဲဒီတစ်ဝက်ကိုမှ အဓိကပွဲစားက အနည်းဆုံး သုံးပုံတစ်ပုံတော့ ယူလိုက်မှာပဲ၊ ကျန်တဲ့နှစ်ပုံစာကို လူလေးယောက် ယူရမယ်၊ တစ်ယောက်ကို ဘယ်လောက်မှ မရဘူး၊ ဒီကိစ္စဖြစ်ဖို့ မင်း အကြိမ်ကြိမ် ဖုန်းဆက်ချိန်းနေတဲ့ ဖုန်းခ,လောက်ပဲ ရှိမယ်၊ အချိန်ကုန်တာနဲ့ လူပင်ပန်းတာနဲ့ မင်းကို ခိုင်းရမဲ့ အင်အားတွေ ဆုံးရှုံးတာနဲ့၊ မင်းပွဲခ သုံး,လေး,ငါးသောင်းရဖို့ ငါတို့က ပိုပြီးနစ်နာတယ်"

"အဖေကလည်းဗျာ၊ ကျွန်တော် ငွေမရှာတော့လည်း မရှာလို့၊ ရှာပြန်တော့လည်း မခိုင်းရတော့လို့"

"ဟေ့ကောင်၊ ငါ့စကားကိုဆွဲပြီး မင်း လိုရာမသုံးနဲ့၊ အခုပြောနေတာ မင်းကို မခိုင်းရလို့ အဓိက မဟုတ်ဘူးနော်၊ မင်းကို ဘယ်တုန်းကမှလဲ ဖြစ်ဖြစ်မြောက်မြောက် ခိုင်းလို့ရခဲ့တာ မဟုတ်ဘူး၊ ပြီးတော့ ဒီမရေမရာ အလုပ်က ငွေကိုလည်း ငါမမက်ဘူး"





ဦးမိုးကောင်းရဲ့ ဒေါသအရှိန်က တဖြည်းဖြည်းတက်လာသည်။ ဆက်ကောင်းကလည်း စိတ်ညစ်လှပြီ။ သားအဖနှစ်ယောက်ကြား ပြဿနာ ပိုပြီးကြီးထွားမလာခင် ဒေါ်ယဉ်ယဉ်ကပဲ ဝင်ပြီး ...

"အဖေကြီးကလည်း သားက ဒီအလုပ်ပဲ ဖောက်ချလုပ်မှာမှ မဟုတ်တာ၊ ကြုံတုန်း ဆုံတုန်း တစ်ခါတလေပဲဟာ၊ သူ ကျောင်းပြီးရင် ကျွန်မတို့ အလုပ်တစ်ခုခု စီစဉ်ပေးလို့ရတာပဲ၊ ကဲပါ ... အဲဒါတွေ ထားဦး၊ လောလောဆယ်အခုလို ဆူပူတားဆီးနေတာထက် ကိုယ်ခိုင်းချင်တဲ့ကိစ္စကို ခိုင်းလိုက်ရင် အခုဆို အလုပ်ပြီးလောက်ပြီ၊ သားလေးလည်း သူသွားချင်တဲ့နေရာ သွားလို့ရပြီ"

"အပိုတွေကွာ၊ ငါခိုင်းမဲ့ကိစ္စက ဒီလောက်မြန်မြန်နဲ့ ပြီးမတဲ့လားကွ"

"ဘာပဲဖြစ်ဖြစ် စကားအပိုတွေ ပြောနေတော့ အချိန်ပိုကုန်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး၊ မင်းတို့ သားအမိပဲ ကြည့်စီစဉ်တော့၊ ငါ ပြောလည်း ရမဲ့ဟာတွေမှ မဟုတ်တာ"

ဦးမိုးကောင်းက စိတ်ကြီးသူပီပီ စုန်းဒိုင်းဆို ထွက်သွားပြီ။ ဆက်ကောင်းက အမေဖြစ်သူကို မျက်လုံး ကလည်ကလည်နဲ့ ကြည့်လိုက်ကာ ...,

"အမေက ဘာခိုင်းမှာမို့လို့လဲဟင်"

"အစ်ကိုကြီး လာမှာမို့ ဘူတာရုံမှာ သွားကြိုခိုင်းမလို့"

အစ်ကိုကြီး ...။ မြတ်စွာဘုရား။

အမေ့မှာ အစ်ကို မရှိဘူးဆိုတော့ "အစ်ကိုကြီး"ဆိုသည့် အခေါ်အဝေါ်ဟာ လူတစ်ယောက်တည်းကိုပဲ ရည်ညွှန်းစရာရှိသည်။ အဲဒီလူကတော့ တခြားမဟုတ်။ အမေ့ရဲ့ အစ်ကိုအကြီးဆုံး ဦးမိုးမှောင်ပင်။

ကောင်းကင်တစ်ခုလုံး မိုးသားတိမ်တိုက်တွေ ပိန်းပိတ်အောင် ဖုံးလွှမ်းပြီး မှောင်မည်းနေခိုက်မှာ မွေးလာသည့်သားမို့ "မိုးမှောင်"ဟု နာမည်အပေးခံထားရသော ဘကြီးဟာ နာမည်နှင့်လည်း လိုက်ပါပေသည်။





အမြဲတမ်း မျက်မှောင်ကုတ်လျက် တစ်ခုခုကို မကျေနပ်သလို မျက်နှာကြီး ညိုမှောင်ကာ စိတ်တိုဒေါသထွက်နေလေ့ရှိသော (ဆက်ကောင်းရဲ့အဖေ ဦးမိုးကောင်း ဒေါသကြီးသည်ဆိုတာ သူ့အစ်ကိုနဲ့ ယှဉ်လိုက်တော့ အဖျားအနားလောက်ပဲ ရှိသေးသည်။) စိတ်တိုလာပြီဆိုလျှင် မိုးခြိမ်းသလို အသံကြီးနဲ့ ဒေါသအိုးတွေ တစ်လုံးပြီးတစ်လုံး ဖောက်ခွဲတတ်သော ဘကြီးမှောင်ကို ဆက်ကောင်းက သေမတတ် ကြောက်ရသည်။

လာမဲ့လာတော့လည်း အဘွားဖြစ်ဖြစ်၊ ဆက်ကောင်းကိုချစ်ပြီး အလိုလည်းလိုက်သော အဒေါ်ဖြစ်သူ ဒေါ်မိုးသည်းပဲ ဖြစ်ဖြစ်၊ ဖြစ်လိုက်ပါတော့လား။

"ဘကြီးမှောင် လာမှာ ... ဟုတ်လား၊ ဒုက္ခပါပဲ အမေရာ"

"အေး ... အဲဒီဒုက္ခက နောက်ထား၊ လောလောဆယ် သူ့ကိုကြိုဖို့ နောက်ကျသွားရင် လက်ငင်း ဒုက္ခရောက်မယ်၊ သွားလိုက်ဦး သားရဲ့၊ မင်းအဖေက အစည်းအဝေးသွားစရာ ရှိနေလို့"



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးကို ကြောက်ပေမဲ့လည်း သူ့ကြိုဖို့ကိစ္စ နောက် ကျသွားမှာက ပိုပြီးကြောက်စရာ ကောင်းတာမို့ ဆက်ကောင်းက ဘူတာရုံဆီ အမြန်ဆုံး ထွက်ခဲ့ရပါသည်။

တစ်လမ်းလုံး မောင်မောင့်ဆီ ဖုန်းဆက်ပြီး ချိန်း ထားသည့်ကိစ္စ ဖျက်လိုက်သည့်အကြောင်း ပြောဖို့ ကြိုးစားတာ လည်း မအောင်မြင်။

ဘူတာရုံထဲ ရောက်သည့်အထိ ဖုန်းကို တတောက် တောက်နှိပ်ပြီး ဆက်လာပါသော်လည်း ဖုန်းကမဝင်။

"ဘုတ်"

"အား"

စိတ်တိုတိုနှင့် ဖုန်းခလုတ်တွေကို သဲကြီးမဲကြီး လိုမ့်နှိပ်နေသော ဆက်ကောင်းရဲ့ ခြေထောက်ပေါ်သို့ (အလော တကြီး ထွက်လာရတာမို့ ခါတိုင်းလို ဝေါကင်းရှူးစ် စီးမထား ကြိုးပြားခပ်သေးသေးနဲ့ ဖွင်းထိုးဖိနပ်ပါးသာလျှင် စီးထားသည်။) လေးလံသော တစ်စုံတစ်ရာက ဘုတ်ခနဲ အသံပြုလျက် ပိကျလာ တာမို့ ဝက်ဝက်ကွဲ အော်သံကျယ်ကြီး ထွက်ပေါ်လာရလေသည်။





ဘာကြီးလဲ။ အလို ...။ သက်သောင့်သက်သာမှ မ ဟုတ်ပါပဲကလား။ အကွယ်အကာ သိပ်မရှိသော သနားစရာခြေ ထောက်ကလေး နာလည်းနာထိုက်ပါပေရဲ့။

ဆက်ကောင်းရဲ့ ခြေထောက်ပေါ် ကျလာသည့် ပစ္စည်းကား ကြီးမားလေးလံလှသော ခရီးဆောင် သားရေအိတ် ကြီးပင်။

ခရီးဆောင်အိတ် ဆိုသော်လည်း ခုခေတ် ဒီဇိုင်း လှလှ ခိုင်ခံ့သော်လည်း ပေါ့ပါးသည့်အိတ်မျိုး မဟုတ်။ ရှေးခေတ် ကတည်းကပေါ်သည့် နီညိုရောင် ဆိတ်သားရေအိတ်ကြီး။ လေး ထောင့်ကျကျ၊ ထူထဲကြီးမား ခိုင်ခံ့ပုံရသော အိတ်ကြီးဟာ အထဲ မှာ ဘာမှထည့်မထားဘဲ သူ့ချည်းသက်သက် ဆိုလျှင်တောင် အတော်လေးမည့်ပုံ ရတာ။ အခုကျတော့ အထဲမှာ ကျောက်တုံး တွေလား၊ သံချောင်းတွေလား မသိ (ကျောက်စိမ်းတုံးတွေ၊ ရွှေ တုံးတွေလို့တော့ မထင်ပါ။ အိတ်ကြီးရဲ့ထောင့်က စုတ်ဖွာကာ အနားတွေ ပြတ်သတ်နေတာကို ကြည့်ခြင်းအားဖြင့် အိတ်ထဲက ပစ္စည်းတွေဟာ အဖိုးတန်တွေ မဟုတ်နိုင်တာ သိသာသည်။) လေးလိုက်တာ ဝက်ဝက်ကို ကွဲရော။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကောင်းက အိတ်ကြီးကို အရင်ဆုံး လေ့လာ အကဲခတ်နေရတာနဲ့ပဲ အိတ်ပိုင်ရှင်ကို မော့မကြည့်နိုင်၊ ရန်လည်း မတွေ့နိုင်။ ဆက်ကောင်း ငြိမ်နေဆဲမှာပဲ လေးလွန်းလှသည့်အိတ်ကြီးကိုသယ်ဖို့ မနိုင်လို့ ခဏချပြီး နားလိုက်ရပုံပေါ်သော အိတ်ရှင်က သူ့အိတ်ကိုကောက်မ, (အိတ်ကြီးက လေးလွန်းတာမို့ မ, ယူလိုက်တာတောင် ကြမ်းပြင်ပေါ်က မလွတ်ဘဲ ခြေဖျားတွေကို ပွတ်ဆွဲသွားလိုက်မိသေးသည်။) ပြီး ထွက်ခွာဖို့ပြင်သည်။

ဒီတော့မှ ဆက်ကောင်းလည်း ရန်မတွေ့လိုက်ရဘဲ လွတ်သွားမှာ စိုးရိမ်စွာ ...

"ဟော့ ... ဒီမှာ ... ဒီမှာ ... ခင်ဗျားအိတ်ကြီးက ကျုပ်ခြေထောက်ကို ဖိမိသွား ... အဲ ..."

ဆက်ကောင်းထံမှ "အဲ"ခနဲ အာမေဋိတ်သံ ထွက်လာပြီး နောက်ထပ် ဘာသံမှ ပေါ်မလာတော့။

အိတ်လေးလေးကြီးကို ဒရွတ်တိုက် ဆွဲနေရသည့် ပန်းစကားကလည်း မျက်လုံးလေး ဝိုင်းလျက်သား။

"ရှင်ကိုး"

"ခင်ဗျားကိုး"





"ရှင်က ဘာတွေ သံကုန်ခြစ် အော်နေတာလဲ၊ ဘူတာရုံမှာ လူတွေ ဒီလိုပဲ အထုပ်အပိုးဆွဲပြီး သွားလာနေကြတာ တစ်ယောက်နဲ့ တစ်ယောက် မတိုက်မိအောင် ကြည့်ကျက်ပြီးတော့ ရှောက်ကြရတာပဲ"

"လူက ကြည့်လျှောက်ပေမဲ့ အိတ်က ကြည့်မလျှောက်လို့ ပြောတာပေါ့ဗျ၊ ကိုယ့်အိတ်ကြီးလည်း ကိုယ်ပြန်ကြည့်ဦး၊ လွန်ခဲ့တဲ့ အနှစ်ခြောက်ဆယ်လောက်က ဒီဇိုင်းကြီးနဲ့ လေးလိုက်တာလည်းအထဲမှာ သံတုံးတွေ ထည့်ထားတဲ့အတိုင်း အဲဒါကြီးနဲ့ တက်ကြိတ်တော့ ခြေထောက်ကျိုးပြီးပေါ့"

"ရှင့် မြေကြီးပေါ်မှာ မတ်တတ်ရပ်နေနိုင်သေးတာပဲ၊ ခြေထောက် ဘယ်ကျိုးမှာလဲ"

"ခြေထောက်ဆိုတာ ပေါင်ရိုး ခြေသလုံးရိုးတွေကို ပြောတာ မဟုတ်ဘူး၊ ခြေဖဝါးနဲ့ ခြေချောင်းက အရိုးသေးလေးတွေ ကျိုးတာလည်း အတူတူပဲ၊ ရွှန်းနီ ကျိုးသလိုပေါ့"

"အောင်မယ်လေး ... သူ့ကိုယ်သူများ ရွှန်းနီနဲ့ နှိုင်းရက်ပလေ၊ ဟိုကသာ ကြားရင် ဘောလုံးသမား ဘဝကနေ ရာသက်ပန် အနားယူသွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူတိုင်းက ကိုယ့်တန်ဖိုးနဲ့ ကိုယ်နေတာပါဗျ၊ အနိုင်းခံရလို့ နာစရာ မရှိပါဘူး၊ ရွှန်းနီက မန်ယူအသင်းနဲ့ အင်္ဂလန်ဘောလုံးအသင်းအတွက် မရှိမဖြစ် လိုအပ်သလို ကျွန်တော်ကလည်း ကောင်မလေးတွေအတွက် မရှိမဖြစ်ပါပဲ"

"တောက် ... အောက်တန်းကျလိုက်တာ"

ပန်းစကားက ပြောပြောဆိုဆို သူမရဲ့ နှစ်ချို့အိတ်ကြီး (ထိုအိတ်ကြီးမျိုးကို အဘွားရဲ့အိမ်မှာ တစ်လုံး၊ ပန်းစကားရဲ့ လက်ထဲကတစ်လုံး၊ စုစုပေါင်း နှစ်လုံးတည်းပဲ ဆက်ကောင်းက မြင်ဖူးလေသည်။)ကို ဒရွတ်ဆွဲလျက် ဆက်ထွက်သွားဖို့ပြင်သည်။

"ဟေ့ ... နေဦးလေ၊ ကျန်သေးတယ်"

"မကျန်ဘူး ... ဒါ နောက်ဆုံးအိတ်ပဲ"

"ပစ္စည်းကျန်ခဲ့တာကို ပြောတာ မဟုတ်ဘူး၊ ခင်ဗျား ကျွန်တော့်ကို တောင်းပန်ဖို့ ကျန်နေတယ်လို့ ပြောတာ"

"ဘာကို တောင်းပန်ရမှာလဲ"

"ဟ ... ခင်ဗျားပဲ ကျွန်တော့်ခြေထောက်ကို ဒီအိတ်စုတ်လေးလေးကြီး ..."



"တော်တော့ ... ရှင့် ဝိသေသတွေက ထပ်နေပြီ၊ ရှင်သိထားဖို့က ဒီအိတ်ကြီးနဲ့ ပတ်သက်လို့ အဓမ္မနာပ ပြောခြင်းအားဖြင့် ကျွန်မကို နှိပ်ကွပ်နိုင်လိမ့်မယ်လို့ မထင်နဲ့၊ ဒါ ကျွန်မအိတ် မဟုတ်ဘူး၊ သူများပစ္စည်းကို ကူသယ်ပေးနေတာ"

"လူမှုဝန်ထမ်းစိတ် ရှိတဲ့သဘောပေါ့၊ ကောင်းပါလေ့ဗျာ၊ ဒါဆို ကျွန်တော်လည်း ခြေထောက်နာသွားလို့ လမ်းမလျှောက်နိုင် ဖြစ်နေတယ်၊ ကားဆီရောက်အောင် တွဲခေါ်သွားပါလား"

"တောက်"

ပန်းစကားက ဒေါသဖြစ်ကာ တဖောင့်ဖောင့်နဲ့ ထွက်သွားသည်။ ဒေါသက ဘယ်လောက် အင်အားကြီးမားသလဲဆိုလျှင် စောစောက မနည်းသယ်နေသော အိတ်ကြီးဟာ သူမလက်ထဲမှာ ဝေါခနဲ လွင့်လျက်ပါသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ ကားရပ်လိုက်သည့်တိုင် ဆက်ကောင်းက ကားပေါ်က မဆင်းရဲ။

အိမ်ထဲဆိုလျှင် ပိုလို့တောင်မှ မဝင်ရဲ။

သူ့မှာ မျက်နှာပန်းမလှစရာ အကြောင်းက ပါလာခဲ့သည်လေ။

ဒေါသကြီးသည့် အဖေနဲ့ အဖေ့ထက် ပိုဒေါသကြီးသော ဘကြီးကို ကြောက်ရပါသည် ဆိုကာမှ နှစ်ယောက်စလုံးနဲ့ ထိပ်တိုက်တွေ့စရာ ဖြစ်လာခဲ့ပြီလေ။

အဖေက ဘကြီးကို ဘူတာရုံမှာ သွားကြိုခိုင်းသည်။ ဆက်ကောင်းက ဘကြီးကို ရှာမတွေ့ဘဲ တစ်ယောက်တည်း ပြန်လာရသည်။ ဘကြီးကို ကြိုမလာနိုင်လို့ အဖေက စိတ်ဝိုမှာဖြစ်





အလို သူ့ကို အချိန်မီလာမကြိုသည့်အတွက် ဘကြီးက ဒေါသူပုန် ထ,မည်။ ဘယ်ဘက်ကမှ သက်သာဖွယ်မရှိ။

ရှောင်လို့မလွတ်နိုင်မှန်း သိလျက်နှင့် ဆက်ကောင်းက ကားတံခါးကို အသာအယာပဲ အဖွင့်အပိတ်လုပ်ကာ အိမ်ထဲ တိတ်တိတ်လေးဝင်ဖို့ ကြိုးစားသည်။

သို့သော် အံ့သြဖွယ် ...။

ဖိနပ်ချွတ်ကနေ အိမ်ထဲလှေကားတစ်ထစ် နင်းတက်လိုက်တာနှင့် ဧည့်ခန်းထဲက "ဟော့ကောင်"ဆိုသည့် အသံကြီး ပေါ်ထွက်လာခဲ့သည်။

ပေါ်ထွက်လာသည့် အသံက အဖေ့အသံ တစ်ခုတည်းမဟုတ်။ နောက်ထပ် ယောကျာ်းကြီးတစ်ယောက်ရဲ့ အသံ ပါ,ပါသည်။

ဧည့်ခန်းထဲ ကြည့်လိုက်တော့ ဆက်ကောင်းရဲ့ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထောင်,ထသွားစေသည့် မြင်ကွင်းက ဆီးလို့ကြိုနေလေသည်။

ဘကြီးမှောင် ...။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မှ ဟုတ်ရဲ့လားလို့တောင် မယုံသင်္ကာဖြစ်မိပါရဲ့။

ဘကြီးမှောင်ဟာ ညှော်ခန်းဆိုဖာကြီးပေါ်မှာ မိန့်မိန့်ကြီး။ ခြေတစ်ချောင်းပေါ် တစ်ချောင်း ချိတ်တင်လျက် လက်နှစ်ဖက်ကိုပိုက်လျက် နှုတ်ခမ်းမွှေးကော့ကော့ ထောင်ထောင်ကြီးတွေနှင့် ကွမ်းတမြုံ့မြုံ့ ဝါးလျက်သားကြီးနှင့် သူ့ရဲ့မူပိုင်ဟန်အတိုင်း ...

"ဘကြီး ... ဘကြီးမှောင် ရောက်လာပြီ၊ ဟုတ်လား၊ ဘယ်တုန်းက ရောက်လာတာလဲ"

"မင်း လာကြိုသင့်တဲ့ အချိန်ကပဲပေါ့ကွ"

ရှူးသလို ပေါသလိုနဲ့ မျက်နှာလုပ်ဖို့ ပြင်သော ဆက်ကောင်းမှာ အနည်းငယ် တွန့်ရွံ့သွားရကာ ...

"ဟို ... ကျွန်တော် ဘူတာရုံမှာ သွားရှာတာ ခေါင်းကိုမူးနေတာပဲ၊ အဖေက သွားကြိုဖို့ခိုင်းတဲ့ အချိန်ကလည်း နည်းနည်းနောက်ကျနေတော့ ..."

"ဘာကွ ... ငါက ဘာလို့နောက်ကျခိုင်းရမှာလဲ၊ မင်း ဘူတာရုံသွားရင် ကြာမဲ့အချိန်နဲ့ ရထားဆိုက်မဲ့ အချိန်





ကွက်တိချိန်ပြီးတော့ ငါ လွှတ်တာပဲ၊ မင်းဘာသာ ကားထဲရောက်ပြီးမှ ဖုန်းလာလို့ ရပ်စကားပြောနေသေးတာ ဆယ့်ငါးမိနစ်လောက် ကြာတယ်လေ"

အဖေကတော့ သားအဖချင်း တော့ဖြုတ်နေပြီ။ အင်းလေ ...။ သူက အဖေဆိုတော့ အနိုင်နဲ့ပိုင်းခွင့် ရှိနေပေတာကိုး။

ပြောချင်တိုင်း ပြောခွင့်မရသည့် ဆက်ကောင်းမှာသာ ဘကြီးရဲ့မျက်လုံးပြူးကြီးကို ငုတ်တုတ် ရင်ဆိုင်ဖို့ပဲ ရှိတော့တာပါ။

"မင်းကို ငါ အလုပ်လေးတစ်ခုပဲ ခိုင်းတာ၊ မင်းက ဖြစ်အောင် မလုပ်နိုင်ဘူး၊ ဒီပုံစံနဲ့ မင်း ရှေ့ဆက် ဘယ်လိုလုပ်ပြီး လူဖြစ်တော့မလဲ"

"အဖေကလည်းဗျာ၊ ရထားစော်ဆိုက်သွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ကျွန်တော် ရောက်တော့ ဘူတာရုံမှာ လူတောင် သိပ်မရှင်းသေးပါဘူး၊ ကျွန်တော့်ခြေထောက်တောင် ခရီးဆောင်အိတ်နဲ့ တက်ကြိတ်ခံလိုက်ရသေးတယ်၊ ဒီမှာ လူသူရှင်းရှင်းလင်းလင်းဆိုရင် ဖြစ်ပါ့မလား အချင့်"



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကောင်းက ပွန်းရှနီရဲနေသော ခြေထောက်ကို ပါ ထိုးပြကာ သက်သေထူလိုက်သော်လည်း အဖေနဲ့ ဘကြီး နှစ်ယောက်စလုံးကတော့ ဂရုစိုက်ပုံ မပြဘဲ ...

"လူဆိုတာ တာဝန်ကျေအောင် လုပ်နိုင်စွမ်း ရှိရတယ်ကွ၊ ပြီးတော့ မင်းဘကြီးက ရန်ကုန်ကို လာခဲ့တာ၊ ရန်ကုန်ဆိုတာကလည်း ဒီလောက် အပြောင်းအလဲများတာ၊ တစ်ခေါက် တစ်ခေါက် ရောက်ရင် တစ်မျိုး တစ်မျိုး ပြောင်းသွားတာမျိုး၊ သူ တစ်ယောက်တည်းဆို ဘယ်လိုမှ မသွားတတ် မလာတတ်လောက်ဘူးလို့ မင်း သိဖို့ကောင်းတယ်"

"ဒါပေမဲ့ ဘကြီး အခု ရောက်လာပြီပဲ"

"ဒါကတော့ မင်းလိုမဟုတ်တဲ့ တာဝန်သိတတ်တဲ့ မိန်းကလေးတစ်ယောက်က လိုက်ပို့ပေးပေလို့ပေါ့ကွ၊ ကလေးမ, လေးက သွက်လက်ချက်ချာပြီး စေတနာလည်း ကောင်းလိုက်တာ လွန်ရော၊ မင်းနဲ့များတော့ တခြားစီ"

"တစ်ခါတလေ လမ်းကြုံလို့ ကူညီတာများ ကျွန်တော်လည်း ဒီလိုပဲ ကြုံရင် ကြုံသလို ကူညီတတ်ပါတယ် ဘကြီးရဲ့၊





နောက်တစ်ခါကျ စာအုပ်တစ်အုပ်ထားပြီး ကျွန်တော် ကူညီလိုက်တဲ့သူတွေကို လက်မှတ်ထိုးခိုင်းထားမယ်၊ ပြီးမှ ဘကြီးကို ပြမယ်"

"တခြားလူတွေကို ကူညီတာ အသာထား၊ ကိုယ့်ဘကြီး အရင်းခေါက်ခေါက်ကို အရင် သိတတ်ဦး၊ ဟိုကလေးမ, သာ ငါ့ကို တောကတက်လာတဲ့ မလည်မဝယ် အဘိုးကြီးဆိုပြီး သနားလို့ အိမ်ပို့မပေးဘူးဆိုရင် အခုလောက်ရှိ ငါ ဘူတာရုံမှာ တလည်လည် ဖြစ်နေလောက်ပြီ။

ဟော ... တွေ့ပြီ တရားခံ။

ဆက်ကောင်းက လက်ဖျောက်တစ်ချက် တီးလိုက်ကာ ...

"တွေ့ပြီ ... တွေ့ပြီ ... အကြောင်းရင်းကို ရှာတွေ့သွားပြီ၊ တကယ်တော့ ဘကြီးမှောင် ပြောတဲ့ မိန်းကလေး ဝင်ရှုပ်သွားတာ၊ သူက ဘကြီးမှောင်ကို အရင်ခေါ်ချသွားတော့ ကျွန်တော် ရောက်တဲ့အချိန်နဲ့ လွဲသွားတာပေါ့၊ တကယ်လို့ သူသာ ခေါ်မသွားဘူးဆိုရင် ကျွန်တော်လာ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ဘကြီးမှောင်ဟာ ဘူတာရုံမှာ ငုတ်တုတ်ထိုင်စောင့်နေတုန်းပဲ ရှိမယ်"

"ဟော့ ... မင်းရောက်လာမယ်လို့ ဘယ်လိုလုပ်ပြီး ပြောနိုင်မလဲကွ၊ ရထားဆိုက်တာလည်း ကြာပြီ၊ မင်း လာ,မလာကလည်း မသေချာ၊ မင်းတို့မြို့သား လူလည်တွေရဲ့ တက္ကစီကိုလည်း ငါက စီးရဲတာ မဟုတ်ဘူး၊ တော်ကြာ တက္ကစီသမား ဟန်ဆောင်ပြီး ခားမြဝတိုက်ရင် ငါ့မှာ မင်းအဘွား ဘဏ်မှာအပ်ခိုင်းလိုက်တဲ့ ရွှေထည် စိန်ထည်တွေ တမွေ့တစ်ပိုက်နဲ့ကွ"

"ဘကြီးမှောင်ကို ပြန်လိုက်ပို့ပေးမယ် ဆိုတဲ့ အမျိုးသမီးကကျတော့ လူဆိုးဓားပြ မဖြစ်နိုင်ဘူးလား"

"ဆက်ကောင်း ... မင်း လူကို မတွေ့ဖူးပဲနဲ့ ကြုံရာတွေ လျှောက်ပြောမနေနဲ့၊ ကလေးမ,လေးက ဒီလောက် ချောမောသန့်ပြန့်နေတာ၊ ရုပ်ရည်လေး ကြည့်လိုက်ရုံနဲ့ အဆင့်အတန်းမြင့်တဲ့ မျိုးရိုးက ဆင်းသက်လာမှန်း သိသာတယ်၊ စကားပြောကြည့်လိုက်တာနဲ့ လိမ္မာယဉ်ကျေး သိမ်မွေ့တဲ့





မိန်းကလေး ဆိုတာ ပြောစရာ မလိုတော့ဘူး၊ အဲဒီလို မိန်းကလေးမျိုးကိုမှ မယုံရင် ဘယ်သူ့ကို သွားယုံရမှာလဲ"

"အင်္ဂလိပ်စာ ဆိုတာ အရင်ခေတ်လောက်ကပဲ အသုံးကျတာ ဘကြီးမှောင်၊ ခုခေတ်မှာ သူဌေးရုပ်၊ မင်းသမီးရုပ်နဲ့ သူခိုး၊ ခါးပိုက်နှိုက်၊ လူလိမ် လုပ်နေကြတာတွေမှ ဒုံနဲ့ဒေး၊ အဲဒီမိန်းကလေးကလည်း ..."

ဆက်ကောင်းက ပြောရင်း ပြောရင်း တစ်စုံတစ်ခုကို သွားမြင်လိုက်ကာ ပြောလက်စ, စကားကိုတောင် ဆက်မပြောနိုင်တော့ဘဲ မျက်လုံးကြီး ပြူးလျက် ငေးစိုက် သွားရလေသည်။

သေတ္တာ ...။ သေတ္တာ။

နီညိုရောင် ဆိတ်သားရေသေတ္တာကြီး။ ထောင့်နားမှာ အနည်းငယ် စုတ်ပြဲ။ ချုပ်ရိုးကြောင်းတွေ ဖွာလန်ကြဲ။

ဒီသေတ္တာကြီးဟာ ဘူတာရုံမှာတုန်းက သူ့ခြေထောက်ပေါ် တက်ကြိတ်သွားသည့် သေတ္တာကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပုံပန်းသဏ္ဌာန်က ရှုးပါးပုံစံ ဆိုပေမဲ့ ရှုးရှုးပါးပါး လာတူနေတာမျိုး ရှိချင် ရှိနိုင်တာ မှန်သည်။ ဒါပေမဲ့ အနားဖွာ စုတ်နေတာကတော့ ထပ်တူညီဖို့ရာ ခဲယဉ်းသား။

ပန်းစကား လက်ထဲမှာ ဒီသေတ္တာကြီး မြင်လိုက်စဉ်ကလည်း တွေ့ဖူး မြင်ဖူးသလိုလိုတော့ ထင်သား။ အဘွားပိုင်ဆိုင်ပြီး လောလောဆယ်တော့ ဘကြီးက အမွေဆက်ခံထားသော သေတ္တာကြီးမှာ ဟိုးအရင်ကတော့ ဘယ်လို ဒဏ်ရာဒဏ်ချက်တွေ ရှိခဲ့ဖူးသလဲ သေသေချာချာ မသိ။ ဒီသေတ္တာကြီးက အနာအဆာတွေကတော့ ပန်းစကား လက်ထဲက သေတ္တာကြီးနဲ့ ချွတ်စွပ်ပါ။

"ဘကြီးမှောင် ဒါကြီးက ..."

"ငါ့သေတ္တာကြီးလေ၊ ငါ ခရီးသွားတိုင်း ဒါကြီးပဲ ယူသွားတာပဲဟာ၊ မင်းမမှတ်မိတော့ဘူးလား၊ ဒါအစက မင်းအဘွားသေတ္တာလေ၊ မင်း ငယ်ငယ်တုန်းကဆို ဒီသေတ္တာထဲ ဝင်ဝင်အိပ်တတ်တာ မေ့သွားပြီလား"

"မဟုတ်သေးဘူး ထင်တယ်၊ ဘကြီးမှောင် မှားများလာသလား"





"မှားရအောင် ငါက ဒီသေတ္တာကြီး အခုမှ မြင်ဖူးတဲ့ကောင်မို့လို့လားကွ၊ မင်းသာ ဘဝင်မြင့်ပြီး ဒီသေတ္တာကို မေ့သွားတာ၊ ငါက နေ့တိုင်း မြင်နေရတဲ့ဟာပဲ၊ မှားစရာကို မရှိဘူး"

"ဒါပေမဲ့ ဒီနေ့ဘူတာရုံမှာ ဒီသေတ္တာမျိုးပဲ မိန်းကလေးတစ်ယောက် ဆွဲလာတာ ကျွန်တော်တွေ့တယ်၊ ကျွန်တော့်ခြေထောက်ကိုတောင် တက်ကြိတ်သွားသေးတယ်ဆိုတာ သေချာပါတယ်၊ ဒီနားက ပြဲနေတာတောင် တူတယ်၊ အနားကွပ်ထားတဲ့ အစက ကြိုးတွေဖွာနေတာကော"

"နေစမ်းပါဦး၊ မင်းပြောတဲ့ ကောင်မလေးက အရပ်မြင့်မြင့်၊ ဆံပင်တိုတို၊ ပန်းရောင်ဝတ်စုံလေးနဲ့လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဘကြီးမှောင်က ဘယ်လိုလုပ် သိတာလဲ"

"သိတာပေါ့၊ သူပဲ ငါ့ကို လိုက်ပို့ပေးတာကိုး၊ ငါတစ်ယောက်တည်း ဘူတာမှာ ယောင်ချာချာ ဖြစ်နေတာကို ညှော်သည်လိုက်ပို့ပြီး အပြန်မှာ ကောင်မလေးက တွေ့ဘူး



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဒါနဲ့ ငါ့ကို သူ့ကားနဲ့ လိုက်ပို့ပေးမယ်ဆိုပြီး ငါ့ ပစ္စည်းတွေတောင် ကူသယ်ပေးလိုက်သေးတာ"

"ဗျာ ... ဘကြီးမှောင် ပစ္စည်းတွေကို ကူသယ်ပေးတယ်၊ ဒါဆို ဒီအိတ်ကြီးရော"

"ငါလည်း အိတ်ကြီးသယ်ရတာ ပင်ပန်းလွန်းလို့ ကောင်မလေး ကူသယ်ပေးမယ် ဆိုတာနဲ့ ပေးလိုက်တာ"

"ဒါဖြင့် ကျွန်တော့်ကို တက်ကြိတ်သွားတာ ဒီအိတ်ကြီးပဲပေါ့"

ဒါကြောင့် ပန်းစကားက ကျွန်မအိတ် မဟုတ်ဘူးလို့ ပြောသွားတာကိုး။ ဆက်ကောင်းက သူမ ရှက်ရှက်နဲ့ ညာပြောသွားတယ် ထင်တာ။

လက်စသတ်တော့ ဘကြီးမှောင်ကို အိမ်ပြန်လိုက်ပို့ပေးသွားသူဟာ ပန်းစကားကိုး။

နေဦး။ ပန်းစကားကို သူသိနေသည့် အကြောင်း ဘကြီးမှောင်ကို ပြောပြလို့ မဖြစ်သေး။ ကိုယ့်ဘကြီး အကြောင်းလည်း ကိုယ် ကောင်းကောင်းသိသည်။ ဖွတ်ကြီး။ ပန်းစကားကို





ကျေးဇူးရှင် အဖြစ်နဲ့ သွားတွေ့ချင်သည် လုပ်နေမှ ဒုက္ခရောက်မည်။

တော်တော်လည်း ဒုက္ခပေးသည့် ပြဿနာမ,လေး။ ဘကြီးမှောင်ကိုလည်း သူနဲ့လွဲအောင် လုပ်လိုက်သေးသည်။ ဆက်ကောင်းရဲ့ ခြေထောက်ကိုလည်း မညှာမတာ အိတ်နဲ့တက်ကြိတ်လိုက်သေးသည်။ တစ်ခွန်းမတောင်းပန်ဘဲ ရန်လည်း လုပ်သွားလိုက်သေးသည်။ ပန်းစကား ဆိုတဲ့ မိန်းကလေးနဲ့ကတော့ တွေ့လိုက်တိုင်း ပြဿနာတက်ကာ ငြင်းခုန်ရန်ဖြစ်ဖို့ ကံဇာတာကို ပါလာတာ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ထူးထူးဆန်းဆန်း ရလာသည့် သတင်းတစ်ပုဒ်ကြောင့် ပန်းစကားက ရယ်ချင်နေသည်။

သူမတို့ သူငယ်ချင်းတွေ တက်နေသည့် အေရိုးဗစ်သင်တန်းမှာ တော်တော် အကြွားသန်သည့် ကောင်မလေး တစ်ယောက်၊ နာမည်က သည်းဦးပန်း တဲ့။

တစ်နေ့တစ်မျိုး ကြွားစရာကို မရိုးလောက်အောင် ရှာနိုင်ပါပေသော သည်းဦးပန်းကို ပန်းစကားတို့က တော်တော် အမြင်ကတ်သည်။

ကတ်မယ် ဆိုလည်း ကတ်လောက်ပါရဲ့လေ။ သည်းဦးပန်းရဲ့ ကြွားဝါမှုတွေက တစ်နေ့တစ်မျိုး မရိုးရဘူးဆိုသော်လည်း မြန်မာ့ထမင်းဝိုင်းမှာ ဟင်းအမျိုးမျိုး ပြောင်းချက်





ပေမဲ့ ငါးပိရည် တစ်ခွက်တော့ ပင်တိုင်ပါသလို သူမရဲ့ချစ်သူအကြောင်းကတော့ အမြဲပါနေကျလေ။

သူမရဲ့ချစ်သူက သူမကို ဘယ်လောက် ချစ်တာ၊ ဘယ်လို ဂရုစိုက်တာ (ပစ္စည်းအမျိုးမျိုးကို ထုတ်ပြလျက်) ဘာတွေ ဝယ်ပေးတာ၊ ဘယ်လိုသစ္စာရှိတာ။

ပန်းစကားတို့ သူငယ်ချင်းတွေကလည်း ရုပ်ကလေးတွေက လှတပတလေးတွေ ဖြစ်ပေမဲ့ ဘယ်လိုအကြောင်းရယ်ကြောင့်လည်းတော့ မသိ၊ လာကြိုက်မည့်သူကို မရှိတာ။ (အတင်းပြောတတ်တာ၊ စွာတာ၊ ခန္ဓာကိုယ်လေး ဝတုတ်နေတာ စသည့် တစ်ယောက်တစ်မျိုးသော ချို့ယွင်းချက်တွေကြောင့် ဖြစ်မည်ထင်သည်။) အဲဒီလို အထီးကျန် ဂေါ်မစ္စတွေ ဆိုတော့လည်း ရည်းစားရှိသည့်သူ (ရှိသည့်ရည်းစားကလည်း သိပ်ချစ်၊ သိပ်ဂရုစိုက်သည်ဆိုသော)တွေကို မနာလို ဖြစ်ရတာပေါ့။

အခုတော့ အမြင်ကတ်ရပါသော မိန်းမကကို အထိနာစေမည့် သတင်းတစ်ခုကို ပန်းစကားက ရလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါ ... အိရွှေစင် ... ငါ သတင်းထူးတစ်ခု ရလာတယ် ဟဲ့၊ သိလား"

"ဘာလဲဟ၊ ဒီမှာ ပြေးထားရလို့ မောနေရတဲ့ ကြားထဲ"

"အေးလေ ... သူပဲ မမောနိုင် မပန်းနိုင် အတင်းတုတ်နိုင်ပါတယ်"

"သတင်းက နင်တို့ စိတ်ဝင်စားမဲ့ သတင်းပါဟဲ့၊ သည်းဦးပန်းနဲ့ ပတ်သက်တဲ့ အကြောင်း"

"ဘာလဲ ... သူ့ရည်းစားက ဘရက်ဒ်ပစ်နဲ့ တူတယ်လို့ ကြားလိုက်ပြန်ပြီလား"

"သူ့ရည်းစား အကြောင်းတော့ အကြောင်းပဲ၊ ဒါပေမဲ့ ကြွားစရာ မဟုတ်ဘူး၊ ရယ်စရာ"

"ရယ်စရာ ! "

"ဟုတ်တယ်၊ အောင်မယ် ... သူ့ကို သိပ်ချစ် သိပ်အလိုလိုက် သိပ်သစ္စာရှိတဲ့ သူ့ရည်းစား ဆိုတာ ဘယ်သူလို့ ထင်သလဲ"

"ဘယ်သိမှာလဲ"

"အူစမာဘီလာဒင်လား"





"မိုဆိုးတယ်၊ ဆက်ကောင်း တဲ့တော့"

"အောင်မယ်လေး ... ဝါး ဟား ဟား ဟား"

ခင်သဒ္ဒါနဲ့ အိရွှေစင်တို့ထံက ရယ်သံကြီး ဝက်ဝက်ကွဲ ပေါ်ထွက်လာလျှင် အားလုံးက လှည့်ကြည့်လာရလေသည်။

ပန်းစကားကလည်း ကိုယ့်ဘက်က ရယ်သံကြောင့် သည်းဦးပန်းနဲ့ အပေါင်းပါတွေ စိတ်ဝင်တစား ဖြစ်ကုန်ကြပြီး ကိုယ်ပြောမည့် အကြောင်းအရာကို သိသွားကြမှာ မစိုးရိမ်။ ဟိုက စိတ်ဝင်စားပြီး လာမမေးမှာကိုပဲ စိုးရိမ်သည်။

ကြိုတင်မျှော်လင့်ထားသည့် အတိုင်းပါပဲ။ သည်းဦးပန်းရဲ့ အတွဲဖြစ်သည့် ခင်လင်းမြတ်က လှမ်းကြည့်လာကာ ...

"ဘာတွေ ကျိတ်ရယ်နေကြတာလဲဟော့၊ တို့ကိုလည်း မျှဦး"

မေးလာပြီ။ မေးလာပြီ။ မျှော်လင့်ထားသည့် အတိုင်းတော့ အကွက်ဝင်လာပြီ။

ပန်းစကားက မျက်နှာကို ပျာပျာသလဲလေး ဖြစ်အောင် ပြင်ဆင်လိုက်ကာ ...

"ဟို ... ဘာမှ မဟုတ်ပါဘူး၊ တို့ဘာသာ ရယ်စရာ ပြောနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းစကားက ဖုံးချင် ကွယ်ချင်သလိုလို၊ စကား ပြော မှားသွားမှာပဲ စိုးရိမ်သလိုလို အိုက်တင်မျိုး လုပ်ပြလိုက် တော့ ဟိုဘက်က လူတွေရဲ့ သိချင်စိတ်လည်း ပိုပြီးတောက်ပ လာတော့သည်။

ဒါလည်း ဆိုက်ကိုပဲပေါ့။ လူဆိုတာ ဖုံးထားတာကို မှ ဖော်ချင်၊ ပေးမသိချင်တာကိုမှ သိချင်တတ်ကြတာလေ။

"ပြောပါဦး၊ ဘာတွေ ရယ်နေတာလဲ၊ စကားတို့ မျက်နှာ တွေ ကြည့်ရတာ တစ်ခုခုတော့ ဖြစ်နေသလိုပဲ"

"အို ... မဟုတ်ဘူး၊ မဟုတ်ပါဘူး၊ တို့တွေ ဘယ်သူ့ အကြောင်းမှ မပြောဘူး"

"ဟော ... တွေ့လား၊ မအစ်မအောက်ရဘဲနဲ့ကို အဖြေက ပေါ်နေပြီ၊ စကားတို့ တစ်ယောက်ယောက် အကြောင်း ပြောနေကြတာပါ၊ ပြောပါဆို ... ဘယ်သူ ဘာဖြစ်လို့လဲ၊ သူများကို ပြန်မပြောနဲ့ဆို မပြောပါဘူး"

"ကတိပေးတယ်နော်"

"ပေးတယ် ... ကတိ ... ဂတိ"





သေချာပြီ။ ဒီလောက်ဆို ခင်လင်းမြတ်တို့ ဒီစကား ကို ကာယကံရှင်ဆီ တည့်တည့်ကြီး သွားပြီး ပြောပေတော့ မည်။

"သည်းဦးပန်းက သူ့ရည်းစားကို သူ့အပေါ် သိပ်သစ္စာရှိ တာလို့ အမြဲပြောတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ သည်းဦးပန်းရဲ့ ရည်းစားကတော့ ဒီ ခေတ်ထဲမှာ ရှားတဲ့ပုံပဲ"

"ဘယ်ကသာ၊ တို့က သည်းဦးပန်းရဲ့ လူဟာ ဆက်ကောင်း မှန်း မသိလို့သာ"

"ဆက်ကောင်း ဆိုတော့ ဘာဖြစ်သလဲ"

"တို့ သူငယ်ချင်းတွေဆီက သတင်း ကြားတာတော့ ဆက်ကောင်း ဆိုတာ အရမ်းရည်းစားများပြီး အရမ်းရှုပ် တာတဲ့၊ တစ်နေ့ တစ်နေ့ ဟဲန်းဖုန်းတစ်လုံးနဲ့ အချိန်ကုန် ပြီး ရည်းစားတွေဆီ ဆက်လိုက်၊ ဟိုက ပြန်ဆက်လိုက် နဲ့ ရှုပ်ယှက်ခတ်နေတာပဲတဲ့၊ အပြောကတော့ တော်တော် ကောင်းတယ် ဆိုပဲ၊ ဘယ်ကောင်မလေးမဆို သူနဲ့ ခဏ လောက် ဖုန်းပြောလိုက်ရရင် ငြိသွားတော့တာပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားဟယ်"

"အေးလေ ... မယုံနိုင်စရာကြီး၊ သည်းဦးပန်းနဲ့ သူ့လူက လူကြီးတွေကိုက သဘောတူထားကြတာတဲ့၊ နှစ်ဦးနှစ်ဖက် ဒီလောက် သိနေတာ ဖောက်ပြန်စရာအကြောင်း မရှိလောက်ဘူး ထင်တာပဲ"

"ခုခေတ်မှာ လူကြီးမိဘတွေ အသိအမှတ် ပြုထားပြီးမှ ကွဲကြ ပြတ်ကြ နောက်တစ်ယောက်နဲ့ ပါသွားကြတာတွေ ရှားမှ မရှားတော့တာ၊ သမီးရည်းစား မပြောနဲ့ လင်မယား ချင်းတောင်မှ သစ္စာရှိချင်ကြတော့တာ မဟုတ်ဘူး"

"သည်းဦး သိရင်တော့ စိတ်မကောင်းပဲ ဖြစ်မလား၊ အရမ်းပဲ စိတ်ဆိုးမလား"

သိချင်ရင် သွားပြောကြည့်လိုက်ကြပေါ့။ ပန်းစကား တို့ကတော့ တော်ပြီ။ ဒီလောက် အတင်းပြောခွင့် ရလိုက်ပြီဆို လျှင် ဒီတစ်နေ့စာအတွက် ဘာပဲစားစား ကောင်းကောင်းစားလို့ ဝင်သွားပြီ။





"မဟုတ်တာကွာ၊ ကြားလူတွေ မနာလိုလို့ ပြောတဲ့စကား များ နားယောင်စရာလား"

"ကြားလူပဲဖြစ်ဖြစ် မနာလိုလို့ပဲဖြစ်ဖြစ် ဟုတ်မှ ပြောလို့ရ တာ၊ မဟုတ်ဘဲ ပြောချင်လို့ ရမလား၊ သူတို့ ပြောလောက် စရာအကြောင်း ရှိတော့ ပြောပြီပေါ့"

"ဓာတ်လမ်းဆို၀.၁ ထွင်ချင်တိုင်း ထွင်လို့ရပါတယ်ကွာ၊ လူ့အသိုင်းအဝိုင်းထဲ နေတာဆိုတော့ တစ်ယောက်နဲ့ တစ် ယောက် ပစ်ပစ်ပယ်ပယ် လုပ်လို့မှ မရတာ၊ နည်းနည်း လေး ရင်းနှီးလိုက်တာနဲ့ အထင်လွဲက ခံရပြီ"

"နည်းနည်းလေး ဆိုတာ ဘာလဲ၊ အချိန်တန်ရင် အိမ်ထောင် ပြုဖို့ ရည်ရွယ်တဲ့ အထိလား"

"ကိုယ် သည်းဦးအပေါ် ဘယ်လောက် သစ္စာရှိတယ်ဆို တာ အားလုံး သိတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ... ဟုတ်လား၊ ဒါဖြင့် ကိုဆက် လိမ်တာကို ခံနေရတဲ့သူတွေ အများကြီးပေါ့"

"လူတွေ ဆိုတာက မျက်တောင်မွေး တစ်ဆုံးပဲ ကြည့်ကြတာကိုး၊ ပြော ... သည်းဦးကို ဒီသတင်း ပြောလိုက်တာ ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ် အရေးမကြီးဘူး"

"အရေးကြီးတာပေါ့၊ ပြောတဲ့သူအပေါ် မူတည်ပြီး သတင်းဟာ ဖြစ်နိုင်ချေ ရှိ,မရှိဆိုတာ ဆုံးဖြတ်လို့ရတယ်၊ တချို့လူတွေက အတင်းပြောကို သန်တာ၊ ဒီနေ့အဖို့ လူ စိတ်ဝင်စားမဲ့ သတင်းထူးတစ်ခု ပြောနိုင်ဖို့ပဲ အရေးကြီးတယ်၊ တစ်ဖက်သားမှာ ကိုယ့်ကြောင့် ဘာတွေ ထိခိုက်နစ်နာသွားသလဲ ဆိုတာ လုံးဝဂရုမစိုက်ဘူး၊ အဲဒီလိုလူမျိုးတွေရဲ့ စကားကျတော့ ဘယ်လိုလုပ် အတည်ယုံစားလို့ ရမလဲ"

သူ ပြောသမျှ ယုံကြည်လက်ခံလာစမြဲ ဖြစ်သော သည်းဦးပန်းက ဒီတစ်ခါတော့ လွယ်လွယ်နဲ့ စိတ်လျှော့မသွားချေ။

"အစကတည်းက ဟိုကနည်းနည်း ဒီကနည်းနည်း သတင်းတွေတော့ ကြားနေသားပဲ၊ ဒါပေမဲ့ ကိုဆက် ဖြေရှင်းတာ





တွေ နားထောင်ပြီး အဟုတ်ကြီး မှတ်နေတာ၊ တချို့ကျ အားနာလို့လား မသိဘူး တိတိပပ မပြောကြတော့ သိပ်လည်း မသိရဘူး၊ ပန်းစကား တစ်ယောက်သာ အတင်းပြောတဲ့ နေရာမှာ ဘယ်သူ့ကိုမှ အားမနာတတ်လွန်းလို့ ဒီလောက်အထိ သိရတာ"

"ဘာ ... ပန်းစကား ... ဟုတ်လား"

"ဟုတ်တယ်၊ ဘာလဲ ... သူက အတင်းသိပ်ပြောတတ်တာ၊ သူ့ Own tune တွေလည်း ထည့်ထည့်ပြောတတ်တဲ့ သူမျိုး၊ မယုံနဲ့လို့ ပိတ်ဦးမလို့လား"

"ဒါတင် ဘယ်ကမလဲ၊ သူက ကိုယ့်ကို ကျိတ်ကြိုက်နေတာ၊ ကိုယ်က လုံးဝပြတ်သားထားလို့ အရမ်းစိတ်ဆိုးပြီး ကိုယ့်အကြောင်းဆို အမနာပ အရမ်းပြောတာ"

"အော်ဟော် ... ဒီလိုအဖြစ်မျိုးလည်း ရှိသလား"

တောက် ...။ ပန်းစကား ပန်းစား၊ အတင်းပြောတဲ့ နေရာမှာတော့ တော်တော် အဆင်ခြင်ကင်းမဲ့တဲ့ မိန်းမ။ သူများ ထိခိုက်နစ်နာမလား မနစ်နာဘူးလား ဆိုတာ မတွေးပဲ ကိုယ်ပြောချင်ရာ ပြောတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ ...။ အတင်းပြောတတ်တဲ့သူပါ ဆိုမှတော့ အတင်းပြောဖို့ပဲ အမိကထားတော့မှာပေါ့။ သူများနစ်နာမလား မနစ်နာဘူးလား ဘယ်ထည့်တွက်တော့မလဲ။

"သည်းဦးကတော့ ပန်းစကားကို မယုံပေမဲ့ သူပြောတာ အမှန်ပဲလို့ ယုံတယ်၊ ဒီတော့ ကိုဆက်ကို အခွင့်အရေး တစ်ခု ပေးလိုက်မယ်၊ လက်ရှိ ကိုဆက်နဲ့ ပတ်သက်နေတဲ့ မိန်းကလေးတွေကို အပြတ်စာရင်းရှင်းပြီး တကယ်ပြီးပါပြီ ဆိုရင် သည်းဦး ပြန်ပြီး လက်ခံစဉ်းစားမယ်၊ မဟုတ်လို့ ကတော့ ..."

"ဆက်ကောင်းရေ ... ဖုန်းလာနေတယ်၊ မင်း ဘာလုပ် ... ဪ ... လက်ကိုင်ဖုန်း ပြောနေတာကိုး၊ မင်းကွာ ဟို ဖုန်းမြည်လည်း မင်း၊ ဒီဖုန်းမြည်လည်း မင်း"

ဆက်ကောင်းက လန့်ဖျပ်ကာ ဖုန်းကို လက်နဲ့အုပ် လိုက်မိသည်။

ဘကြီးမောင်ရဲ့ အသံကြီးက ဟိန်းခနဲ ထွက်ပေါ် လာပေတာကိုး။ ကိုယ်နားတွေ အူသွားမတတ် အနီးကပ် ကြား လိုက်ရသော ထိုအသံကြီးဟာ အသံအား ကောင်းလှသော ဖုန်း





ခွက်ကတစ်ဆင့် ဟိုဘက်က သည်းဦးပန်း နားထဲ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်သွားမှာ သေချာသည်။

"ဟို ... ဘကြီး"

"ခေါ်နေတာ ကောင်မလေး တစ်ယောက်အသံ၊ တစ်ကြိမ် တည်းလည်း မကတော့ဘူး၊ မင်း အပြင်သွားပါတယ် ပြောထားတာကို ငါးမိနစ်ခြား တစ်ခါလောက် တဂွမ်ဂွမ် ဆက်နေတာ၊ လူကြီးတွေ အနှောင့်အယှက် ဖြစ်တယ်ကွ၊ သူ့ဖုန်းတွေ ဝင်နေတာနဲ့ပဲ အရေးကြီးတဲ့ဖုန်းကျ လွတ် သွားရော"

ဘကြီးမောင်ဟာ တကယ့်ကို လူ့ခွစာ၊ လူ့ကန့်လန့် ကြီးပါပဲ။

လူတစ်ယောက်ကို ဖုန်းပြောနေသည့် အချိန်မှာ အတင်းဝင်ပြီး စကားပြောသည် ဆိုတာဟာ တကယ်တော့ မယဉ်ကျေးသည့် သဘော။

အခုဟာက မယဉ်ကျေးရုံ သက်သက်မဟုတ်။ နှောင့်ယှက်သည့်သဘော၊ ချောက်တွန်းသည့် သဘော အထိကို သက်ရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဘယ်သူလဲ၊ သည်းဦး ကြားတယ်နော်၊ မိန်းကလေးတစ်ယောက် ဖုန်းဆက်နေတာ ဆိုလား၊ ဘယ်ကလဲ၊ ဘယ်သူလဲ"

"မဟုတ်ပါဘူးကွာ၊ ဘယ်သူမှ မဟုတ်ဘူး၊ အရေးမပါတဲ့ ကိစ္စတွေ"

"ဟော့ကောင် ... ငါ ခေါ်နေတာကို မင်းက ဂရုမစိုက်ဘူးလား၊ လာခဲ့ ... အခု ဖုန်းချပြီး ထွက်လာခဲ့။ မင်းဖုန်း ကိုလာဖြေ၊ တစ်ခါတည်းလည်း ပြောလိုက်ဦး၊ အနှောင့်အယှက် ဖြစ်တယ်၊ နောက်ထပ် မဆက်နဲ့တော့လို့"

သွားပြီ။ သွားပြီ။ သွားပါပြီ။

ဘကြီးမှောင် အသံက ကိုယ့်လက်ထဲက ဟဲန်းဖုန်းနဲ့ ပြောနေသော သည်းဦးပန်းသာ မဟုတ်၊ အပြင်မှာ ခေါ်ထားသည်ဆိုသည့် လိုင်းဖုန်းကို ဆက်နေမည့် ကောင်မလေး (ကေသရီဖြစ်လောက်သည်)တောင် ကြားလောက်သည်။

ပြဿနာကတော့ တစ်ယောက်တည်းမက နှစ်ယောက်စာပါ ရှင်းရတော့မည် ထင်ပါရဲ့။





"ဟဲ့ ... စကား၊ ရေးကြီးသုတ်ပျာနဲ့ ဘာသတင်းများ ထူးလာတာလဲ၊ အဲ ... ဘာကိစ္စများ ဖြစ်လာတာလဲ"

ဒေါ်ဆွေဆွေတင့်နဲ့ တန်းခနဲ တိုးတာမို့ အိမ်ပေါ်ထပ်အထိ တောက်လျှောက် ပြေးဆက်သွားတော့မည့် ပန်းစကားရဲ့ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားရပါသည်။

ခါတိုင်းဆိုလျှင်တော့ သတင်းထူး နှစ်ခု သုံးခုလောက်တော့ အမြဲ အဆင်သင့် ရှိနေကျ ပန်းစကားက ဒေါ်ဆွေဆွေတင့် သဘောကျလောက်သော (ဥပမာ ... ဘာကတော် တစ်ယောက် ဗန်ကောက်က စတိုးဆိုင်တစ်ခုမှာ ဈေးဝယ်ရင်း ပစ္စည်းအလစ်သုတ်မှုနဲ့ ပြဿနာတက်ရသည့် သတင်း)ကို စိတ်ရှင်လက်ရှည်၊ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောနေမိဦးမှာ။



www.burmeseclassic.com

www.burmeseclassic.com



အခုကတော့ အရေးပေါ်။ အရေးပေါ် အခြေအနေ။ မသုကို အမြန်ဆုံးတွေ့မှ ဖြစ်မည်။

"မသု ... မသုရောဟင်"

ပျာပျာသလဲ မေးလိုက်မိပြီးမှ အနည်းငယ် နောင်တရသွားသည်။

အသည်းအသန်ကြီး ရောက်ချလာပြီးတော့ မသုကို အတင်းပဲ လိုက်မေးနေသည် ဆိုတော့ မသုနဲ့ ပတ်သက်ပြီး တစ်ခုခု အရေးပေါ်ကိစ္စ ဖြစ်နေပြီဆိုတာ အန်တီဆွေက သိသွားတော့မှာပေါ့။

သို့သော် ဖြစ်နေပြီးတာက ဖြစ်ပြီးပြီမို့ ဘရိတ်ပြန်အုပ်လို့ မရတော့ပါ။ ပန်းစကားက ရှူးသလို ပေါသလို မျက်နှာကို စပ်ဖြဲဖြဲကလေး ပြောင်းလိုက်ပြီး ...

"မသု သူငယ်ချင်းတစ်ယောက်အကြောင်း အထူးသတင်း ပြောစရာရှိလို့"

"သူ အပေါ်ထပ်မှာ ဖုန်းပြောနေတာ ထင်တယ်၊ ခုတလော ညည်း မသုလည်း ဘာတွေဖြစ်နေသလဲ မပြောတတ်ပါဘူး





အေ၊ ခိုးကြောင်ခိုးဝှက်နဲ့ တစ်ခုခု လျှို့ဝှက်ပြီး ကြံစည်နေသလိုပဲ"

"အန်တီဆွေကလည်း မသုကဖြင့် နဂိုတည်းက မြူစိစိ ကုပ်ချိုချိုကလေးဟာကို"

"အောင်မယ်လေး ... ဒီမြူစိစိ ရည်းစားကျိတ်ထားချင်နေတဲ့ပုံပါတော်၊ ကျုပ်က တိုက်ရိုက် ပြောမကောင်းလို့ သွယ်ဝိုက် ပြောနေတာပါ၊ ညည်းလည်း သိသားနဲ့ မသိချင်ဟန်ဆောင်နေပြန်ပြီ"

"တကယ်မသိတာပါ အန်တီဆွေရဲ့၊ စဉ်းစားကြည့်ပေါ့၊ တကယ်လို့သာ မသုသာ ရည်းစားထားမယ် ဆိုရင်လည်း စကားလိုမျိုး ပါးစပ်စည်းကမ်းမရှိတဲ့ မိန်းမကို ပေးသိပါ့မလားလို့"

ခပ်တည်တည်နဲ့ ပြောလိုက်တော့ အန်တီဆွေ ယုံသွားရော။ ဒါကြောင့် ပြောပါတယ်။ လောကကြီးမှာ "တည်"ဖို့ပဲ လိုတာပါလို့။ မျက်နှာသာ တည်နိုင်ရင် လိပ်ကို ကြမ်းပိုးဖြစ်အောင် ပြောလည်း ယုံသွားကြမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... သွား ... သွား ... ကျုပ်က ညည်းကြားထဲက ကူညီပေးနေမှာစိုးလို့ ပြောတာ"

"မသိသေးလို့ အန်တီဆွေရေ၊ သိလို့ကတော့ မနေဘူး၊ မောင်းထုပစ် ... အဲလေ ... အန်တီဆွေ့ကို ပြန်တိုင်မှာပဲ"

ပန်းစကားက ပြောရင်းနဲ့ပဲ လှေကားထစ်တွေကို အပြေးအလွှား ဆက်တက်ခဲ့သည်။

အခန်းထဲရောက်တော့ မသုက ဖုန်းကို အလောတကြီး ချလိုက်ပြီးစ ပုံစံနှင့် စောင့်ကြိုနေသည်။ ပန်းစကား နောက်ကနေ သူ့အမေများ ကပ်ပါလာဦးမလားလို့ စိုးရိမ်တကြီး စောင့်ကြည့်နေလိုက်သေးသည်။

"ဘယ်သူမှ မပါဘူး၊ မကြောက်နဲ့"

"ဘာတွေ အလောတကြီး ဖြစ်လာတာလဲ"

"မသုကို မေးစရာရှိလို့"

"အင်း ... မေးလေ"

"မသု စုံစမ်းခိုင်းတဲ့ တစ်ယောက် ဆိုတာလေ၊ စကားကို လူတွေ့ရင် ပြမယ်ဆိုတာ၊ အဲဒါ ဘယ်သူလဲ"





"တစ်နေ့ သူလာတဲ့အခါ စကားကို လှမ်းခေါ်လိုက်ပါမယ် ဆို"

"မဟုတ်ဘူး၊ နာမည် ဘယ်လိုခေါ်သလဲ၊ စကားသိတဲ့ အထဲက ဖြစ်နေမှာစိုးလို့"

"စကား မသိနိုင်ပါဘူး၊ သူက ကွန်ပျူတာနဲ့ နောက်ဆုံး နှစ် တက်နေတာ၊ စကားတို့ အသိုင်းအဝိုင်းနဲ့ တခြားစီ"

"ပြောပါဆို၊ သိချင် သိမှာပေါ့၊ စကား ဘယ်လောက်စုံ တယ် ဆိုတာလည်း မသု အသိသားနဲ့"

"သူ့နာမည်က ကိုဆက်ကောင်းတဲ့"

"ထင်တယ် ... ထင်တယ် ... ထင်လို့ မေးလိုက်တာ ကွက်တိကို ဖြစ်နေတာပဲ၊ ဆက်ကောင်းများ မသိရင်ခက် မယ်"

"ဟယ် ... သိတယ်၊ ဘယ်လိုသိတာလဲ၊ လူချင်းရင်းနှီး လား၊ သူက ဘယ်လိုလူစားမျိုးလဲဟင်"

"သိတာကတော့ ဒီလိုပဲ ဟိုလူပြော ဒီလူပြောပေါ့၊ လူချင်း က နှစ်ကြိမ်ပဲ တွေ့ဖူးတယ်၊ မရင်းနှီးဘူး၊ နှစ်ကြိမ်စလုံး



www.burmeseclassic.com

www.burmeseclassic.com



ရန်ပဲဖြစ်ခဲ့ရတယ်၊ သူက ဘယ်လိုလူစားမျိုးလဲ ဆိုတော့ ရည်းစားများပြီး ဇလောင်းဇလဲနိုင်တဲ့ ခပ်ရှုပ်ရှုပ် လူစားမျိုး ပေါ့"

"တကယ်"

"အောင်မယ် ... စကားက အတင်းပြောတတ်တာရယ်၊ နည်းနည်းလေး ချဲ့ကားပြောတတ်တာရယ်၊ ထင်ကြေးနဲ့ စွတ်ပြောတတ်တာရယ်ပဲ ရှိတာ၊ လိမ်ညာတော့ မပြောတတ်ပါဘူး"

"မယုံနိုင်လို့ပါ၊ သူ့ပုံစံ ကြည့်ရတာ တည်တည်ကြည်ကြည် နဲ့ သစ္စာရှိမဲ့ ပုံမျိုးမို့လို့"

မသုပုံစံက တော်တော်လေး စိတ်ထိခိုက်သွားသည့်ပုံ။ စကားပြောတာကို ယုံပေမဲ့ လက်လည်းခံနိုင်စွမ်း မရှိတာမို့ စကားလိမ်ညာပြောတာပဲ ဖြစ်ပါစေတော့လို့ ဖွတ်တင်းခံထားသည့်ပုံ။

"သူက သိပ်ဟန်ဆောင်ကောင်းတာ၊ ကောင်မလေးတွေကို ဟိုနားတစ်ယောက်ချိန်း၊ ဒီနားတစ်ယောက်ချိန်း ဖမ်းမိ





သွားရင် ပြဿနာတွေတက်ကြ၊ မပေါ်သေးသရွေ့လည်း လှည့်ပတ်ကွေ့ကောက်နေတတ်တဲ့ သူမျိုးပေါ့"

မသုက အကြာကြီး ငြိမ်သက်သွားသည်။ သနားတော့ သနားစရာ။ သူတော်တော်ကြီး ခံစားရမှာ။

"အင်းလေ ... ဒီကိစ္စတွေ စောစောစီးစီး သိလိုက်ရတာပဲ ကံကောင်းတယ်လို့ ဆိုရမှာပေါ့၊ အရှုံးလုံးလုံး မဖြစ်လိုက်ရတာ၊ စကားကို ကျေးဇူးတင်ပါတယ်"

အတော်လေးကြာမှ မသုထံက အသံသဲ့သဲ့ကလေး ထွက်လာသည်။

"ကျေးဇူးတင်စရာ မလိုပါဘူး၊ ပြီးတော့ ဒီတစ်ခါက စကား အတင်းပြောတာ မဟုတ်ဘူးနော်၊ မသု ခိုင်းတာ တစ်ခုလုပ်ပေးတာ၊ ပြီးတော့ စကားကြောင့် မသုမှာ အကျိုးရှိသွားတယ်ဆိုတော့ မကောင်းတာ လုပ်တယ်လို့ လည်း ပြောလို့မရဘူးနော်"

"ဟုတ်ပါတယ် စကားရယ်၊ ဒီတစ်ခါ စကားက မသုကို ဒုက္ခမရောက်အောင် ကယ်တင်လိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မသု ဘာဆက်လုပ်မလဲ"

"အို ... သူကမှ မကောင်းတာ၊ ရည်းစားဖြစ်ပြီးမှ ဒီလို သတင်းမျိုး ကြားရရင်တောင် အဆက်ဖြတ်ပစ်ရမှာပဲ၊ အခုက အချိန်မီသေးတာ"

သုနန္ဒီက အားပျော့နေသည့် အသံကို မာအောင် ကြိုးစားရင်း ဝဲလာသော မျက်ရည်တွေကို မျက်တောင်ခတ်ထုတ် ပစ်ယ်ရှားလိုက်လေသည်။





ဖုန်းခွက်မျက်နှာပြင်မှာ ပေါ်လာသည့် နံပါတ်ကို ကြည့်ပြီး ဆက်ကောင်း တစ်ကိုယ်လုံးက အကြောအချဉ်တွေ ဖျိုးဖျိုးဖျဉ်းဖျဉ်း မြည်အောင် လှုပ်ရှားတုန်ခဲ့သွားကြသည်။

ဒါ ... ဒါဟာ သုနန္ဒီရဲ့ ဖုန်းနံပါတ်။

သူ့ဆီ ဖုန်းဆက်ခဲလှသော၊ စစ်စစ်ပေါက်ပေါက် ရေတွက်ကြည့်လျှင် သူမရဲ့ဆိုင်မှာ ဆက်ကောင်းရဲ့ ပိုက်ဆံအိတ် ကျန်ခဲ့စဉ်က တစ်ခါ၊ ပွတ်ဖုန်းတွေ အသစ်ပေါ်တုန်းက ဘယ်ဈေး ရှိသလဲ စုံစမ်းလို ပြန်ဖြေစဉ်ကတစ်ခါ (ဒါတွေကလည်း သုနန္ဒီ ကိုယ့်ဆီ ဖုန်းဆက်ဖြစ်အောင် ဆက်ကောင်းက တမင်တကာ အကွက်ဆင်ထားတာ) စုစုပေါင်း နှစ်ခါသာ ဖုန်းဆက်ဖူးသော သုနန္ဒီဟာ ဒီတစ်ခါ ဘာစိတ်ကူးပေါက်ပြီး ကိုယ်ထူကိုယ်ထ၊ သူမဘာသာ ဆက်တာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ကေန္တတော့ အဖြေများ ပေးလိုက်တော့မှာလား မသိ။ ဟုတ်လောက်တယ်။ မနေ့က ဖုန်းဆက်တုန်းက စကားပြော အဆင်ပြေနေလိုက်တာများ တကယ်လို့ ဆက်ကောင်းက ကြိုးကြိုးစားစားနဲ့ အဖြေတောင်းလျှင်တောင် ရနိုင်လောက်သည့် အနေအထား။

မနေ့က သုနန္ဒီဘက်မှာ ဧည့်သည်ရောက်လာသလား၊ အမေပဲ အခန်းထဲ ဝင်လာသလားမသိ၊ အနှောင့်အယှက် တစ်ခုခုသာ မရှိခဲ့လိုက်လျှင် ဒီနေ့ဆို ဆက်ကောင်းနဲ့ သုနန္ဒီတို့ဟာ ချစ်သူတွေအဖြစ်နဲ့ ရွှေတိဂုံဘုရားပေါ်တက်ပြီး သစ္စာဆိုနေကြရလောက်ပြီ။

အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်ဆိုသလို သုနန္ဒီ ဖုန်းပြောနေရာနား ရောက်လာသူ တစ်ယောက်ကြောင့် ဆန့်ငင်ဆန့်ငင် ဇာတ်သိမ်းလိုက်ရတာကိုပဲ မကျေနပ်လို့ ဒီကနေ့တော့ သူမပဲ အလိုက်သိစွာ ဖုန်းစ,ဆက်လာတာပဲ ဖြစ်ဖို့များသည်။

ကဲကွာ။ တွေးနေကြာတယ် မတွေးနေ မကြာဘူး။ ဖုန်းကို အမြန်ဖွင့်ကိုင်မှ။





"သုသုလားဟင် ... ကိုယ့်ဆီ ဖုန်းစဆက်တာ ဘာများ အရေးကြီးလို့လဲ၊ ဘာခိုင်းစရာ ရှိလို့လဲ"

ဆက်ကောင်းက ဖုန်းပြောရင်း အခန်းထဲကလည်း အမြန်ထွက်။ ခြံထဲ အပြေးအလွှားဆင်း။

ဖုန်းကို နားကြပ်နဲ့တော့ ဆက်ထားပြီးသား ဖြစ်နေပြီ။ လက်နှစ်လုံးခွဲစာလောက် ခပ်သေးသေးဟဲန်းဖုန်းလေးကို အင်္ကျီအိတ်ထဲထည့်၊ နားကြပ်ကို နားမှာ တပ်ထားလိုက်တော့ အနီးကပ် လာမကြည့်လျှင် ဆက်ကောင်း ဘာလုပ်နေသလဲဆိုတာ ဘကြီးမှောင် မသိနိုင်။ ဒီနည်းအားဖြင့် ဆက်ကောင်း ဖုန်းပြောတာကို အင်မတန် အမြင်ကတ်ပြီး အလွန်ပဲ နှောင့်ယှက်ချင်သော ဘကြီးမှောင်ရဲ့ရန်ကို ကာကွယ်နိုင်သည်လေ။

ဆက်ကောင်းက ဘကြီးမြင်သာသည့် အိမ်ဘက်ကို ကျောပေးလိုက်ပြီး အားနေသည့် လက်နှစ်ဖက်ကို ဒူးတစ်ဝက်ဘောင်းဘီပွပွကြီးရဲ့ အိတ်ကတ်ထဲ ထိုးထည့်ကာ ဟန်ကျပန်ကျ လမ်းလျှောက်ပြနေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပ်ဝမ်းသာတာပဲ၊ သုသု ကျွန်တော့်ဆီ စိတ်လိုလက်ရ ဖုန်းဆက်လာတာကိုလေ"

"သိပ်ဝမ်းမသာနဲ့ဦး၊ ကျွန်မပြောတာ နားထောင်ပြီးမှ ဝမ်းသာသင့် မသာသင့် ဆုံးဖြတ်လည်း နောက်မကျသေးဘူး"

"ဘာပဲဖြစ်ဖြစ် သုသု ကျွန်တော့်ဆီ ဂရုတစိုက်နဲ့ ဖုန်းဆက်တာကိုက ကျွန်တော့်အတွက် ဆုလာဘ်တစ်ပါးပဲ"

ဆက်ကောင်းက ပန်းခြံထဲမှာ ဟိုဘက်သည်ဘက် တတောက်တောက် တတက်တကီ လျှောက်ရင်း စကားပြောကောင်းနေသည်။

သူ သတိမထားမိသည့် အချက်တစ်ခုကား ဘကြီးဦးမိုးမှော်င် တစ်ယောက် တူတော်မောင် ကောင်းဆက်ရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်နေသည် ဆိုတာပင်။

ဦးမိုးမှော်င်ကလည်း အကြောင်းမဲ့တော့ စောင့်ကြည့်နေတာ မဟုတ်။ သူ့အမေ မှာလိုက်သည့်အတိုင်း ရွှေတိဂုံဘုရား





မှာ လက်ဝတ်လက်စားတွေလှူဖို့ ဆက်ကောင်းကို လိုက်ပို့ခိုင်းရအောင် ပြောမလို့ စောင့်နေတာ။

သူ့နေရာကကြည့်လျှင် ဆက်ကောင်းကို ခြံထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတာပဲ တွေ့ရသည်။ အနားရောက်အောင် ကပ်သွားသည့် အခါကျတော့ လားလား။ ဆက်ကောင်းဟာ တစ်ယောက်တည်း အသံထွက် စကားတွေ ပြောလို့ပါလား။

"ဟေ့ကောင် ... ငဆက်"

ဦးမိုးမှော်င်က တူဖြစ်သူကို လှမ်းခေါ်လိုက်သည်။ သို့သော် နားကြပ်တပ်ထားသော ဆက်ကောင်းက အလွယ်တကူနဲ့ မကြား။

"ကျွန်မ ဖုန်းဆက်တာက ရှင့်ကို လုံးဝငြင်းပယ်တယ် ဆိုတဲ့အကြောင်း ပြောမလို့"

"ဟေ့ကောင် ဆက်ကောင်း၊ ငါ့ကို ဘုရားလိုက်ပို့ပေးစမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဒါ လုံးဝမဖြစ်နိုင်ဘူး၊ ဘယ်လိုအကြောင်းနဲ့မှ မဖြစ်နိုင်ဘူးဗျာ"

"ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးဆိုတာ ကျွန်မဘက်က ဆုံးဖြတ်ချက်ပဲ၊ ရှင်ဝင်ပြီး တားဆီးခွင့် မရှိဘူးလေ"

"ဘာလို့ မဖြစ်နိုင်ရမှာလဲကွ၊ မင်းကများ ငါ့ကို အသံမာကြီးနဲ့ ငြင်းရဲသေးတယ်"

"ဒါ ကျွန်တော်နဲ့လည်း ဆိုင်တဲ့ကိစ္စပဲ၊ ကျွန်တော့်မှာ တားဆီးခွင့် ရှိရမှာပေါ့၊ ကျွန်တော် အရမ်းမျှော်လင့်ထားတဲ့ အခြေအနေ တစ်ခုကို စကားလေးတစ်ခွန်းတည်းနဲ့ ဖျက်ဆီးပစ်လိုက်ရတော့မှာလား"

"ရှင်လို လူတစ်ယောက်အတွက်ကတော့ ဖျက်ဆီးခံသင့် ခံရမှာပဲ၊ ရှင်မှ သစ္စာမရှိတာ၊ မိန်းကလေးတစ်ယောက်တည်းကို စွဲစွဲမြဲမြဲ မချစ်နိုင်တာ"

"မင်းကိစ္စတွေ ဖျက်ကို ဖျက်ရမှာပေါ့၊ တခြားဘာကိစ္စပဲ အရေးကြီးကြီး ကိုယ့်ဘကြီး အရေးထက်တော့ ဘာမှပို အရေးကြီးစရာ မရှိဘူး၊ ပြီးတော့ ဒါက ဘုရားသွားပြီး





အလှူအတန်းပြုမဲ့ ကိစ္စကွ၊ မင်းတို့ လူငယ်တွေဟာလေ ဘုရားတရားနဲ့လည်းဝေး၊ အလှူဒါနနဲ့လည်းဝေး"

ဖြစ်ချင်တိုင်းကို ဖြစ်နေကြတော့တာပါပဲ။

တစ်ဖက်က သုနန္ဒီကတော့ သူမ ပြောချင်သည့် စကားတွေကို စိတ်လွတ်လက်လွတ် အားပါးတရကို ပြောနေတာ။

ဒီဘက်မှာတော့ ဆက်ကောင်းက သုနန္ဒီ ပြောသမျှ အလောသုံးဆယ်ချေပ။ ဆက်ကောင်း ဖုန်းပြောနေတာကို မသိရှာသော အညာသားကြီး ဦးမိုးမှောင်ကား သူ့တူ သူ့ကို ပြန်ဖြေနေသည်လို့ပဲထင်လျက် ဒေါသတကြီးနဲ့ ရန်တွေ့။ ဆက်ကောင်းကလည်း ကြောက်ရလှသော ဘကြီးတစ်ယောက်လုံး သူ့နောက် ရောက်နေတာကိုတောင် ကိုယ့်အာရုံနဲ့ကိုယ်မို့ မသိ။

"ကျွန်မ ရှင့်အကြောင်းတွေ အားလုံးသိပြီးသွားပြီ"

"ဘာလဲ ... ဘာအကြောင်းလဲ"

"ရှင် သိပ်ပြီးပွေတယ်၊ ရှုပ်တယ် ဆိုတဲ့အကြောင်း"

"ဟာ ... မဟုတ်တာ၊ လုံးဝမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဟုတ်ရမှာလဲ၊ ငါ ရန်ကုန်ရောက်ကတည်းက မင်းကို ကြည့်နေတာ၊ မင်း ဘုရားရှိခိုးတာတောင် တစ်ခါမှ မမြင်ဖူးဘူး၊ ပုတီးစိပ် တရားထိုင်ဖို့ဆိုဝေး၊ ဟိုကောင် မိုးကောင်းလည်း သူ့သားတစ်ယောက်ကို ဘယ်လိုများ အုပ်ချုပ်ထိန်းကွပ်နေတယ် မသိပါဘူး၊ စည်းကမ်းမဲ့လိုက်တာ လွန်ပါရော"

ဦးမိုးမှောင်က ပြောပြောဆိုဆို ဆက်ကောင်းနဲ့ မျက်နှာချင်းဆိုင်တည့်တည့် ဝင်ရပ်ဖို့ ကြိုးစားသည်။

သို့သော် တိုက်တိုက်ဆိုင်ဆိုင် ဦးမိုးမှောင် ရှေ့ဘက်ကို ရွှေ့လိုက်တော့မှပဲ လက်ဟန်ခြေဟန်တွေနဲ့ အားပါးတရ စကားပြောနေသော ဆက်ကောင်းက နောက်ကျောဘက်သို့ ချာခနဲ ပြန်အလှည့်နဲ့ဆုံကာ နဂိုအတိုင်း ဦးမိုးမှောင်ကို ကျောခိုင်းလျက် အနေအထားပဲ ပြန်ဖြစ်သွားတော့သည်။

"ကျွန်မ တော်တော်ညံ့တာပဲ၊ ရှင်နဲ့ သိလာတာ ဒီလောက်ကြာပြီ မနေ့ကမှ ရှင့်အကြောင်းကို သိရတော့တယ်"





"ဘယ်သူလဲ ... ဘယ်သူ ချောက်တွန်းပြီး ကျွန်တော့် အကြောင်း မဟုတ်ကဟုတ်ကတွေ လျှောက်ပြောတာလဲ"

"ဘယ်သူမှ ပြောစရာမလိုဘူး၊ ငါ ဒီအိမ်မှာ သုံးရက်လောက် နေလိုက်ရုံနဲ့ မင်း အချိုးတွေ ကြည့်ပြီး အခြေအနေကို ခန့်မှန်းလို့ရတယ်"

"ပန်းစကား ရှင် သူ့ကိုတော့ သိတယ် မဟုတ်လား"

"ဘာ ... တောက် !..."

'ပန်းစကား' ဆိုသည့် နာမည်ကို ကြားလိုက်တာနဲ့ ဆက်ကောင်းက ဒေါသတွေ ဖြစ်သွားကာ တောက်တစ်ချက်ကို ပြင်းပြင်းခေါက်လိုက်မိပြီ။

ဒီမိန်းမဟာ နေရာတကာ သူနဲ့ပဲ ပြဿနာ။ သိပ်မကြာသေးခင်ကပဲ သည်းဦးပန်းကို သူပဲ သွားချောက်တွန်းလို့ အကြီးအကျယ် ပြဿနာတက်ခဲ့ရပြီးပြီ။ ဘကြီးမှောင်ကိစ္စတုန်း ကလည်း သူမ နှောင့်ယှက်တာပဲ။

"တော်တော်အားယားနေတယ် ထင်တယ်၊ သူများကိစ္စပဲ လိုက်လိုက်နှောင့်ယှက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်း ... မင်း ... မင်း ... ကိုယ့်ဘကြီးတစ်ယောက်လုံးကို ဒီလိုပြောတယ် ဟုတ်လား"

ဦးမိုးမှောင်ကြီး ဒေါသပေါက်ကွဲပါလေရော။ ဒီတစ်ခါတော့ပါးစပ်သာမက လက်ပါပါလာလေတော့ကာ ဆက်ကောင်းရဲ့ပခုံးကို ခပ်ကြမ်းကြမ်း ဆွဲလှည့်ပစ်လိုက်ပြီး ...

"ခွေးကောင် ... အမျိုးယုတ်၊ အဲ ... ဒါတော့ မဟုတ်သေးပါဘူး၊ အရိုင်းအစိုင်းကောင်၊ မင်းသာ ငါ့တူအရင်းမဟုတ်လို့ကတော့ မျိုးနဲ့ ဆွေနဲ့ကို ချိုးပြီး ကိုင်တုတ်ပစ်ချင်စမ်းတယ်"

"မှားနေပြီ ဘကြီးမှောင်၊ ကျွန်တော် ဘကြီးကို ပြောတာမဟုတ်ဘူး"

"ကိုဆက်ကောင်း ... ရှင် ဘယ်သူနဲ့ စကားပြောနေတာလဲ၊ ဘာသံတွေလဲ"

"ဘယ်သူနဲ့မှ မပြောပါဘူး"

"ငါ မိုးကောင်းကို အခုခေါ်မယ်၊ ဒီလောက်ရိုင်းစိုင်းတဲ့သားကို ပယ်ပယ်နယ်နယ် ဆုံးမခိုင်းမယ်"





"ရှင် ဘာပြောတယ်၊ ကျွန်မက ရိုင်းစိုင်းတယ်၊ ဟုတ်လား၊ ရှင် မကောင်းလို့ မကောင်းဘူး ပြောတာကိုများ ဝေဖန်ချင်သေးတယ်၊ ပြီးတော့ ရှင်လိုလူကများ ကျွန်မကို ဆုံးမဦးမယ် ဟုတ်လား၊ ရှင့်လို နှမချင်း မစာနာ မိန်းကလေးတွေကို လှည့်စားချင်တဲ့ သူမျိုးကိုသာ ဆုံးမရမှာ"

"ဟာ ... မဟုတ်ဘူး ... မဟုတ်ဘူး ... အဲဒါ ကျွန်တော်ပြောတာ မဟုတ်ဘူး"

လိုင်းတွေ ပူးကုန်ပြီမို့ ဆက်ကောင်းက စိတ်ညစ်ညစ်နဲ့ ထ,အော်သည်။ သို့သော် ဘကြီးမှောင်က အဲဒီတော့မှ အတွေးပြောင်းသွားကာ ...

"ဘာရယ် ... မင်းပြောတာ မဟုတ်ဘူး၊ သေချာပြီ ... သေချာပြီ၊ ဒါဆို မင်းကို အပမှီနေပြီ၊ ဒါကြောင့် ငါ အစကတည်းက ကြည့်နေတာ၊ မင်းတစ်ယောက်တည်း ခြံထဲမှာ တကောက်ကောက်လျှောက် လက်ဟန်ခြေဟန် အမူအရာတွေလုပ်၊ စကားတွေ တတွတ်တွတ် ပြောနေတာ မှုမမှန်ပါဘူးလို့၊ လာခဲ့စမ်း ... မင်းကို ဒီအတိုင်း လွှတ်ထားလို့ မဖြစ်ဘူး၊ ငါ့အသိ ပယောဂဆရာဆီ ခေါ်သွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးမှောင် ကျွန်တော် ဘာမှ မဖြစ်ဘူးနော်၊ ကျွန်တော် မလိုက်ဘူး၊ ဒါ အထင်လွဲတာသက်သက်ပါ သုသုရယ်"

"ကြည့်စမ်း ... ငါနဲ့ ပြောနေရင်းကနေ ဖောက်လာပြန်ပြီ၊ ပယောဂပူးတာ မဟုတ်ရင်တော့ မင်း ရူးနေတာပဲဖြစ်မယ်၊ ဒါဆိုရင်တော့ ရွာသားကြီးကို ခုချက်ချင်း ခေါ်သွားရမယ် ဟေ့"

"ရှင် ဘာပြောလိုက်တယ်၊ ပန်းစကားရဲ့ စကားကို ယုံတာနဲ့ ကျွန်မက ရူးနေတာဖြစ်ရောလား၊ ရွာသားကြီးသွားရရောတဲ့လား၊ ရူးစရာရှိရင် ရှင်ပဲ ရူးမှာ၊ ရှင်က ရိုးရိုး အရူးမဟုတ်ဘူး၊ တနွာရူး"

ရှုပ်ယှက်တော့ခတ်ကုန်ပါပြီကော။ ဘကြီးမှောင်က ထင်ရာမြင်ရာတွေ လျှောက်ပြော။ ဘကြီးမှောင်ရဲ့ စကားကို တစ်ပိုင်းတစ်စ ကြားနေရသော သုနန္ဒီက ဆက်ကောင်း သူမကို ပြောနေတာတွေပဲ မှတ်မိလို့ ရန်တွေ့။ ဆက်ကောင်းက သုနန္ဒီကို ဖြေရှင်း။ အခုထက်ထိ ဆက်ကောင်းဟာ ဖုန်းပြောနေခြင်းဖြစ်သည်ဆိုတာ သဘောမပေါက်သေးသော ဘကြီးမှောင်ကလည်း





သူ့ကို ပြောတာ ဒါမှမဟုတ် ကိုယ့်ဘာသာ တစ်ယောက်တည်း ပြောနေတာဆိုသည့် အထင်နဲ့ စိတ်ဆိုးသည့်အခါဆိုး၊ ရူးပြီးရယ်လို့ စိတ်ပူသည့်အခါပူ။ ဒါနဲ့ပဲ စကားတွေကို တောင်ရောက် မြောက်ရောက် လျှောက်ပြော။ ဒီလိုနည်းအားဖြင့် သုံးသရာက အစကပြန်ပြီးလည်ပြန်ပါရော။

အမှန်တော့ ဆက်ကောင်းတသာ ပြောလက်စကားတွေ အားလုံးကို တိခနဲ ဖြတ်တောက်ရပ်တန့်ပြီး အဖြစ်မှန်ကို ရှင်းပြလိုက်မည်ဆိုလျှင် လောလောဆယ် ရှုပ်ထွေးနေသည့် ပြဿနာကတော့ ပြေလည်သွားမည်။ ဘကြီးမှောင်နဲ့ သုနန္ဒီတို့လည်း သဘောပေါက် ကျေနပ်သွားကြမည်။

သို့သော် ဆက်ကောင်း ကိုယ်တိုင်ကလည်း လုံးဝ မျှော်လင့်မထားခဲ့သည့် အငြင်းစကားကို ကြားလိုက်ရတာရယ်၊ ပန်းစကား ဝင်ရှုပ်ထားတာ သိလိုက်ရလို့ စိတ်တိုတာရယ် ခေါင်းကာ လူက ထူပူဖောင်းကြွနေပြီမို့ ဘာလုပ်လို့လုပ်ရမှန်း ခွဲခြမ်းမရနိုင်။ နှစ်ယောက်ကြားက လွန်းထိုးသလို ရှုပ်ထွေးနေသော စကားတွေကို လိုက်ရှင်းနေရတာနဲ့တင် ပါးစပ်မအားတာမို့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ဖုန်းပြောနေတာပါလို့ တစ်ခွန်းကလေး ပြောဖို့တောင် အချိန်မလောက်ဘဲ ဖြစ်နေသည်။

ထိုအချိန်မှာ လက်ပိုက်ကြည့်မနေနိုင်တော့သော နတ်ကောင်းနတ်မြတ်တွေရဲ့ ကယ်တင်မှုနဲ့ ဖုန်းက ဘက်ထရီ ကုန်ကာ ပြတ်တောက်သွားတော့သည်။

ဒီတော့မှ ဆက်ကောင်းလည်း နားကြပ်ကို ဖြုတ်၊ အိတ်ထဲက ဟဲန်းဖုန်းကို ထုတ်ကာ ဘကြီးမှောင်ကို အဖြစ်အပျက် အလုံးစုံ နတ်သံနှောရတော့သည်။

❧ ❦ ❧





"ဟော ... ဘကြီး ... ဘုရားဖူးလာတာလား၊ သမီးကို မှတ်မိလားဟင်"

ရင်စေ့အင်္ကျီ အဖြူလက်ရှည်၊ ထဘီညိုရင့်ရောင်၊ ယောဂီတဘက် လက်ကတော့ထိုးနှင့် သူ့ကို တရင်းတနှီးနှုတ်ဆက် လိုက်သော မိန်းကလေးကို ဦးမိုးမှောင်က ရုတ်တရက် မမှတ်မိ။

တစ်ခါတွေ့တုန်းက ခပ်တိုတိုဝဲဝဲ ဆံပင်လေးဟာ စတက်ပ်ပုံစံ အစစ အထစ်ထစ်တွေနဲ့ အရောင်ကလည်း ခရမ်းလိုလို အနီလိုလို။ အခုတော့ အရောင်က အပြောင်းအလဲ မဖြစ်ပေမဲ့ နဖူးက ဆံပင်တွေကို ဘီးကုပ်နဲ့ လှန်တင်ထားကာ ရှိစုမဲ့စု ဆံပင်လေးတွေကို သားရေကွင်းနဲ့ စုစည်းထားတာမို့ မျက်နှာ ပြောင်ပြောင်ရှင်းရှင်းကလေးနဲ့ ဖြစ်နေသော မိန်းကလေးကို ဦးမိုးမှောင်က တော်တော်လေး ကြည့်ပြီးတော့မှ မှတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ... ဟို ..."

"ဟုတ်တယ်လေ ဘကြီးရဲ့၊ စကားလေ ... ဘကြီးကို ဘူတာရုံကနေ အိမ်လိုက်ပို့ပေးခဲ့တာလေ"

"ဪ ... အေး ... အေး ... မှတ်မိပြီ မှတ်မိပြီ၊ သမီးက ဘုရားပေါ် ဘာလာလုပ်တာလဲကွယ့်"

"ဒီနေ့ ဥပုသ်နေ့လေ ဘကြီးရဲ့၊ သမီးတို့အဖွဲ့က ဘုရားပေါ်မှာ သန့်ရှင်းရေးလုပ်ဖို့ တာဝန်ကျလို့ပါ"

"ကောင်းလိုက်တာကွယ်၊ ကျက်သရေရှိလိုက်တာ၊ ကြည့်စမ်း ဒီခေတ်ကလေးတွေထဲမှာတော့ သမီးလို မိန်းကလေး ရှားပါ့ကွယ်၊ စိတ်သဘောထားလေးလည်း ပြည့်ဝ၊ ဘုရားတရားလည်း ရိုသေကိုင်းရှိုင်း၊ တန်ဖိုးရှိလိုက်တာ"

"မရှားပါဘူး ဘကြီးရဲ့၊ သမီးတို့ အဖွဲ့သားတွေအားလုံး နီးပါး သမီး အရွယ်တွေပါပဲ၊ ဟိုနားမှာ အမှိုက်ကျုံးနေတဲ့ ကောင်မလေးနှစ်ယောက်တွေ့လား၊ သူတို့ဆို သမီးထက် အများကြီးငယ်သေးတယ်"





"အင်းလေ ... အဲဒီကလေးမလေးတွေလည်း ချီးကျူးရမှာပဲ၊ သမီးကတော့ ဘကြီးနဲ့ အသိဖြစ်နေလို့ ပါးစပ်က ဖွင့်ပြောတာပါကွယ်၊ ခုခေတ်ကြီးထဲမှာ ဒီလိုလိမ္မာသိတတ်တဲ့ ကလေးတွေ ရှားသွားပြီ"

ဦးမိုးမောင်က ဘုရားလိုက်ပို့ဖို့အရေး တွန့်လိမ်ကောက်ကွေးရှောင်ရှားနေပြီးသော် ရှောင်လို့မရသည့်အခါကျတော့လည်း 'ဘကြီးကို ခဏချထားပြီး သွားစရာရှိတာ သွားလိုက်ဦးမယ်' ဆိုကာ ဓာတ်လှေကားအထိပဲ ပို့ပေးခဲ့သည့် တူတော်မောင် ဆက်ကောင်းကို မြင်ယောင်ပြီး နာနာကြည်းကြည်း ပြောလိုက်တာ ဖြစ်ပါသည်။

"ရှားတော့မရှားပါဘူး ဘကြီးရဲ့၊ လူငယ်တွေမှာလည်း သူ့အကန့်နဲ့သူ ရှိပါတယ်၊ တချို့ မိဘလုပ်စာသုံးဖြုန်း၊ ပျော်ပါးသောက်စား၊ ရန်ဖြစ်ဆိုးသွမ်းတာမျိုးရှိသလို တချို့ကျတော့ ဘုရားတရားအလုပ်လုပ်၊ ပညာရှာ၊ စီးပွားရှာ၊ ဘဝတိုးတက်ရေးအတွက် ကြိုးစားနေကြတာတွေ တစ်ပုံကြီးပါ၊ ဘကြီးက ဆိုးတဲ့လူငယ်တွေကိုပဲ တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့လို့နေမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ သမီးရယ်၊ ပြောရမှာ ရှက်စောင်ရှက်ပါတယ်၊ ဘကြီး တွေ့ဖူးတဲ့သူက သိပ်မများပါဘူး၊ ကိုယ့်တူအရင်းခေါက်ခေါက်တစ်ယောက်တည်းပါ၊ တက္ကသိုလ်နောက်ဆုံးနှစ်သာ ရောက်နေတယ် မိသားစုလည်းမကူ ဘုရားတရားလည်း ဟုတ်တိပတ်တိမရှိ၊ အားအားရှိ ကောင်မလေးတွေနဲ့ လျှောက်လည်၊ ဖုန်းပြော၊ ပြဿနာတွေရှင်း၊ အို ... ဒါနဲ့ပဲ အချိန်ကုန်နေတာ၊ ဟိုတစ်ခါ ဘကြီးကို ဘူတာရုံမှာလာကြိုမယ်ဆိုပြီး မကြိုတဲ့ တစ်ယောက်ပေါ့၊ အခုလည်း ကိုယ့်ဘကြီး ဘုရားတက်ချင်တာများ သားက အဖော်လိုက်ပေးတော့ ကိုယ့်လည်းကုသိုလ်ရ၊ ဘကြီးလည်း အဖော်မရဘူးလား၊ အဲဒါကိုများ လိုက်မပေးနိုင်ဘူးလေ၊ သွားစရာရှိတာသွားပြီး အပြန်ကျမှ ပြန်ကြိုမယ်တဲ့ ... ကဲ"

ဦးမိုးမှော်က ဘာရယ်ညာရယ်မဟုတ်။ လတ်တလော မကျေနပ် ဖြစ်နေတာရယ်၊ သူ့တူရဲ့ အမြင်ကတ်စရာအကျင့်တွေကို သိတတ်လိမ္မာသော မိန်းကလေးတစ်ယောက်နဲ့ ယှဉ်ပြီး အားမလိုအားမရ ဖြစ်ရတာရယ်ကြောင့် စိတ်ရှိလက်ရှိ ရင်ဖွင့်ပစ်လိုက်မိတာ။





"ဒါဖြင့် အခု ဘကြီးတစ်ယောက်တည်းပေါ့၊ ဒါဆို သမီး အဖော်လိုက်ပေးမယ်လေ၊ ဘကြီး ဘယ်သွားချင်သလဲ"

ပန်းစကားက ဦးမိုးမှော် သွားချင်သည့် ဂေါပကရုံး အလှူခံဌာနတွေအပြင် ဘုရားတစ်ပတ်၊ ပိဋကတ်တိုက်တွေအထိ လိုက်ပို့ပေးကာ ရှင်းလင်းပြလိုက်သေးသည်။

"တော်လိုက်တာ ... တော်လိုက်တာ၊ အိမ်ကကောင်နဲ့ကတော့ ခြားနားလိုက်ပါပေ့"

"ယောက်ျားလေးအများစုကတော့ ဒီလိုပါပဲ ဘကြီးရယ်၊ ရည်းစားတွေ အပြိုင်ထား၊ ဟဲန်းဖုန်းတစ်လုံးနဲ့ တစ်နေကုန်ဆက်၊ သူငယ်ချင်းတွေနဲ့ ဂိမ်းဆိုင်သွား၊ အင်တာနက်ထဲဝင်ပြီး ချက်(တ်)လုပ်၊ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်ထိုင်၊ များသောအားဖြင့် ဒီလိုနည်းနဲ့ပဲ အချိန်ဖြုန်းကြတာပဲ၊ စကား သိတဲ့ ကောင်လေးတစ်ယောက်ဆိုရင် တစ်ချိန်လုံး ဟဲန်းဖုန်းနဲ့ နားရွက်ကို မခွာဘူးတဲ့၊ သူ့ကို မစွတာဖုန်းဆိုလား၊ အဲဒီလိုတောင် ခေါ်ရတာတဲ့၊ ဒါပေမဲ့ သူ ဖုန်းဆက်နေတာက အကျိုးရှိတဲ့ ကိစ္စမျိုးတော့ မဟုတ်ဘူးကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးတွေနဲ့ အရည်မရ အဖတ်မရ အဲဒီတဲ့ စကားတွေ ပြော၊ သူ ရှုပ်ထားတာတွေ ပေါ်လို့ ဖြေရှင်းရ၊ အို ... ဒါနဲ့ပဲ ရှုပ်ယှက်ကိုခတ်နေတာပဲတဲ့”

ဦးမိုးမှောင်က ချက်ချင်းပဲ-သဘောတူထောက်ခံလိုသည့် ပုံစံကြီးနဲ့ ခေါင်းတညိတ်ညိတ် ဖြစ်သွားကာ ...

“ဟုတ်တယ် ... ဟုတ်တယ်၊ ဘကြီးတူလည်း သမီး ပြောတဲ့အတိုင်း ကွက်တိပဲ၊ ဒီခေတ်ယောကျ်ားလေးတွေဟာ စက်ရုံက ထုတ်လိုက်သလို ပုံစံတူပဲလား မသိပါဘူး”

“စကားသိတဲ့ တစ်ယောက်ကတော့ အားလုံးထဲမှာ ဇာတ်လမ်းအရှုပ်ဆုံးပဲ ဖြစ်မယ်ထင်တယ်၊ ဖုန်းပြောလွန်းလို့ တစ်ခါတလေ သူ့အဖေက ဖုန်းခကုန်တာများလွန်းအားကြီးရင် အိမ်ပေါ်က နှင်ချတာတို့ ဖုန်းကို ပြန်သိမ်းတာတို့ လုပ်တာ၊ ဒါပေမဲ့ သူကလည်း မမှုဘူးတဲ့၊ နယ်က အဘွားဆီကို ငွေလိမ်တောင်းပြီး ဖုန်းဖိုးပေးတာတဲ့၊ သူ့အဘွားက အရှိမ်းချမ်းသာပြီး သူ့ကို အရမ်းအလိုလိုက်တာတဲ့လေ၊ ပြီးတော့ နယ်ကဆိုတော့လည်း သူ့မြေးက





ငွေတောင်းပြီး အရေးမပါတဲ့ကိစ္စတွေအတွက် သုံးနေတယ်ဆိုတာ မသိနိုင်ဘူးပေါ့”

ဦးမိုးမှောင်က အနည်းငယ် မျက်လုံးပြူးသွားလေသည်။

ဒီကလေးမ ပြောနေသည့် လူငယ်လေးရဲ့အကြောင်းဟာ အိမ်က ဆက်ကောင်းရဲ့အကြောင်းနဲ့ ထပ်တူနီးပါးပါလား။

ဒီလို လူငယ်မျိုး ရန်ကုန်မြို့မှာ နှစ်ယောက်လောက်တောင်မှ ရှိနေပြီပဲ။

“အဲဒီဆက်ကောင်းဆိုတဲ့ တစ်ယောက်ဟာ ဘယ်လောက်တောင် ရှုပ်သလဲဆိုရင် ...”

“ဘာရယ် သမီး၊ သမီးပြောတဲ့ ကောင်လေးနာမည်က ဘယ်သူ”

“ဆက်ကောင်းတဲ့ ဘကြီး”

ဩော် ... ဒီလိုကိုး။ ထပ်တူညီလှပါလားမှတ်နေတာ လက်စသတ်တော့ ကလေးမလေး ပြောပြသည့် လူရှုပ်လူပွေဟာ တူတော်မောင် ဆက်ကောင်းမှ ဆက်ကောင်းစစ်စစ်ကြီးပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



စကားတပြောပြောနဲ့ ဆင်းလာလိုက်တာ ဘုရားအောက်ခြေကို ပြန်ရောက်လာခဲ့ပြီ။ အောက်ကိုလည်း မြန်မြန်ရောက်ပါပေလို့ပဲ။ အောက်မရောက်ခင်သာ ဒီသတင်းကို သိလိုက်ရလျှင် ဦးမိုးမှောင်တို့ ဒေါသထွက်တာနဲ့ပဲ ဆက်မဆင်းနိုင်ဖြစ်တော့မည်။

ပန်းစကားကတော့ ဒေါသကြောင့် တဆတ်ဆတ်တုန်နေသည့် ဦးမိုးမှောင်ရဲ့ အဖြစ်ကို နားမလည်။ ဦးမိုးမှောင်မျက်စိမျက်နှာ ပျက်နေတာဟာ စောင်းတန်းလှေကားက ဆင်းလိုက်ရသလို မောသွားတာလို့လည်းပဲ ထင်နေသည်။

"ဘကြီး တော်တော်မောသွားလား၊ သမီးတို့ ပိုင္ဂကတ်တိုက် ဝင်နေတာနဲ့တင် အချိန်ကြာသွားလို့ ခေတ်လှေကား ပိတ်ချိန်နဲ့ တိုက်ဆိုင်သွားတာ"

"အေး ... မောတယ်၊ တော်တော်ကို မောသွားတယ်"

"အားနာလိုက်တာ ဘကြီးရယ်၊ သမီး သတိမေ့သွားမိလို့"

"ဟော ... မဟုတ်ဘူး ... မဟုတ်ဘူး၊ သမီးကြောင့် မဟုတ်ဘူး၊ ဘကြီးက ကိုယ့်အကြောင်းနဲ့ကိုယ်ပါ"





"ဘကြီးကို လာကြို့မဲ့ ကားရော"

"ကားရပ်ဖို့နေရာမှာပဲ ရှိမှာပေါ့၊ ဒီအေးလှကားက ဖြတ်ဆင်းရမယ် ထင်တယ်၊ တွေ့ပြီ ဒီဘက်နားလေးတင် ရပ်ထားတာ"

"ဒါဆို သမီး သွားလိုက်တော့မယ်နော်"

ဦးမိုးမှောင်ကား ပန်းစကားကိုတောင် ဘာမှ သေသေချာချာ ပြန်မပြောနိုင်။ ဆက်ကောင်းရဲ့ကား (ကားအေးမှာ ရပ်ပြီး ဖုန်းပြောနေသော ဆက်ကောင်း)ကို တွေ့လိုက်တာနဲ့ ဒေါသတွေ အလိမ်လိုက် ထွက်ကာ ခြေလှမ်းကျဲကြီးနဲ့ လှမ်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်အတွက် အပြင်းထန်ဆုံးသော မုန်တိုင်းကြီး တစ်ခု ဆက်ကောင်းတို့အိမ်ရဲ့ ဧည့်ခန်းကို ဗဟိုပြုကာ တိုက်ခတ်လေသည်။

"ရှက်တယ် ... ငါ ရှက်တယ်၊ မင်း ဘကြီးအဖြစ်နဲ့ လူကြားထဲမှာ ဘယ်လိုလုပ်ပြီး မျက်နှာပြရမှာလဲဟင်"

"ကျွန်တော့် ဘကြီးအဖြစ်နဲ့ မပြနဲ့ပေါ့ ဘကြီးမှောင်ရဲ့ ဦးမိုးမှောင်အနေနဲ့ပဲ ပြရမှာပဲဟာ"

"မင်း ငါ့ကို ခံမပြောနဲ့နော်၊ ငါ ဘယ်လောက် စိတ်တို နေတယ်ဆိုတာ မင်း သိတယ် မဟုတ်လား"

"ဟုတ်"





"မိန်းကလေး တစ်ယောက်ကိုတောင် တန်ဖိုးချင်း မယှဉ် နိုင်တဲ့ကောင်ကွာ၊ ယောကျ်ားစင်စစ်ဖြစ်ပြီးတော့"

"ဘကြီးမှောင်ကလည်း တန်ဖိုးဆိုတာ မိန်းကလေး ယောကျ်ားလေး ခွဲခြားသတ်မှတ်လို့ရတာမှ မဟုတ်တာ၊ မိန်းမဖြစ်လို့ တန်ဖိုးနည်းရမယ်၊ ယောကျ်ားမို့လို့ တန်ဖိုး ပိုတက်တယ်မှ မဟုတ်တာ၊ အလုပ်အကိုင် အရည်အချင်း၊ စိတ်နေစိတ်ထားပေါ် မူတည်ပြီးတော့ပဲ တန်ဖိုးကို သတ်မှတ် ရတာ၊ မဟာပုရိသဝါဒကို လက်ကိုင်ထားမနေစမ်းပါနဲ့"

"မင်းက ဒါမျိုးပဲ ပြောဖို့တတ်တဲ့ကောင်ပဲ၊ ပါးစပ်ကတော့ တစ်ခွန်းမှ အရှုံးမပေးတမ်း ဗျစ်ကယ်ဗျစ်ကယ် ပြောထွက် ပါလိမ့်မယ်၊ လက်တွေ့ကျကျ ဘာရှိသလဲဆို နတ္ထိ၊ ညံ့ပေမဲ့ စကားမပြောတတ်တဲ့ကောင်မျိုးကမှ တော်သေး တယ်၊ မင်းဆိုတဲ့ကောင်က အရည်အချင်း ညံ့ရတဲ့ကြားထဲ လေလုံးကလည်း ထွားသေး၊ အလကား သကြိုန်အကြောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးစကားတွေက ပြင်းထန်လွန်းအားကြီးတယ်ဗျာ၊ အမေဖေတောင် ဒီလောက်ပြောင်မြောက်တဲ့ စကားလုံးတွေ ရှာမတွေ့ဖူးသေးဘူး"

"မင်းအဖေက သူ့အလုပ် သူ့တာဝန် ဒါပဲ သိတာကိုး၊ မင်းအမေကျတော့လည်း သားလေး ဘယ်လို အလိုလိုက်ရမလဲ၊ သားတော်တဲ့ ပိုက်ဆံ ဘယ်က ရှာပေးရမလဲ ဒါပဲတွေးနေတာ၊ ဟိုးအဝေးက ငါ့အမေ မင်းအဘွားတောင် ပါလိုက်သေးတယ်၊ ငါတို့ ငယ်ငယ်တုန်းကတော့ စည်းကမ်းတွေ တစ်လှေကြီးချထားခဲ့ပြီး မင်းလက်ထက်ကျမှ ဘာဖြစ်သွားရတယ် မသိပါဘူး၊ အခုတော့ မတွေ့ဖူး မမြင်ဖူးသေးတဲ့ လူတွေကတောင် မြေးလိမ်သမျှခံနေရတဲ့ ခပ်တုံးတုံးတောသူ အဘွားကြီး ဆိုပြီး အထင်သေးခံနေရပြီ"

"ဗျာ ... အဘွားကို ဘယ်သူက အထင်သေးလို့လဲ၊ ဘကြီးမှောင် ဘယ်က သတင်းတွေ ကြားလာပြန်ပြီလဲ"

"ဘယ်က ကြားကြားပေါ့ကွ၊ မင်း အမေ့ဆီက ငွေလိမ်တောင်းပြီး ဖုန်းခဆောင်ဆောင်နေတာရော၊ ကောင်မလေး





တွေနဲ့ မင်း ဖုန်းပြောလွန်းလို့ မင်းအဖေက ဖုန်းခဆောင်မပေးတော့တာရော၊ ဓာတ်လမ်းရှုပ်တာတွေရော အားလုံး ငါ သိလာခဲ့ပြီးပြီ"

ခုတလော ကံကိုမကောင်းပါလားနော်။

လွန်ခဲ့သည့် သုံးရက်လောက်က သည်းဦးပန်းနဲ့ ပြဿနာ ဖြစ်ရသည်။ မနေ့က သုနန္ဒီက အပြတ်ငြင်းလွှတ်တာ ခံရသည်။

ဒီနေ့ကျတော့ လာပြန်ပါပြီ ဘကြီးတော်။

ကောင်မလေးတွေနဲ့ တက်သည့် ပြဿနာကို ဖြေရှင်းရတာကမှ တော်ပေဦးမည်။ လူ့ခွစာ၊ လူ့ကန့်ကန့်၊ တစ်ဖွတ်ထိုး၊ ဒေါသအိုး ဘကြီးမှောင်နဲ့ ပြဿနာ တက်ရတာကတော့ ဘယ်လိုမှ မလွယ်။

"ဘကြီးနော်၊ ကျွန်တော့်သူငယ်ချင်းတွေ ပြောတိုင်းလည်း မယုံနဲ့ဦး၊ ဒီကောင်တွေက ဒီလိုပဲ၊ အချင်းချင်း လှည့်ပတ်ချောက်တွန်းနေကြတာ၊ သူတို့စကားယုံရင် ဘကြီးပဲ အရှုံး ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ၊ ငါက ဘာလို့ ရူးရမှာလဲ၊ မင်းသူငယ်ချင်းတွေနဲ့ရော ငါ ဘယ်တုန်းက အဖက်လုပ်စကားပြောဖူးလို့လဲ၊ အခု မင်းအကြောင်းပြောတဲ့ ကလေးမလေးက ဘုရားနဲ့တရားနဲ့ကွ၊ တွေ့တာတောင် ဘုရားမှာတွေ့တာ၊ ဝတ်ထားတာလည်း ယောဂီဝတ်စုံလေးနဲ့"

"ကျွန်တော့်အတင်းပြောဖို့များ ယောဂီဝတ်စုံဝတ်ပြီး ဘုရားတက်ပြရသေးလားဗျာ၊ ခေါင်းတုံးတုံးပြီး သီလရှင် ဝတ်လိုက်ရင် ပိုမကောင်းပေဘူးလား ဒါဆိုလည်း"

"မင်းအကြောင်း ဘယ်သူကမှ တကူးတက မပြောဘူး၊ ငါက ခုခေတ် လူငယ်တွေ မကောင်းတဲ့အကြောင်းပြောလို့ သူကလည်း သူသိတဲ့ လူတစ်ယောက်အကြောင်း ပြန်ပြောပြတာ၊ နားထောင်ရင်း နားထောင်ရင်း မင်းနဲ့ ပုံစံချင်း တူလှပါလားမှတ်တယ်၊ နာမည်ထည့်ပြောတော့မှ မင်းအကြောင်းပဲ ဖြစ်နေတော့တာကိုးကွ"

"ပြောတဲ့ ကောင်မလေးက ကျွန်တော့်ကို သိတယ် !... ဘယ်သူတဲ့လဲ၊ သည်းဦးပန်းများလား"





ဘကြီးနဲ့ ရင်းနှီးပတ်သက်စရာဆိုလို့ သည်းဦးပန်းတစ်ယောက်ကိုပဲ ဆက်ကောင်းက စဉ်းစားမိသေးသည်။

"မဟုတ်ဘူး၊ ဟိုတစ်ခါ ငါ့ကို ဘူတာရုံကနေ အိမ်လိုက်ပို့ပေးတဲ့ ကောင်မလေး၊ နာမည်တောင် မမေးမိသေးဘူး"

ဘကြီးက နာမည်မမေးမိဘူးဆိုပေမဲ့ ဆက်ကောင်းက ချက်ခနဲ သိလိုက်ပါပြီ။ ဘကြီးမောင်ကို ဘူတာရုံကနေ အိမ်ပြန်လိုက်ပို့ပေးတဲ့ ကောင်မလေး၊ မဆိမဆိုင် လူတွေအထိ လိုက်ပြီး အာချောင်လျှာရှည်တဲ့သူ။ ဘယ်သူများဖြစ်ရဦးမလဲ။ ပန်းစကားပဲပေါ့။

"တောက် ... တော်တော်လျှာရှည်တဲ့ မိန်းမ၊ ငါ့အကြောင်းတွေ ဘာဆိုင်လို့ သူက လိုက်တိုင်နေရတာလဲ"

"တိုင်တာမဟုတ်ဘူး၊ သူက မင်းကို ငါ့တူမှန်းတောင် သိတာမဟုတ်ဘူး၊ ခုခေတ်လူငယ်တွေဟာ ဘယ်လိုပုံစံမျိုးလဲဆိုတာ ငါ့ကို ဥပမာပေးပြီး မင်းအကြောင်း ပြောပြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ပိုလို့တောင် မဖြစ်သင့်သေးတယ်၊ ကျွန်တော်တို့ တူဝရီးတော်မှန်းသိလို့ တိုင်တဲ့သဘော ပြောတယ်ဆိုရင်မှ သဘာဝကျသေးတယ်၊ အခုဟာက ဘာမှ မဆိုင်ဘူးလို့ သူ ထင်တဲ့ လူတစ်ယောက်ရှေ့မှာတောင် ကျွန်တော့် အကြောင်းကို အတင်းလုပ်ပြီး ပြောတယ်ဆိုတော့ နှုတ်ဖွာလွန်း အာချောင်လွန်းရာ ကျမနေပေဘူးလား"

"ကိုယ့်အပြစ်ကို ဖုံးကွယ်ချင်တာနဲ့ပဲ သူများကို အပြစ်လျှောက်ရှာမနေနဲ့စမ်း၊ အေး ... သူ အတင်းပြောတတ်တော့ရော ဘာဖြစ်သေးလဲ၊ သူများကို ဘာထိခိုက်သလဲ"

"အခု ထိခိုက်ပြီလေ၊ သူ ပြောလွှတ်လိုက်လို့ ဘကြီး ကျွန်တော့်ကို ဆူနေပြီလေ"

"အဆူခံရတာက မင်းအပြစ်နဲ့မင်းပဲ၊ သူက မင်း မလုပ်တဲ့ ကိစ္စကို တီထွင်ပြောပြီး ချောက်တွန်းလိုက်တာမှ မဟုတ်တာ၊ မင်း လုပ်တာကိုပဲ ပြောတာ၊ သူ့မှာ အမှားမရှိဘူး"

"ဘကြီးနော် အဲဒီကောင်မလေးကို ဘကြီး အကောင်းမထင်နဲ့၊ အင်မတန် စပ်စုပြီး အင်မတန် အတင်းပြောတတ်တာ၊ ဟုတ်,ဟုတ် မဟုတ်,ဟုတ် လုပ်ဇာတ်ထွင်ပြီး





အရပ်တကာ လျှောက်ပြော၊ သူ အတင်းပြောခံရတဲ့သူတွေ အချင်းချင်း ရန်ဖြစ်၊ အလုပ်ပြုတ်တာတို့၊ လင်မယားကွဲတာတို့၊ သားအဖချင်း ရန်ဖြစ်တာတို့၊ မောင်နှမတွေ မတည့်တော့တာတို့ သူငယ်ချင်း အချင်းချင်းကနေ မျက်နှာမကြည့်ချင်လောက်အောင် မုန်းကုန်တာတို့၊ စုံနေတာပဲ ဖြစ်တာ"

"အတင်းပြောတာများ ဘာဆန်းသလဲကွ၊ အခုကြည့် ... မင်းတောင် အားနွဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အကြောင်းကို အမနာပ ပြောနေပြီ မဟုတ်လား၊ ယောကျ်ားကြီးတန်မဲ့ မိန်းကလေးတစ်ယောက်အကြောင်း နှုတ်ခမ်းတလန်ပန်းတလန် ပြောနေတာက ပိုရှက်စရာကောင်းပြီး ပိုအပြစ်မကြီးပေဘူးလား"

ဘကြီးမှောင်ကတော့ ပန်းစကားရဲ့လူ လုံးလုံး ဖြစ်နေပါပြီကော။ ရယ်စရာတောင် ကောင်းသေးသည်။ သူတို့ အသိုင်းအဝိုင်းထဲမှာ စပ်စု၊ အတင်းပြောလွန်းလို့ အားလုံးက ကြောက်ကြ၊ ခပ်ရှောင်ရှောင်နေကြတဲ့ ပန်းစကားကိုများ သူက အထင်ကြီးလို့"



www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးတာကတော့ ထားပါ။ ဘယ်သူ့ကိုမှ မထိခိုက်ဘူးဆိုလျှင် သူတို့ဘာသာ အထင်ပဲကြီးကြီး ခေါင်းပေါ်ပဲတင်ပြီးရွက်ထားထား အကြောင်းမဟုတ်။

ကိုယ့်ကို ထိခိုက်လာတာကိုတော့ ဆက်ကောင်းက တော်တော်စိတ်နာသည်။

ခုတလော ကိုယ့်အပေါ် ပြဿနာကျရောက်လာ ကိုင်းဟာ 'ပန်းစကား' ဆိုသည့် နာမည်တစ်ခုက အရင်းခံနေတာကို သိပ်ပြီး သည်းမခံချင်တော့။

"မဖြစ်သေးဘူး၊ မင်းတော့ အခြေတကျ တည်တည်ငြိမ်ငြိမ် ဖြစ်သွားအောင် စီစဉ်ခဲ့ဦးမှပါ"

"ဘကြီးမောင် ... ဘာတွေ လုပ်ဦးမလို့လဲ"

"ဘာလုပ်ရမလဲကွ၊ မင်းကို အိမ်ထောင်ချပေးရမှာပေါ့၊ သိပ်မကြာခင် မင်းလည်း ဘွဲ့ရတော့မှာဆိုတော့ အတော်ပဲ၊ ခုလောက်ကတည်းက ကြိုပြီး စီစဉ်ထား၊ ဘွဲ့ရတာနဲ့ မင်းအဖေဆီမှာ အလုပ်တစ်ခုခုတောင်းပြီးဝင်လုပ်၊ အိမ်ထောင်တန်းပြု အတော်ပဲ"





"မဟုတ်တာ၊ ကျွန်တော် အိမ်ထောင်မပြုချင်သေးပါဘူး၊ ပြီးတော့ အဲဒီမိန်းမကိုလည်း ဒီလောက်အမြင်ကတ်တာ ကျွန်တော် မယူချင်ဘူးနော် ဘကြီး"

"ဟော ... မင်းက မယူချင်ဘူးလို့ ငြင်းရအောင် ဘယ်သူနဲ့ ဆိုတာရော သိလို့လား"

ဘကြီးမောင် ပြောမှ ဆက်ကောင်းက ရောက်တတ်ရာရာ ပြေးနိုင်လွန်းသော ကိုယ့်အတွေးကို အမြန်ပြန်ပြီး အုပ်ဆီးရသည်။

ဟုတ်ပေသားပဲ။ လောလောဆယ် ပန်းစကားကို အထင်ကြီးချီးမွမ်းသည့် စကားတွေ ပြောပြီး သူ့ကို မိန်းမပေးစားမယ်လို့ တစ်ဆက်တည်း ပြောလိုက်တာနဲ့ပဲ ပေးစားမည့် မိန်းမဟာ ပန်းစကားဖြစ်မည်လို့ တန်းထင်လိုက်မိတာ။

ဘကြီးမောင် ဒီလောက်တော့ မရက်စက်နိုင်လောက်ပါဘူး။ တစ်သက်စာ အိမ်ထောင်ရေးအတွက်ဆိုရင်တော့ ပန်းစကားထက်သာပြီး လိမ္မာတဲ့ မိန်းကလေးမျိုးနဲ့ပဲ ကိုယ့်တူလေးကို စီစဉ်လောက်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ စီစဉ်မဲ့ မိန်းကလေးက အလိမ္မာ အိမ်ပါ၊ အမေနဲ့လည်း တည့်ဆိုတဲ့ မိန်းကလေးမျိုးပါ၊ မင်း သိတယ် မဟုတ်လား၊ မင်းအသွား အိမ်ရဲ့ ခေါင်းရင်းအိမ်က ဒေါ်ဖွားစိန်ကို၊ သူ့သမီး မခင်ပုလေ မင်းတို့ ငယ်ငယ်တုန်းကတော့ သူငယ်ချင်း ဖြစ်ဖူးပါတယ်၊ မင်းက အပု ... အပုနဲ့ ခေါ်တာလေ"

မခင်ပု ...။ အပု ...။

ခေါင်းပေါ်ကို မိုးကြိုးကြီး တည့်တည့်ပစ်ချခံလိုက်ရတာကမှ တော်ဦးမည်ထင်ပါရဲ့။

မခင်ပုတဲ့ဗျာ။ ပန်းစကားနဲ့ကမှ တော်ဦးမယ်။ အကျင့်စရိုက် ဘယ်လောက်ပဲ အမြင်ကတ်ကတ်စရာကောင်းကောင်း ခေတ်မီမီ လုလုပပ ကော့ကော့ပျံပျံ မြို့သူဆိုသည့် အားသာချက်တော့ ရှိသေးသည်။

မခင်ပုကတော့ ဖွတ်မှဖွတ်။ တခြားမကြည့်နဲ့။ နာမည်ကိုပဲကြည့်လိုက်ဦး။ ခင်ပုတဲ့။ တစ်ယောက်ယောက်ကများ 'ဆက်ကောင်းရေ ... မင်းမိန်းမ နာမည် ဘယ်လိုခေါ်သလဲ' လို့





မေးလာလို့ 'မခင်ပုပါ' လို့ ပြန်ဖြေလိုက်ရလျှင်ပဲ လဲသေဖို့ကောင်းနေပြီ။

ရုပ်ရည်ရူပကာက စွက်ကြမ်းရေ ကျိုတော့ ရှိပါရဲ့။ သူ့အရုပ်နဲ့သူ့ဇာတ် လိုက်ဖက်ရဲ၊ လူသဘောကျခံရတာလည်း ဟုတ်တော့ဟုတ်ပါရဲ့။ ဒါပေမဲ့ မြို့သားတစ်ယောက်ရဲ့ စံချိန်နဲ့ ဆိုလျှင်တော့ သူမဟာ ဖွဲ။ အညာသူမို့ အသားက ညိုညို ခြောက်ခြောက်။ အရုပ်က နာမည်နဲ့လိုက်အောင်ပု၊ မျက်နှာက ကျောက်ပေါက်ရာလိုမျိုး ဝက်ခြံသဲ့သဲ့ရှိကာ ဆံပင်ကို အုန်းဆီရွှဲရွှဲလိမ်းပြီး ပြားပိနေအောင် ထုံးဖွဲ့ထားလိုက်သေးသည်။ ရှန်သားအင်္ကျီ ခါးတိုရင်စေ့ပွပွကို အထက်ဆင်ပေါ်အောင် ဝတ်သည့်ထဘီထဲ ထည့်ဝတ်ထားသည့် တုံးတာလှသော ဒီဇိုင်းနဲ့ မိန်းမကို ဘယ်လိုလုပ်ကြင်ဖက်အဖြစ် ပွဲလယ်ကို လက်ဆွဲခေါ်နိုင်မှာလဲ။

"ဘကြီးမှောင်ရာ၊ မတော်သာလို့ အိမ်ထောင်ပြုရမယ်ဆိုရင်လည်း လူလိုသူလိုလေးထဲကတော့ စဉ်းစားပေးပါ၊ အခု ဘကြီးမှောင် စီစဉ်ပုံက ကျွန်တော့်ကို အငြိုးနဲ့တိုက်ခိုက်နေတဲ့ပုံပေါက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငြိုးရအောင် မင်းနဲ့ငါက သူစိမ်းတွေမို့လို့လား၊ အရွယ်ချင်းကော တူလို့လား၊ ငါက ကိုယ့်တူလေး တစ်သက်လုံး စိတ်ချမ်းသာရအောင် အရှည်ကို မျှော်တွေးပြီး စီစဉ်ပေးထားတာ"

ဘကြီး ... ဘကြီး။ လူကြီးတွေဟာ သူတို့ ဖြစ်ချင်တာတစ်ခုအတွက် စဉ်းစားကြပြီဆိုလျှင် ဘာကိုမဆို ပြေလည်တာ ကောင်းတာတွေကိုပဲ ကွက်ပြီး စဉ်းစားသည်။ အဲ ... ပြေလည်တာ၊ ကောင်းတာဆိုရာမှာတောင် သူတို့အတွက် ပြေလည်တာ၊ ကောင်းတာ။ လူငယ်တွေအတွက်တော့ အဆင်မပြေတာ ဆိုတာပဲ ဖြစ်ကောင်းဖြစ်သွားမည်။ ဒါကို ဘယ်တော့မှ ထည့်မတွက်။ သူတို့ ကောင်းလျှင် လူငယ်တွေအတွက်လည်း ကောင်းလိမ့်မည်လို့ပဲ တစ်ဖက်သတ် တွေးကြမြဲ။

သူတို့ ကောင်းလှပါချည်ရဲ့ဆိုသည့် အစီအစဉ်တွေဟာ လူငယ်တွေအတွက် စိတ်ပျက် အခက်တွေ့ဖွယ်ရာ ကောင်းနေနိုင်သည်ဆိုတာကိုလည်း နည်းနည်းလောက်တော့ ထည့်စဉ်းစားဖို့ ကောင်းတာပေါ့။





"ငါ အစက စဉ်းစားထားတာ ဒီတစ်ခေါက် ရန်ကုန်ဈေးကွက်ကိုလည်း လှေ့လာရင်း အေးအေးဆေးဆေး နေဦးမလားလို့၊ ဒါပေမဲ့ အခုတော့ မနက်ဖြန် လက်မှတ်သွားယူပြီး သန်ဘက်ခါလောက်ဆို ပြန်တော့မယ်"

ကောင်းတာပေါ့။

ဆက်ကောင်းက စိတ်ထဲကနေ တိုးတိုးလေး ဝမ်းသာစွာ ရေရွတ်မိတာပါ။ အလုပ်များလှသော အဖေဟာ ဆက်ကောင်းကို ကြည့်မရပေမဲ့ အချိန်တိုင်း လိုက်ကြည့် လိုက်ပြောနိုင်တာ မဟုတ်။ ဘကြီးမှောင်သာ တစ်နေကုန် အိမ်မှာနေပြီး ဆက်ကောင်း ဘာလုပ်လုပ် လိုက်ဆူနေတာမို့ ဘကြီးမှောင် ရှိနေသမျှတော့ အနေကျုံ့နေဦးမှာပဲ။ ဘကြီးမှောင် အမြန်ဆုံး ပြန်သွားတာကသာ အကောင်းဆုံး။

သို့သော် ...။

"ဟိုရောက်ရင် မဖွားစိန်တို့အိမ် တန်သွားပြီး သားရေး သမီးရေးကိစ္စ ပြောရမယ်၊ မင်းကသာ အင်တာင်တင် လုပ်နေ တို့မြို့မှာ ခင်ပုက ယောကျ်ားလေးရှင်တိုင်းက မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ကျနေတဲ့ အဖိုးတန်ကလေးကွ၊ နည်းနည်းနောက်ကျရင် လက်လွတ်သွားနိုင်တယ်"

"လက်လွတ်သွားတော့လည်း ကောင်းတာပေါ့ ဘကြီးရဲ့"

"ဟေ့ကောင် ... ငါ စီစဉ်တဲ့ကိစ္စကို မင်းက ဘာလို့ ဒီလောက်တောင် ဖျက်ချင်နေရတာလဲ"

ရယ်စရာကောင်းလိုက်ပါတဲ့ ဘကြီးမှောင်။ သူ့ကိစ္စကိုပဲ ဆက်ကောင်းက ဖျက်ရသေးသတဲ့။ သူ စီစဉ်နေတာဟာ ဆက်ကောင်းရဲ့ တစ်ဘဝလုံးအတွက်ဆိုတာကိုများ မေ့နေလေရော့သလား။

"ဘာပဲဖြစ်ဖြစ် မဖွားစိန်တို့က ငါ့ကိုတော့ အရမ်းလေးစားပြီး အထင်ကြီးတာပါ၊ ငါက ပြောရင် သူများတွေထက်တော့ ပိုပြီး ဦးစားပေး အရေးထားမှာပဲ၊ စကားကျွံပြီးတာတို့ ဘာတို့ မရှိဘူးဆိုရင်တော့ မင်းနဲ့ပဲ သဘောတူကြမှာ၊ တစ်ရက် နှစ်ရက်အတွင်း စကားပြောဆိုပြီး ရန်ကုန်ကို တစ်ခေါက်ပြန်လာရမယ်"

သေပါတော့။ သေသာသေလိုက်ပါတော့ကွာ။





ဆက်ကောင်းက ကိုယ့်နဖူးကိုယ် ဖြန်းခနဲ ပိတ်ရိုက်ပြီး ဟစ်လို့သာ အော်လိုက်ချင်တော့တာပဲ။

ဘကြီး စောစောစီးစီး ပြန်မယ်ဆိုလို့ ဟုတ်ပြီလား၊ မှတ်ပါတယ်။ လက်စသတ်တော့ ပိုဆိုးမဲ့အကြံအစည်တွေကို ပြန်ပြီး အကောင်အထည်ဖော်မှာမို့လို့ကိုး။

မဖြစ်သေးဘူး။ ဘကြီးမှောင်ရဲ့ အကြံအစည်တွေ မအောင်မြင်ခင် တားမြစ်ထိန်းချုပ်ရေး အစီအစဉ်စမှဖြစ်မယ်။ မဟုတ်လို့ကတော့ ဆက်ကောင်းရဲ့ လက်ကျန်ဘဝတစ်လျှောက်လုံး သွားပြီ။

နောက်ဆုံး သတ္တုချလိုက်ရင် ဒါတွေဟာ ပန်းစကားဆိုတဲ့ လျှာရှည်မကြောင့် ဖြစ်ရတာ။ ဆက်ကောင်းကို ချစ်တဲ့သူနဲ့ အဆင်မပြေအောင် လုပ်ရုံမက ခပ်တုံးတုံး တောသူမနဲ့ ညားအောင် သင်းပဲ လုပ်တာ။

ဘကြီး အစီအစဉ်သာ အောင်မြင်သွားလို့ကတော့ ပန်းစကားဆိုတာ ဆက်ကောင်းရဲ့ ထာဝရရန်သူ ဖြစ်ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းဆိတ်ငြိမ်လိုက်တာ။

သာသနာ့မြေဆိုတာ ဒီလိုပဲ။ ပုပင်သောကတွေ၊ လောဘ ဒေါသ မောဟတွေ ကင်းစင်ရာ အရပ်ဆိုတော့ အေးချမ်းမှု အပြည့်အဝ ပေးနိုင်တာပေါ့။

နောက်ပြီး ဂုဏ်ပကာသန အပြိုင်အဆိုင်တွေကို ရှေ့တန်းတင်စရာ မလိုဘူးဆိုတော့ ယော ... ကြည့်စမ်း။ တစ်ကျော်ကျော် ကျယ်ဝန်းသည့် ခြံကြီးထဲမှာ ပင်မကျောင်းဆောင်ကြီးရယ်၊ စာသင်သားတွေအတွက် ကျောင်းဆောင်ရယ်၊ သိမ်တစ်ဆောင်ရယ်ကလွဲလို့ အားလုံးဟာ သစ်ပင်အုပ်အုပ်တွေချည်း။

ဘယ်အချိန်ကာလလောက်ကတည်းက စစိုက်ထားခဲ့သလဲမသိ။ ဘုန်းကြီးကျောင်းဝင်းထဲမှာ ယောက်ျားကြီးနှစ်ဖက်စာလောက် ကုက္ကိုပင်ကြီးတွေ၊ ကြီးမားအုပ်ဆိုင်းလှသည့် သရက်ပင်၊





ပိန္နဲ၊ မန်ကျည်းပင်၊ ပိတောက်ပင်၊ သဖန်းပင်ကြီးတွေ နောက်ထပ် ပန်းစကား အမည်မဖော်တတ်သည့် သစ်ပင်အုပ်အုပ်ကြီးတွေဟာ အရွက်ချင်းထပ်ပြီး နေ့ခင်းကြောင်တောင်ကြီးတောင် နေပျောက်တစ်ကွက်မထိုး။

ဇီဇဝါပန်းချုံ၊ ဖွန်ပန်းရုံ၊ နှံပယ်ပင်တန်းတွေကလည်း အစီအရီ။ ပွင့်သည့်ပန်းတွေကလည်းပွင့်၊ ပန်းရနံ့လေးတွေကလည်း တသင်းသင်း တပျံ့ပျံ့ ရှိလှပါဘိ။

ပန်းစကားက ဘုန်းကြီးကျောင်းဝင်ထဲ လှည့်ပတ်ကြည့်ရင်း သဘောအကျကြီး ကျနေသည်။

အိရွှေစင်က သူ့အမျိုးတွေ နယ်ကပါလာသည့် ဒေသထွက် ပစ္စည်းတွေကို သူတို့ကိုးကွယ်သည့် ဘုန်းကြီးထံမှာ လှူဖို့ လူကြီးတွေက ခိုင်းတာမို့ ပန်းစကားကို အဖော်ခေါ်လာခဲ့တာ။

မလာခင်တုန်းကတော့ ဘုန်းကြီးကျောင်းမှာတော့ နင် အတင်းပြောစရာ ပြဿနာရှာစရာ မရှိလောက်ဘူး ထင်ပါရဲ့လို့ အိရွှေစင် ပြောခဲ့တာကို စိတ်တိုပြီး မလိုက်တော့ဘူးတောင် လုပ်ခဲ့သေးတာ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကို ရောက်တော့မှ အုပ်အုပ်ဆိုင်းဆိုင်း၊ အေးချမ်းတိတ်ဆိတ်ပြီး ရန်ကုန်မြို့ရဲ့ အချက်အချာနေရာမှာ ရှိနေပါလျက် တကယ့်တောရကျောင်းလေးတစ်ကျောင်းလို အပြိုင်အဆိုင်၊ အမော်အကြွား ကင်းလှတာမို့ သဘောကျလွန်းလို့ ပန်းစကားက စိတ်ပြေသွားရတာဖြစ်သည်။

အီရွှေစင်က ကျောင်းပေါ်မှာ ဘုန်းဘုန်းနဲ့ စကားပြောရင်း ကျန်ခဲ့ပြီး ပန်းစကား တစ်ယောက်တည်း ကျောင်းဝင်းထဲ ဟိုဟိုဒီဒီ လိုက်ကြည့်နေဖြစ်တာ။

ကျောင်းဝင်းထောင့်က ပိတောက်ပင်ကြီးတစ်ပင်ကို ပတ်လည်အုတ်ဆောင် လုပ်ထားသည့်နေရာ ရောက်တော့ ဘုန်းဘုန်း တစ်ပါး တရားထိုင်နေတာကို တွေ့လိုက်ရတာမို့ ပန်းစကားက ရှေ့မှ ဝင်ထိုင်ပြီး ဦးသုံးကြိမ်ချ ကန်တော့လိုက်ရပါသည်။

ကန်တော့အပြီး လက်အုပ်ချီလျက်သားကလေးနဲ့ ဘုန်းဘုန်းရဲ့ မျက်နှာကို အမှတ်မထင် မော့ကြည့်လိုက်မိလျှင် ...

"ဟာင်"

အံ့သြလွန်းလို့ အာမေဋိတ်သံက တားမရနိုင်စွာ ခုန်ပေါက်ထွက်သွားရသည်။





မျက်လွှာချကာ တရားထိုင်နေသည့် ဘုန်းဘုန်းဟာ ခေါင်းတုံးပြောင်ပြောင်ဖြစ်နေပေမဲ့ ဘာယ်လိုမှ မမှားနိုင်။ ဆက်ကောင်း... အဲ... ဘုန်းကြီး ဆက်ကောင်းမှ ဆက်ကောင်းအစစ်။

ပိုပြီး သေချာသွားတာက ပန်းစကားရဲ့ အာမေဋိတ်သံကိုလည်း ကြားလိုက်ရော ကိုယ်တော်က ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်၍ပင်။

သူ့မျက်လုံးထဲမှာ ပန်းစကားကို မှတ်မိသွားသည့် အရိပ်အယောင်။ ပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့် ထပ်ပေါ်လာသည်မှာ နာကြည်းသည့် အရိပ်အယောင်၊ ဒေါသထွက်သည့် အရိပ်အယောင်၊ အော်ငေါက်မောင်းထုတ်ပစ်ချင်သည့် အရိပ်ယောင်။

"ဒကာမကြီး ဦးဇင်းကို ဘာအကြောင်းရှိလို့ လာရှာတာလဲ"

အသံက ဒေါသကို တော်တော်ချုပ်တည်းထားရသည့် လေသံ။

တကယ်လို့များ ဒီလိုနေရာမှာ နှစ်ယောက်သား လာဆုံကြည်သည့်အခိုက် ဆက်ကောင်းဟာ သင်္ကန်းဝတ်နဲ့သာ မဟုတ်ခဲ့လျှင် ကိုယ့်ကို လည်ပင်းများ ထညှစ်နေမလားလို့တောင် ပန်းစကားက တွေးမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ... အဲ ... တပည့်တော် ဦးဇင်းကို ရှာတာ မဟုတ်ပါဘူး၊ ဦးဇင်း ဒီကျောင်းမှာ ရှိနေမှန်းလည်း မသိပါဘူး၊ သူငယ်ချင်းက ကျောင်းထိုင်ဆရာတော်ဆီမှာ လှူစရာရှိလို့ အဖော်ခေါ်တာနဲ့ လိုက်လာတာပါ"

"ဟုတ်ရဲ့လားကွယ့်၊ ဦးဇင်း ဘာလုပ်လုပ် ဒကာမကြီး အမြဲမြင် အမြဲသိတယ်၊ အခုရော လာကြည့်ပြီး ဘာတွေ ချဲ့ကား သတင်းလွှင့်ဦးမလဲ မပြောတတ်ဘူး"

ဘုန်းကြီးကလည်းနော်။ ခနဲ့တဲ့တဲ့ ပြောနေလိုက်တာများ။ အကျင့်ကို မပျောက်ဘူး။

သူ့ကို သက်န်းဝတ်ကြီးနဲ့မို့ အားနာပြီးတော့သာ စကားပြန်ပြောနေရတာ။ စကားတစ်ခွန်း ပြောလိုက်ကိုင်း ကိုယ့်ကိုယ်ကိုယ် တပည့်တော်၊ တပည့်တော်လို့ ထည့်ထည့်သုံးရတာ စိတ်ထဲ သိပ်မချမ်းသာ။ လက်အုပ်ချီထားသည့် လက်နှစ်ဖက်ကိုလည်း မသိမသာ ဖြုတ်ချထားလိုက်ပြီးတော့ ဘယ်နားသွားဖွက်ရကောင်းမှန်း မသိဘဲ အနေရအထိုင်ရ ခက်လိုက်တာများ။

ဒီလူကလည်း ဘာဖြစ်လို့များ ဘုန်းကြီးဝတ်လိုက်တာပါလိမ့်နော်။ ကြည့်ရတာ သူ့ကောင်မလေးတွေက သူ့





အကြောင်း သိကုန်လို့ ဖြေရှင်းမရလောက်အောင် ပြဿနာတက်တာနဲ့ပဲ လူဝတ်ကြောင်ကို စွန့်ပြီး လွတ်ရာလွတ်ကြောင်းရှာနေတာလား။

"ဦးဇင်းက ဘယ်လိုဖြစ်လို့ အခုလို ဖြစ်နေရတာလဲ"

ပန်းစကားရဲ့ မေးခွန်းက ရယ်ချင်စရာ ကပေါက်ချိကပေါက်ချာတော့ ဖြစ်နေသည်။ သို့သော် ဦးဇင်း ဆက်ကောင်းကလည်း နားလည်သဘောပေါက်လေသည်။

"အားလုံးဟာ ဒကာမကြီးကြောင့် ဖြစ်ရတာပဲ၊ ဒကာမကြီး ဦးဇင်းအကြောင်း လျှောက်ပြောလို့ ဦးဇင်းရဲ့ ဘကြီးက ဦးဇင်းကို သူ့ သဘောတူတဲ့ အညာက မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ချပေးတော့မယ်ဆိုလို့ လွတ်ရာလွတ်ကြောင်း ဒီလို လုပ်လိုက်ရတာပဲ"

"ဦးဇင်းရဲ့ ဘကြီးကို ကျွန်မ ... အဲ ... တပည့်တော်မှ မသိဘဲ၊ ဘယ်လိုလုပ် လျှောက်ပြောနိုင်မှာလဲ"

"ကျုပ်ဘကြီးနာမည်က ဦးမိုးမှောင်၊ ဒကာမကြီးနဲ့ ဘူတာရုံမှာတွေ့ပြီး အိမ်လိုက်ပို့ဖူးတယ်"

"အယ် ... ဦးမိုးမှောင်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းစကားက မျက်လုံးလေး ဝိုင်းသွားရသည်။ ဒီလိုဆိုရင်တော့ သူမဟာ ဆက်ကောင်းရဲ့ အတင်းကို သူ့ဘကြီး ထံမှာမှ ဆိုက်ဆိုက်မြိုက်မြိုက် သွားပြောမိတော့တာပါလား။

ဒါဆိုရင်တော့ တောင်းပန်လိုက်ရကောင်းမလား။ မဖြစ်သေးပါဘူး။ အတင်းပြောသူတစ်ယောက်ဟာ ကိုယ့်အမှားကို ဝန်ခံလို့ မဖြစ်သေးဘူး။ ဒီအကျင့်ကို မစွန့်လွှတ်နိုင်သရွေ့ ကိုယ့်လုပ်ရပ်ကို နောင်တရလို့လည်း မဖြစ်သေးပါဘူး။

"ဒကာမကြီး ... သွားစရာရှိရင် မြန်မြန်သွားတော့ ဦးဖင်း ဒီအချိန်မှာ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး"

ပန်းစကားက ဘာဆက်လုပ်ရကောင်းမလဲ ဝေခွဲမရ ရှိနေဆဲ ဘုန်းဘုန်းက စကားဖြတ်လိုက်တာမို့ လိုက်လျောနား ထောင်စွာ နောက်ဆုတ်ပြန်လာခဲ့ရှာလေသည်။





"ဟီ တိ ... ဆက်ကောင်း တစ်ယောက် ခေါင်းတုံးကြီးနဲ့ တော့"

"ဘာတွေ စတန့်ထွင်ပြန်ပြီလဲ မသိဘူး"

"စတန့်ထွင်တာ မဟုတ်ဘူးဟော့၊ သူ ဆိုးလွန်းလို့တဲ့ သူ့ အိမ်က ကြည့်မရတော့တာနဲ့ ပုံဆိုးပန်းဆိုး တောသူမတစ် ယောက်နဲ့ ပေးစားပစ်ဖို့ စီစဉ်တာနဲ့ပဲ စတေးရှောင်တဲ့ သဘောနဲ့ ဘုန်းကြီးဝတ်လိုက်ရတာတဲ့၊ ဒါတောင် ဘကြီးက မပြန်ဘဲ စောင့်နေလို့ တစ်လကျော်လောက် သင်္ကန်းဝတ်ကြီး နဲ့ နေလိုက်ရသေးတာတဲ့"

"ဝမ်းသာတယ်၊ အရမ်းဝမ်းသာတာပဲ၊ အဲဒီဆက်ကောင်းကို ငါက တော်တော်မုန်းတာဟဲ့၊ စဉ်းစားကြည့်ဟာ၊ ငါ့သူငယ် ချင်းနှစ်ယောက်ကို တစ်ပြိုင်တည်း လာပတ်သက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် သူငယ်ချင်းမှန်းလည်း သိသားနဲ့နော်၊ နောက်ကျတော့ သူ့ကြောင့်ပဲ ငါ့သူငယ်ချင်းတွေလည်း ရန်တွေဖြစ်ပြီး မုန်းသွားလိုက်ကြတာ၊ အရင်ကဆို ငါတို့ အရမ်းခင်ကြတာ၊ သူတို့က အချင်းချင်း ရန်ဖြစ်ရုံအပြင် ငါနဲ့တောင် သိပ်အခေါ်အပြော မလုပ်ကြတော့ဘူး၊ ဘယ်လောက် စိတ်တိုဖို့ကောင်းသလဲ၊ အဲဒါ သူ့ကြောင့်ဖြစ်ရတာ"

အစ်မဝမ်းကွဲနဲ့ သူငယ်ချင်းတစ်အုပ်စု စီစီညံအောင် ပြောနေကြသည့် စကားဝိုင်းထဲ ပန်းစကားက အရင်လို ဝင်မပါဖြစ်ဘဲ ခပ်ငေးငေးလေး ထိုင်နေမိသည်။

ဆက်ကောင်း ...။

ထိုနာမည်တစ်ခုဟာ အရင်တုန်းက ပန်းစကားရဲ့ စိတ်အာရုံထဲ ဘယ်လိုအဓိပ္ပာယ်မှ သက်ရောက်စေနိုင်စွမ်းမရှိ။ ဆက်ကောင်းဆိုသည့် နာမည်ကို ကြားလိုက်လျှင် ဖုန်းတစ်လုံးလက်က မချတမ်း ကိုင်ပြီး ကောင်မလေးတွေ အများကြီးနဲ့ ရှုပ်ယှက်ခတ် ပတ်သက်နေတတ်သော ငပွေလေးတစ်ယောက်ဆိုတာကိုပဲ တွေးမိသည်။





အခုတော့ ဘယ်လိုဖြစ်မှန်းမသိပါ။ ဆက်ကောင်းနာမည် ကြားလိုက်ရလျှင်ပဲ ပန်းစကား စိတ်ထဲ အားနာသလိုလို၊ စိတ်မကောင်းသလိုလို။

ဆက်ကောင်းရဲ့ မျက်နှာဟာ ပန်းစကားကို အလွန်မုပဲ စိတ်နာနေသည့် မျက်နှာ။ ဒီလိုလူမျိုးက ဒီလောက်တောင် စိတ်နာနေရသည် ဆိုမှတော့ သူ့အတွက် ထိချက် တော်တော်ပြင်းသွားလို့ပဲ ဖြစ်မည်။

ကိုယ့်ရဲ့ မဆင်မခြင် စကားတစ်ခွန်းဟာ လူတစ်ယောက်ကို ထိခိုက်နစ်နာစေမည်ဆိုတာ ပန်းစကားက ဘယ်တုန်းကမှ တွေးမကြည့်ခဲ့ဖူးပါ။ (တွေးဖူးသည်ဆိုလျှင်လည်း သနားရကောင်း အားနာရကောင်းမှန်း မသိခဲ့)

ဆက်ကောင်းနဲ့ ပတ်သက်လာသည့်အခါကျမှ ဘာကြောင့်များ စိတ်ထဲက လိုက်ပါခံစားနေမိတာလဲ။ သူလိုလူမျိုးဟာ သူ့အပြစ်ဒဏ် သူ ခံရတာ သနားစရာကောင်းလို့လား။

"ဟဲ့ ... ငါတို့ ပြောတာကြားသွားလို့လား မသိဘူး။ လှည့်ကြည့်တယ်တော့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ပြောသည်။ သူများ အတင်းပြောနေတာတောင် အသံတွေက ကျယ်လောင်ကျယ်လောင် ဆိုတော့လည်း တစ်ဖက်က မကြားဘဲ နေတော့မလား။

ဆူဆူညံညံ အသံတွေကြောင့် သွားရင်းလာရင်း ဗိုက်ဆာလို့ တွေ့ရာစနက်ခ်ဆိုင်ကလေးမှာ ဝင်စားလိုက်သည့် ဆက်ကောင်းက လှည့်ကြည့်ဖြစ်တာပါ။

ကိုယ့်နာမည် အတိအကျကြီး ပါနေတာရယ်၊ နာမည်မပါလျှင်တောင် ပြောနေသည့် အကြောင်းအရာက ကိုယ့်အကြောင်း ဖြစ်နေတာရယ်ကြောင့် ဆက်ကောင်းက ဒီမိန်းကလေးတွေ ကိုယ့်အကြောင်း ပြောနေပြီလို့ပဲ လက်ခံလိုက်ရသည်။

အံ့ဩစရာတော့ ကောင်းသား။ ကိုယ်တစ်ခါမှ မတွေ့ဖူးသည့် မိန်းကလေးတွေက ဆက်ကောင်း ဘာဖြစ်သည်၊ ဘာလုပ်သည်ဆိုတာ ဒီလောက်အတိအကျ သိနိုင်သည်တဲ့။ ကြည့်ရတာ ဆက်ကောင်းဟာ မိန်းကလေးတွေကြားထဲမှာ တော်တော်လူသိများ ထင်ရှားနေပုံရသည်။

"အဟိ ... ခေါင်းတုံးဖက်ရှင်နဲ့လည်း လှသားပဲတော့နော်"





တကယ်ပဲ ပြောတာလား၊ တမင်ကလိတာလား။ ဟိုဘက်ကတော့ လေသံကို မလျှော့ဘဲနဲ့ကို ပြောင်ပြောင်တင်းတင်း ပြောနေပြီ။ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုကာ ဒါကို ခေါ်တာပဲ ထင်ပါရဲ့။

ပုံမှန်အချိန်ဆိုလျှင်တော့ ဒီလို မိန်းကလေးအုပ်စုမျိုးနဲ့ တွေ့လျှင် ဆက်ကောင်းတို့ ဘယ်ငြိမ်နေလိမ့်မလဲ။ ကိုယ်ကလည်း မထိတထိတွေ ပြန်ပြောကာ ဝင်ရောပစ်လိုက်မှာပေါ့။ အရောမခံဘူးဆိုလျှင်တောင် စကားနဲ့တော့ အနိုင်ရအောင် ယူလိုက်ခဲ့ဦးမှာ။

လောလောဆယ်တော့ ဆက်ကောင်းတို့ စိတ်ဓာတ်ကျနေသည်။ ဘယ်လောက်အထိ စိတ်ဓာတ်ကျနေသလဲ ဆိုလျှင် နဂိုက လက်ဖဝါးနဲ့ တစ်သားတည်းကျအောင် ကပ်နေသလိုကို ထင်ရသော ဟဲန်းဖုန်းတောင်မှ အုတ်ခဲတုံး သယ်ထားရသလား ထင်ရလောက်အောင် လေးလံလာသလိုပဲ။

မလေးဘဲ ခံနိုင်ပါ့မလား။ အရင်က သူကဆက်၊ ကိုယ်ကဆက်နဲ့ တစ်ချိန်လုံး အနားရသည်မရှိ လှုပ်ရှားနေရသော ဖုန်းကလေးမှာ အခုတော့ ခေါ်မည့်သူမရှိ တိတ်တိတ်ဆိတ်ဆိတ်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကောင်းမှာ လောလောဆယ် ရည်စားရော၊ ရည်းစားမဖြစ်တဖြစ်ရော တစ်ယောက်မှကို မရှိတော့ပါ။ ပြဿနာတက်လို့ ပြတ်တောက်သွားကြတာတွေရော၊ ဆက်ကောင်း သတင်းတွေ ကြားလို့ နောက်ဆုတ်သွားကြတာတွေရော၊ ဘကြီးမောင်အော်ငေါက်ထုတ်လို့ ကြောက်သွားကြတာတွေရော၊ ဆက်ကောင်းမိန်းမယူရတော့မည်ဆိုတဲ့သတင်း ထွက်ပေါ်လာလို့ ရှောင်သွားကြတာတွေရော။

အရင်က ကောင်မလေးတစ်ယောက်မဟုတ် တစ်ယောက်နဲ့ ဖုန်းပြော၊ ထွက်လည်၊ ဆိုင်သွားစား လုပ်နေကျ လူတစ်ယောက်အတွက် ဘယ်သွားသွား ဘယ်လာလာ ရုတ်တရက်အဖော်မဲ့သွားသည့်အဖြစ်ဟာ အတော်ပျင်းရိဖွယ်ကောင်းပြီး အထီးကျန်ဆန်လှပါသည်။

ထားပါ။ ကောင်မလေးတွေနဲ့ အဆင်မပြေတာကို အရေးမကြီးဘူးဘဲထား။ အိမ်မှာ အဆင်မပြေတာကိုတော့ စိတ်မညစ် ဘဲ နေလို့မဖြစ်နိုင်။ ကိုယ် နေ့တိုင်း ပြန်မအိပ်မဖြစ် အိပ်ရသော အိမ်မှာ ကိုယ့်အတွက် ပြဿနာတစ်ခုခု နေ့တိုင်း ရှိနေသည်ဆိုလျှင် ဘယ်လိုလုပ်ပြီး နေပျော်တော့မှာလဲ။





ဘကြီးမောင်က မခင်ပုတို့ မိသားစုကို ခေါ်ချလာပြီး မင်္ဂလာစကား ပြောလိုက်လျှင် ကိုယ့်ဘဝဟာ ဆုံးခန်းတိုင်သွားတော့မည်။ ဆက်ကောင်းကို မျက်စိနောက်လှပြီဖြစ်သောအဖေကလည်း အစ်ကို လုပ်သူရဲ့ အစီအစဉ်ကို ချွင်းချက်မရှိထောက်ခံနေပြီ။ ကိုယ့်ဘက်က လိုက်ပေးမည့် တစ်ဦးတည်းသောအားကိုးရာ အမေကလည်း တကယ့်အရေးကျတော့ ယောက်ျားနဲ့ ခဲအိုကို မလွန်ဆန်နိုင်ရှာ။

ပြေးပေါက်မရှိတော့သည့်အဆုံး ဆက်ကောင်းက လူဝတ်ကြောင်ကို ခဏစွန့်ပြေးလိုက်တော့သည်။

နဖူးက အမာရွတ်ကို မြင်လျှင်တော့ မဟောသဓာကို အငြိုးမပြေနိုင်သည့် ကေးဝဋ်ပုဏ္ဏားလို ခေါင်းပေါ်က ငုတ်စိစိထွက်ကာစဆံပင်တွေကို စမ်းမိတိုင်း ဆက်ကောင်းက ပန်းစကားအပေါ် နာကြည်းလှသည်။

ဟင် ...။ အောင်မယ်။ အဝေးကနေ ပါးစပ်သေနတ်နဲ့ တိုက်ခိုက်နေသော ကောင်မလေး အုပ်စုထဲမှာ ရန်သူတော်ပန်းစကားပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေ ကိုယ့်အကြောင်း သိနေလှပါလား မှတ်တာ၊ လက်စသတ်တော့ ပန်းစကား လက်ထောက်ချထားတာကိုး။

ဆက်ကောင်းက ပန်းစကားကို လှမ်းကြည့်ပြီး အဲဒီလိုပဲ တွေးလိုက်သလို ပန်းစကားကလည်း ဆက်ကောင်း ဒီလို တွေးတော့မည်ဆိုတာ သိနေသည်။

သူက ကိုယ့်ကို ဘာမှ လာမစွပ်စွဲတော့လည်း ကျွန်မ ရှင့်အကြောင်း ဘာမှ ပြောမထားပါဘူး၊ သူတို့ဘာသာ သူတို့ ပြောနေကြတာ၊ ကျွန်မနဲ့ ဘာမှ မဆိုင်ပါဘူးလို့ သွားပြီး ဖြေရှင်းချက်ထုတ်လို့ကမဖြစ်။

ဆက်ကောင်း ဆိုသည့် လူသားတစ်ယောက်ဟာ သနားစရာ မဟုတ်မှန်း သိပါလျက်နှင့် ပန်းစကား ရင်ထဲမှာ သနားစိတ်လေး ဝင်နေမိသည်။ သူ့ဘက်က ကိုယ့်အပေါ် မုန်းတီးခါးသီးနေသည်ဆိုတာ သိသည့်တိုင် စိတ်မဆိုးနိုင်ဘဲ အခွင့်အရေးကြုံလျှင် ကိုယ် ပြုခဲ့မိသည့် အပြစ်တွေအတွက် ပြန်လည်ပေးဆပ်ချင်နေမိတာဟာ ဘယ်လို ထူးဆန်းသော အကြောင်းရင်းကြောင့်ပါလိမ့်။





"ဟဲ့ … ဟဲ့ … သွားတော့၊ ဟိုမှာ တော်တော်လာကြိုနေပြီ"

ဆက်ကောင်းဘက်ကို ငေးရင်း ကိုယ့်အတွေးနဲ့ကိုယ် နစ်မြုပ်နေသော ပန်းစကားကို အစ်မဝမ်းကွဲ နီလာ့အသံက လှုပ်နှိုးလိုက်သည်။

"မသွားချင်လိုက်တာ၊ အိမ်ကလည်း ဘာဖြစ်လို့များ ဒီကောင်နဲ့ အတူသွားခိုင်းနေရတာလဲ မသိတော့ပါဘူး"

"နီးစပ်စေချင်လို့ပေါ့ဟဲ့၊ ရှင်းနေတာပဲ"

ဆိုင်ပြင်မှာ ဆိုင်ကယ်ရပ်ပြီး ဆင်းလျှောက်လာနေပြီ ဖြစ်သော တော်အောင်ကျော်ကို (ကာယကံရှင် မမြင်နိုင်သေးမှန်း သိလျက်နှင့်) ပန်းစကားက မျက်စောင်းထိုးကာ ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်အောင်ကျော် တစ်ယောက်ကလည်း တစ်မျိုး။ ပန်းစကားကို သည်းသည်းလှုပ် ချစ်ကြိုက်နေသလား ဆိုတော့လည်း ဟုတ်လှပုံမရ။ ဒါဆို လုံးဝ စိတ်မဝင်စားဘူးလား ဆိုပြန်တော့လည်း မဟုတ်ပြန်။ ပန်းစကားဟာ သူနဲ့ငယ်ငယ်လေးတည်းက သံယော ဇဉ်ရှိကာ ရင်းနှီးလာသည့်မိန်းကလေး၊ မိဘချင်းကလည်း သဘော တူထားသလို ရှိနေပြန်သည့်အခါ သူ့စိတ်ထဲမှာ ပန်းစကားကို သူ့ရဲ့လူလို့ပဲ သတ်မှတ်ထားပုံရသည်။ ပန်းစကားနဲ့ ပတ်သက် လျှင် ပူပင်ရတာနဲ့ သဝန်တိုရတာနဲ့ ဝင်ရောက်စွက်ဖက်ရတာနဲ့။

သို့သော် ရင်ဘတ်နဲ့အပြည့် လိုက်လှဲစွာ ချစ်တာမျိုး တော့ မဟုတ်လေရကား။ အမြဲတမ်းတော့ အနားမှာ တကပ်ကပ် မနေ။

တော်အောင်ကျော် လုပ်ပုံက ဘာနဲ့ တူသလဲဆို တော့ အမေရိကန် ရေတပ်က ရေငုပ်သင်္ဘောကြီးလိုပဲ မြုပ်တစ်ခါ ပေါ်တစ်လှည့်။

လောလောဆယ်တော့ သူ့မှာ တခြားကိစ္စဝိစ္စတွေ ရှုင်းလင်းကာ အားလပ်နေပုံပေါ်သည်။ ပန်းစကားထံ မကြာခဏ ရောက်နေတတ်ပြန်ရော။



ပန်းစကားကလည်း ဘာကြောင့်မှန်း မသိပါ။ ဒီလောက် သင့်တော်သော တော်အောင်ကျော်ကို ခံစားကြည့်လို့ ကိုမရ။ သူငယ်ချင်း သံယောဇဉ်ဆိုတာကိုတောင် တစ်ခါတစ်ခါ သူက အလွဲသုံးစား လုပ်တတ်လွန်း၍ ဖြတ်ပစ်ချင်နေပြီ။

"စကား ... လာ ... သွားကြစို့၊ နင်ကလည်းဟာ ငါ ရောက်လာတာမြင်တာနဲ့ ထွက်မလာဘူး၊ ငါ့မှာ သက်သက် ဆိုင်ထဲဝင်ပြီး ခေါ်ရတယ်"

"အစ်ကို ဘာသောက်မလဲ"

တော်အောင်ကျော်က အပြစ်တင်စကား ပြောဖို့ အစလိုက်မှာပဲ စားပွဲထိုးကောင်လေး လာမေးလိုက်တာမို့ စကား စပြတ်သွားကာ ဆန့်တငင်ငင် ဖြစ်သွားရသည်။

ဒါကို ပန်းစကားက ရယ်ချင်သလို ပြုံးစိစိ လုပ် လိုက်တာမို့ တော်အောင်ကျော်က အမြင်ကတ်သွားကာ ...

"ဆောရီးကွာ၊ နောက်တစ်ခါမှပဲ စားတော့မယ်၊ အစ်ကိုက အစ်ကို့ကောင်မလေးကို လာခေါ်တာကွ၊ စားဖို့လာတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ..."

ပန်းစကားက ဝင်ဟန့်လိုက်သော်လည်း စကားဆိုတာမျိုးက အသံအဖြစ်နဲ့ ထွက်ကျသွားပြီးပြီဆိုလျှင် ပြန်ဖမ်း၊ ပြန်သိမ်း၊ ပြန်ပြင်လို့ ရတာမျိုးမှ မဟုတ်တာ။

စားပွဲထိုးလေးက သိပ်စိတ်မဝင်စားသည့် ပုံစံမျိုးနဲ့ ခေါင်းတစ်ချက် ညိတ်ကာ ပြန်ဆုတ်သွားသည်။ ကိုယ့်ဝိုင်းက လူတွေကတော့ အကြောင်းသိ လူရင်းတွေချည်းပဲမို့ ပန်းစကားက ထပ်ပြီး ဖြေရှင်းမနေတော့။

ကိုယ့်လူရင်း အကြောင်းသိ မဟုတ်ဘဲ တော်အောင်ကျော် စကားကို ကြားလိုက်ကာ စိတ်လည်း ဝင်စားသွားသူ တစ်ယောက် ရှိတာကိုတော့ ပန်းစကားက မသိလိုက်ပါ။

တခြား ဘယ်သူ ဖြစ်ရဦးမှာလဲ။ ဆက်ကောင်းပဲပေါ့။

ပန်းစကားတို့နဲ့ သိပ်မဝေးသော ဝိုင်းတစ်ဝိုင်းမှာ ထိုင်နေခဲ့သော ဆက်ကောင်းဟာ သူမတို့ကို ကျောပေးထားတာမို့ အမြင်အာရုံအရ ကန့်သတ်ချက်ရှိနေပေမဲ့ အကြားအာရုံဆိုတာမျိုးကတော့ အတားအဆီး တစ်ခုခုနဲ့ ပိတ်ပင်ရှောင်လွှဲလို့မရဘူးလေ။





တော်အောင်ကျော်ရဲ့ ငါကောင်မလေးဆိုသည့် စကားကိုလည်း ကြားသည်။ ထိုစကားဟာ ပန်းစကားကို ရည်ညွှန်းပြီး ပြောလိုက်တာ ဆိုတာကိုလည်း သိသည်။

ဆိုင်ထဲက နှစ်ယောက်သား ထထွက်သွားတော့ ဆက်ကောင်းက မသိမသာလေး ဖွေကြည့်လိုက်တာ။

ဆိုင်ကယ်ပေါ် လွှားခနဲ ခွတက်သွားသော လူကို သေသေချာချာ မတွေ့လိုက်ရပေမဲ့ အနက်ရောင် ရွှဲဖြောင်ပြီး ဆိုင်ကယ်ကိုယ်ထည်မှာ မီးတောက်ပုံစတစ်ကာ ကပ်ထားသော၊ လက်ကိုင်ကို မီးစုန်းဝါရောင်တောက်တောက် တပ်ထားပြီး ဆိုင်ကယ်နောက်က တိုင်မှာ အလံတစ်ခု တလူလူလွှင့်ထားသေးသော ဟာလေဒေးဗစ်ဆင် ဆိုင်ကယ်ကြီးကိုတော့ ကောင်းကောင်းမှတ်မိလိုက်သည်။

သူတို့ ယောကျ်ားလေး အသိုင်းအဝိုင်းထဲမှာ ကား၊ ဆိုင်ကယ်လိုမျိုး စီးတော်ယာဉ်ဆန်းတစ်ခုအကြောင်း ပြောလိုက်လျှင် ဒါ ဘယ်သူပိုင်တာ၊ ပိုင်ရှင် ဘယ်လိုဆိုသည့်သတင်း တစ်နေရာ မဟုတ် တစ်နေရာက ရနိုင်သားပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆိုင်ကယ်ကြီး ဒီလောက်ကောင်းတာ။ ပြီးတော့ ပုံရိုးကြီး မဟုတ်ဘဲ ဒီဇိုင်းဆန်းတွေနဲ့လည်း ဆင်ယင်ထားသေးတာ။ သူငယ်ချင်းတွေထဲက နည်းနည်းစုံသည့် တစ်ယောက်ကို ဆိုင်ကယ်ပုံစံ ပြောပြလိုက်တာနဲ့ ဆိုင်ကယ်ပိုင်ရှင်ဟာ ဘယ်သူဖြစ်သလဲဆိုတာ သိရမှာ။

ပန်းစကားရဲ့ ချစ်သူဟာ ဘယ်သူလဲဆိုတာ သိထားခြင်းအားဖြင့် သူ့အတွက် တစ်ခုခုတော့ အသုံးကျနိုင်လိမ့်မည်ဟု ဆက်ကောင်းက ယူဆလေသည်။





ဒီကိစ္စမျိုး တစ်သက်နဲ့တစ်ကိုယ် မလုပ်ဖူး၍ ရင်ကတော့ နည်းနည်းခုန်ချင်သည်။

ဆက်ကောင်းဟာ မိန်းကလေးတွေနဲ့ ခပ်ရှုပ်ရှုပ်၊ သူငယ်ချင်းတွေနဲ့ ဗရုတ်ဗရက်နေတတ်သည့်သူတစ်ယောက် ဆိုပေမဲ့ ဆက်ကောင်း မလုပ်ဖူးသော အလုပ်ထဲမှာ သူများကို ချောက်တွန်းခြင်းဆိုတာတစ်ခု ပါဝင်သည်။

ဟိုမိန်းမသာဆိုလျှင်တော့ ဒါမျိုး ကျွမ်းပြီးသားဖြစ်မှာ။ ဆက်ကောင်းက နှုတ်ခမ်းကို တွန့်ခနဲ တစ်ချက်ကွေးပြီး မဲ့မဲ့ရွဲ့ရွဲ့ ပြုံးလိုက်သည်။

တော်အောင်ကျော်ဟု အမည်ရသည့် (နာမည်ကလည်း အမြင်ကတ်ချင်စရာ ခပ်ထောင့်ထောင့်ကြီး) သကောင့်သား



www.burmeseclassic.com

www.burmeseclassic.com



ရှိရာ ဒဂုံစင်တာက ယောက်ျားလေးအဝတ်အထည် အရောင်းဆိုင် ရှေ့ ရောက်တော့ ဝင်ရကောင်းနိုး၊ မဝင်ရကောင်းနိုးနဲ့ ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားလိုက်ရသေးသည်။

တကယ်လို့ ကိုယ့်ဘေးမှာ သူငယ်ချင်းနှစ်ယောက် သာမပါခဲ့လျှင် ဆက်ကောင်းက ရှေ့ဆက် ထွက်လာမိမလားတောင် မသိ။

အနည်းငယ်တော့ ကလေးကလားဆန်ရာကျသည်။ မိန်းကလေးတစ်ယောက်ကို လက်စားချေ ပညာပေးဖို့အတွက် သူမအကြောင်းတွေ ရွယ်တူယောက်ျားတစ်ယောက်ရှေ့မှာ လာပြောရတာဟာ ယောက်ျားမပီသရာတော့ ရောက်တာပေါ့။

အို ... ဘာဖြစ်သေးလဲ။ ဒါဟာ သူ့နည်းနဲ့သူ့ကို ပြန်ပြီး တိုက်ခိုက်တာ။ သူမကြောင့် ဆက်ကောင်းမှာ ပြဿနာတွေ ဖြေရှင်းရ၊ ထိခိုက်နစ်နာရတာနည်းလား။ ဆံပင်အရှည်နှေး လှသည့် ဆက်ကောင်းဟာ ခုထက်ထိ ခေါင်းတုံးဆံပင်ပေါက်စနဲ့ နေရတုန်း။

ဒါဟာ ပန်းစကားရဲ့ စကားပြော မဆင်ခြင်မှုက စတင်ပြီး ဖြစ်ရသည့် အကျိုးဆက်တွေပဲ မဟုတ်ဘူးလား။





ဒါကြောင့် သူမကို ပြန်ပြီး ပညာပေးရမည်။ ပန်းစကားဟာ နှုတ်ကြောင့် ကြေသည်ဆိုသည့် အဖြစ်ကို ကိုယ်တိုင်လက်တွေ့ ခံစားနားလည်စေရမည်။

ဟော ...။ ဆက်ကောင်းက အဝမှာရပ်ကာ တွေဝေနေတုန်း ချက်ကြီးနဲ့ပေါက်ဖော်(နာမည်အရင်းတွေကိုတော့ ထားလိုက်ပါတော့)က ဆိုင်ထဲ စွပ်ခနဲ ဝင်ချသွားကြပြီ။

သူတို့တွေကတော့ သွက်လက်မှာပေါ့။ ကာယကံရှင်မှ မဟုတ်တာပဲ။ နောက်ပြီးတော့ ကိစ္စပြီးမြောက်လျှင် ထိုဆိုင်က တန်ကြေးအသင့်အတင့်ရှိသော တီရှပ်တစ်ထည်စီ ဝယ်ပေးမည်ဆိုသည့် ကတိစကားကလည်း ရှိသေး။

"ဟော့ကောင် ... ဆက်ကောင်း လာလေကွာ၊ မင်းပဲ ငါတို့ကို ဆရာတင်ပြီး ခေါ်လာတာ ငါတို့ဝင်တဲ့ဆိုင်ထဲ ရဲရဲလိုက်ဝင်စမ်းပါကွာ"

ချက်ကြီးရဲ့ တိုက်ကွက်ကတော့ ဆိုင်ထဲ လှမ်းဝင်ဝင်ချင်း စတင်လိုက်ပြီ။

ခပ်ကျဉ်းကျဉ်း ဆိုင်ခန်းလေးအတွင်းမှာ အဝတ်အစားတွေ ခင်းကျင်းချိတ်ဆွဲထားရာ နေရာဟာ ကောင်တာနဲ့ သိပ်မဝေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ ဒီတော့ ကောင်တာထဲမှာ ငုတ်တုတ်ကြီး ထိုင်နေသည့် တော်အောင်ကျော်နဲ့လည်း နီးကပ်နေတာပဲ။

"မင်းကွာ ပိုက်ဆံလေး သုံးသောင်းရတာကိုများ မသုံးရက် မစွဲရက် ဖြစ်နေသေးတယ်၊ ငါတို့ကောင်တွေ ငွေကြေးပွဲပိုး မဲ့သူ မရှိလို့ပေါ့၊ ရှိများရှိလို့ကတော့ တစ်ဆိုင်လုံးတောင် ဖြိုပစ်လိုက်ဦးမယ်"

ချက်ကြီးက ကြိုတင်ဇာတ်တိုက်ထားသည့်အတိုင်း အာကျယ် အာကျယ်နဲ့ ပြောရင်း သူ့စကားကို ကောင်တာမှာ ထိုင်နေသော တော်အောင်ကျော် ကြားရလေအောင် ဆိုင်အတွင်း ဘက် တိုးသည်ထက် တိုးကပ်သွားသည်။

"သုံးသောင်းနဲ့ကတော့ မဖြစ်စလောက်ပါကွာ၊ အင်္ကျီတစ် ထည်လောက်ပဲ ရမဲ့ဟာ၊ ဘောင်းဘီဖိုးက ကိုယ့်ဘာသာ စိုက်ရဦးမှာ"

"စကားကလည်း မင်းကို အင်္ကျီဖိုးဆိုပြီးတော့ပဲ ပေးတာ မဟုတ်ဘူးလား၊ ဝမ်းဆက်တစ်စုံစာလို့ပြောပြီး ပေးလို့လား"

"ပေမဲ့ ပေးမှတော့လည်း ဘောင်းဘီးဖိုပါ ပေးသင့်တာ ပေါ့"





"မင်း ဘောင်းဘီတွေက သောင်းချီနေတာ၊ အားလုံးပေါင်း ရင် ငါးသောင်းခြောက်သောင်းဖိုး အနည်းလေးရှိမယ်၊ သူလည်း ကိုယ်ပိုင်ဝင်ငွေ ရှိတာမှ မဟုတ်တာပဲ၊ ဒီလောက် တော့ လွယ်လွယ် ဘယ်သူပေးနိုင်မှာလဲ"

"ငါကလည်း ပေးရမယ် မပြောပါဘူး၊ မင်းတို့တွေပဲ ငါ့ကို စကားက ပိုက်ဆံ သုံးသောင်းလောက်လေးပေးတာ ကို ဝယ်မဆုံး ခြမ်းမဆုံးလောက်အောင် များနေတယ် ထင်နေကြလို့ ပြောပြရတာ"

"မင်းဆိုတဲ့ကောင်ကွာ၊ ရည်းစားထားတယ်ဆိုတာ မိန်းက လေးကို ယောကျာ်းလေးက လက်ဆောင်ပေးတာ၊ ဝယ်ခြမ်း ပေးတာ၊ အကုန်အကျခံတာပဲ ရှိသင့်တာပေါ့၊ ခုတော့ စကားကချည်း မင်းကို ဝယ်ပေးရတယ်၊ မင်းကျတော့ လက်ကိုင်ပဝါလေးတစ်ထည်တောင် ဝယ်မပေးဖူးသေးဘူး မဟုတ်လား၊ ဒါတောင် ဟိုက စိတ်ကြိုက်ရွေးဝယ်လာရင် ဈေးများနေသေးလို့ ပိုက်ဆံပဲ ပေးလိုက်ရတာ"

ပြောနေကြသည့် စကားတွေက အတိအကျ ဇာတ် တိုက်ထားတာမဟုတ်။ ဘာအကြောင်းပြောကြမည်လို့ အကြမ်း



www.burmeseclassic.com

www.burmeseclassic.com



လောက် တိုင်ပင်ထားကြပြီး ဆိုင်ထဲရောက်မှ ကိုယ့်စိတ်ကူးနဲ့ ကိုယ် စကားလုံးစီကြတာ။ အရေးကြီးတာတစ်ခုက သူတို့ပြောသည့် စကားတိုင်းမှာ 'စကား' ဆိုသည့် နာမည်တစ်လုံးတော့ ပါသွားဖို့ပဲ။

တစ်ဆိုင်လုံးကြားလောက်အောင် ကျယ်လောင်သည့် အသံတွေနှင့် (လူတွေကလည်း အများဂရုစိုက်မိလောက်အောင် အင်္ကျီတွေရွေး၊ လွတ်ကျ၊ အင်္ကျီနမူနာဝတ်ပြထားသော အရုပ်ကို ဝင်တိုက်မိနှင့် ရှုပ်ယှက်ခတ်အောင် လုပ်ထားကြသေးသည်။) ပြောနေကြတာဆိုတော့ တဖြည်းဖြည်းနဲ့ တော်အောင်ကျော်က သတိထားမိလာပါသည်။

ဆိုင်ထဲ ဝင်လာကတည်းက ဒီသုံးယောက်ဟာ တဝုန်းဝုန်းမို့ ရှုပ်ချင်ဟန်ဆောင်ပြပြီး ပစ္စည်းတိုလျှိုသွားမည့် သူတွေလားလို့ သတိထားစောင့်ကြည့်နေခဲ့တာ။ နောက်တော့ သူတို့ ပြောသမျှထဲမှာ 'စကား' ဆိုသည့် နာမည် အကြိမ်ကြိမ်ပါနေသည့်အခါ တော်အောင်ကျော် စိတ်ဝင်စားမှုက ပြောင်းသွားသည်။

ကြည့်ရတာတော့ ထိုသုံးယောက်ထဲက တီရှပ်အဖြူနှင့် ကိုရီးယားကားထဲက လီဟာန်ဆဲဆိုသည့် မင်းသားနဲ့ ခပ်ဆင်ဆင် တစ်ယောက်ရဲ့ ရည်းစားနာမည် ဖြစ်ပုံရသည်။





သူတို့ စကားအသွားအလာတွေအရ ထိုကောင်လေးကို သူ့ကောင်မလေးက အမြဲတံစိုးလက်ဆောင်ပေးပြီး ပံ့ပိုးနေရပုံ၊ ကောင်လေးဘက်ကတော့ ဘာမှ မကျသည့်ပုံပင်။

ထိုကိစ္စမျိုးဟာ သိပ်တော့မဆန်း။ ခုခေတ်ထဲမှာ ချမ်းသာသည့် မိဘရာထူးဂုဏ်ဒြပ်ရှိသည့် မိန်းကလေးတွေကို ပူးကပ်ပြီး ချူစားနေသည့် ယောကျာ်းလေးတွေက အတော်များနေပြီ မဟုတ်လား။

တော်အောင်ကျော် စိတ်ဝင်စားနေတာက သူတို့ ပြောသည့်အထဲ နာမည် ါ ပါလာသည့် 'စကား' ဆိုတာ ဘယ်သူလဲဆိုတာပင်။

'စကား' ဆိုသည့် နာမည်တွေက မရှိမဟုတ် ရှိပါသည်။ ဒါပေမဲ့ ကိုယ့်ရဲ့ ပန်းစကားများ ဖြစ်လေမလားလို့ ပူတော့ ပူပင်မိသေးတာပေါ့။

"စကားကို သိပ်တော့ အနိုင်မကျင့်ပါနဲ့ကွာ၊ မင်း ကောင်မလေးက နာမည်နဲ့လိုက်အောင် စကားများတာ အတင်း ပြောသန်တာကလွဲရင် စိတ်သဘောထားလေးတော့ ကောင်းတယ်ကွ၊ ငါတို့ကတော့ သူ့ကို ခင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲ ... သေပြီ။

စကားဆိုသည့် နာမည်ပိုင်ရှင် မိန်းကလေးတွေ မြန်မာပြည်ထဲမှာ တော်တော်များများ ရှိနိုင်သော်လည်း 'အတင်းပြောသန်သည့်'ဆိုတဲ့ အထူးပြု နာမဝိသေသနနဲ့ တွဲနေတာမျိုးကတော့ သိပ်မရှိနိုင်။

ဘုရား ... ဘုရား။ သူတို့ ပြောနေကြတာ ကိုယ့်ရဲ့ ပန်းစကားပေပဲလား။

"ခုခေတ် မိန်းကလေးတွေထဲမှာ ဘာသာတရား ရှိသေကိုင်းရှိုင်းတာလည်း ရှားနေပြီကွ၊ မင်းကောင်မလေးက တနင်္ဂနွေနေ့တိုင်း ဘုရားမှာ ဝတ်ရွတ်၊ သန့်ရှင်းရေးလုပ်နဲ့ ဒီလိုလိမ္မာတဲ့ မိန်းကလေးမျိုးဟာ ကိုယ့်ချစ်သူအပေါ်မှာလည်း သစ္စာစောင့်သိမှာ သေချာတယ်ကွ၊ ဒါမျိုး ရှားတယ်နော်၊ ကဲ ... အစ်ကိုရေ ... ကျွန်တော် ဒီတီရှပ်ကလေး ယူမယ်"

ပေါက်စီက စကားလည်းဆုံး၊ သူ ရွေးထားသော တီရှပ်ကလေးကို တော်အောင်ကျော့် ကောင်တာစားပွဲပေါ် ဘုတ်ခနဲဆို ပစ်တင်လိုက်သည်။





ထိုအချိန်မှာ ဆက်ကောင်းကလည်း တော်အောင်ကျော် ငွေရှင်း ပစ္စည်းထုပ် အလုပ်ရှုပ်သွားတာကို အခွင့်ကောင်းယူလျက် သူ့မျက်နှာ အပြောင်းအလဲကို အကဲဖမ်းကြည့်လိုက်ပါသည်။

သေချာတာပေါ့ဗျာ။ တော်အောင်ကျော်ရဲ့ နဖူးဆံစပ်မှာ ချွေးတွေ စို့ဥနေလို့။ ငွေရေတွက်နေသည့် လက်တွေကလည်း တဆတ်ဆတ်တုန်လို့။ မျက်နှာထားကလည်း ဟန်ဆောင်မျိုးသိပ်လို့သာထားရတယ် တစ်စုံတစ်ရာအတွက် အကြီးအကျယ် သောကဖွားသွားသည့်ပုံ။

ကဲ ... ဘာတတ်နိုင်သေးလဲ ပန်းစကားရဲ့။

တော်အောင်ကျော် ဆိုသည့် သည်လူကို ယောကျ်ားချင်း ကိုယ်ချင်းစာချင်ပေမဲ့ စကားကိုတော့ ဒီလိုနည်းနဲ့မှ ပညာမပေးလျှင် အသိတရားရမှာ မဟုတ်တော့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဖိတ်စာ၊ မင်္ဂလာဆောင်ဖိတ်စာ မဟုတ်လား၊ ဘယ်သူ့မင်္ဂလာဆောင်လဲ မသုလား"

"အင်းပေါ့ ... တို့ကိုယ်တိုင် လာပေးမှတော့ တို့မင်္ဂလာဆောင်ပေါ့"

သုနန္ဒီ မျက်နှာက ထိမထင်သလို ခပ်မော်မော်ကလေး လုပ်ထားသည်။ သိပ်မကြာသေးခင်က ပျက်ယွင်းပူပန်နေခဲ့ရသည့် မျက်နှာပိုင်ရှင်ဟာ သူမပဲ မဟုတ်တော့သလိုလို။

"ဘယ်သူနဲ့လဲဟင်"

သုနန္ဒီက အောင်နိုင်သူတစ်ယောက်လို ပြုံးကာ ...

"ကိုယ်တိုင် ဖတ်ကြည့်ပါလား စကားရဲ့၊ လက်ထဲပဲ ဖိတ်စာက ရောက်နေပြီဥစ္စာ"





အောင်မယ်လေး။ မျက်နှာကြီးကလည်း မုန်းစရာကြီးပါလားနော်။ ဒီလောက် ပိုင်ပိုင်နိုင်နိုင် မော်မော်ကြွားကြွားကြီး ဖြစ်နေပုံထောက်လျှင် မသု လက်ထပ်မည်သူဟာ တော်တော်ထင်ရှား အရေးပါသူတစ်ယောက် ဖြစ်မည်။

ပန်းစကား နည်းနည်းအမြင်ကတ်သွားကာ ဆက်မမေးတော့ဘဲ ဖိတ်စာကိုသာ ဖောက်ဖတ်လိုက်တော့သည်။

အလိုလေးလေး ...။

မသု ဂုဏ်မောက်မယ်ဆိုလည်း မောက်လောက်ပါရဲ့။ သူမနဲ့ လက်ထပ်မဲ့သတို့သားက တခြားဟုတ်ပါရိုးလား။ 'ကိုကိုလ' လို့ ပန်းစကားက ခေါ်သည့် နေလဖော်။ တကယ့်ဂရိတ်ပဲ။

"ကိုနေလဖော်နဲ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာလဲ ... စကားက စာလုံးပေါင်းမှားနေတယ် ထင်လို့သား"

"စာလုံးပေါင်းကတော့ မမှားလောက်ဘူးပေါ့၊ ဒါပေမဲ့ ဟို ... ကိုကိုလက မေမိုးထန် ဆိုတဲ့ တစ်ယောက်နဲ့"

"မေမိုးထန်က အပြတ်ငြင်းလိုက်တယ်၊ အောင်မယ် ... သူက တစ်ခုံတစ်ယောက်ကို မမှမရအောင် စွဲလမ်းနေလို့



www.burmeseclassic.com

www.burmeseclassic.com



ပါတဲ့၊ ဒါပေမဲ့ အဲဒီလူကိုလည်း သူ လက်ခံလို့ မဖြစ်တဲ့ အတွက် ယူမှာတော့ မဟုတ်ပါဘူးတဲ့၊ ဒါပေမဲ့ စိတ်ဗလာ ကြီးနဲ့တော့ လူတစ်ယောက်ကို လက်မထပ်ချင်ဘူးတဲ့၊ တော်တော် စိတ်ကူးယဉ်ဆန်တဲ့ မိန်းမ၊ အဲ ... နေဦး ... သူ စွဲလမ်းနေတဲ့သူ ဆိုတာရော ဘယ်သူလဲ သိလား၊ ဆက်ကောင်း ဆိုတဲ့ လူလိမ်ကောင်ပဲ တော်ရေ့"

ကြားရပြန်ပြီ ဒီဆက်ကောင်း။

မသု စကားထဲ ပါလာတော့မှ ပန်းစကားက ဖျတ်ခနဲ တွေးလိုက်မိသည်မှာ မသု လက်ထပ်တော့မည်ဆိုတာသိလျှင် ဆက်ကောင်းတစ်ယောက် ဘယ်လိုနေမလဲ ဆိုတာပင်။

ကြားရသော သတင်းစကားတချို့အရ ဆက်ကောင်း ဟာ မသုကို တကယ်ချစ်ပြီး အတည်အတံ့ တရည်တရွယ်ချစ်ခွင့် ပန်ခဲ့တာဆိုပဲ။ မသုကသာ လက်ခံခဲ့လျှင် လက်ရှိ ဇာတ်လမ်းတွေ အားလုံးကို ဖြတ်ပြီး တစ်ယောက်ဆို တစ်ယောက်တည်း စွဲစွဲမြဲမြဲ ရှိသွားတော့မို့ ရည်ရွယ်ပြီးသားတဲ့။

ဒါဆိုရင် သူ့ရည်ရွယ်ချက်တွေ ပျက်ပြားအောင် စကားက ဝင်ပြီး နှောင့်ယှက်လိုက်မိပြီပေါ့။





စကားကြောင့်သာ မဟုတ်လျှင် ခုလောက်ရှိ ဆက်ကောင်းနဲ့ မသုတို့ ချစ်သူဖြစ်ပြီးလောက်ပြီ။ မသုလည်း တခြားယောက်ျားတစ်ယောက်နဲ့ လက်ထပ်စရာ မလိုတော့။ ဆက်ကောင်းလည်း ချစ်သူကို အပြီးအပိုင် ဆုံးရှုံးရမှာမဟုတ် တော့။

ငါဟာ ဆက်ကောင်းကို တော်တော်ဒုက္ခပေးမိပါပြီ လား။

"ဟဲ့ ... ဘာတွေ ငြိမ်နေတာလဲ၊ ဘာလဲ ... ကိုနေလဖော်ကို နှမြောနေတာလား"

"အောင်မယ်လေး ... လေး ... သူများ လူကြီးကို စကားက ဘာလို့နှမြောရမှာလဲ၊ စကား တွေးနေတာက ဆက်ကောင်း အကြောင်းပါ၊ သူများ သိပ်ပြီးတော့ စိတ်ထိခိုက်နေရှာ မလားလို့"

"ဘာလဲ ... ဆက်ကောင်းက သုနန္ဒီကို တကယ်ချစ်ရှာတာ၊ သုသုက ငြင်းလိုက်လို့ စိတ်ဆင်းရဲပြီး ဘုန်းကြီးတောင် ဝတ် သွားလိုက်သေးတယ်ဆိုတဲ့ သတင်းတွေ ကြားထားလို့လား



www.burmeseclassic.com

www.burmeseclassic.com



စကား ကြားသည့်သတင်းကို မသုကလည်း ကြားထားပုံရသည်။

"နင် ယုံလား"

"မသိဘူးလေ၊ ယုံရမလားလို့"

"ဒါ သူ့ဘက်က တမင်သတင်းလွှင့်တာရော မဖြစ်နိုင်ဘူးလား၊ ဆက်ကောင်း ဘယ်လောက် ဉာဏ်များတယ်ဆိုတာ စကားပဲ ပြောခဲ့ပြီးတော့"

မသု ပြောသလို ဖြစ်တော့လည်း ဖြစ်နိုင်တာပင်။ သတင်းတွေ ထွက်နေသလိုမျိုး တကယ်ဟုတ်တော့လည်း ဟုတ်နေနိုင်တာပင်။ ယောကျ်ားတစ်ယောက်ရဲ့ ရင်ထဲက ခံစားချက်ကို စကားက ဘယ်လိုလုပ်ပြီး အတိအကျ လိုက်သိနိုင်ပါ့မလဲ။

စကားရင်ထဲက ခံစားချက် အစစ်အမှန်ကိုတော့ ကိုယ်တိုင်မို့ သေချာပေါက် သိနိုင်သည်။

ဆက်ကောင်းကို အရမ်းပဲ သနားမိနေပြီ။ ကိုယ့်ကြောင့် သူ့မှာ ထိခိုက်နစ်နာပြီးရင်းနစ်နာ၊ ဆုံးရှုံးမှု ကြီးမားပြီးရင်း ကြီးမားနေရသည်လို့ ထင်နေမိပြီ။





မသုရဲ့ မင်္ဂလာဖိတ်စာကို ဆက်ကောင်း တွေ့သွားလျှင် ဘယ်လိုနေရှာမလဲဆိုသည့် အတွေးတစ်ခုတည်းနဲ့တင် စကား ရင်ထဲ နင့်လှပါပြီ။

ထူးတော့လည်း ထူးဆန်းသားကွယ်။

ကိုယ် အတင်းပြောမိလို့ အလုပ်ပြုတ်တာ၊ လင်မယားကွဲတာ၊ ညီအစ်မအချင်းချင်း မခေါ်ချင် မပြောချင်လောက်အောင် မုန်းသွားတာ စသည် တော်တော်ဆိုးဆိုးဝါးဝါး ကိစ္စတွေ ဖြစ်ခဲ့တာတောင် စကားက ဘယ်သူ့ကိုမှ မသနား၊ နောင်တလည်းမရမိ။

အခုကျမှ စိတ်ထဲ တတွေးတွေး၊ တဆွေးဆွေးနဲ့ ထိခိုက်နာကျင်လှတာဟာ ထူးခြားလှတဲ့ အကြောင်းရင်းခံတစ်ခုတော့ ရှိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြီးလဲ ...။

အလွန်ထူးခြားလှသည့် သတင်းကြီးတစ်ခုကို တော်အောင်ကျော်က သယ်ယူလာခဲ့သည်။ အံ့သြစရာတော့ ကောင်းလှသား။

စကားက ဘယ်လိုမှ မဖြစ်နိုင်တာ သေချာလို့ အံ့သြနေချိန်မှာ တော်အောင်ကျော်ကလည်း ဟုတ်ကို ဟုတ်နေတာ သေချာပေါက်ကြီးဖြစ်လျက် မျက်စိမျက်နှာတွေ တအားကုန်ပျက်ယွင်းလို့။

"ဖွတ်ငြင်းမနေပါနဲ့ဟ၊ ငါ ကိုယ်တိုင် ငါ့နားနဲ့ ဆတ်ဆတ်ကြားလာခဲ့တာပါ"





"ခက်တာပဲ၊ တကယ်ဖြစ်နေတယ်ဆိုရင် ငါက ငြင်းစရာအကြောင်းမရှိဘူး၊ ငါ့မှာ ရည်းစားရှိနေတာကို နင့်ရှေ့မှာ ဖုံးကွယ်ထားစရာအကြောင်း ဘာမှ မရှိဘူး၊ အခု ငြင်းနေတာက တကယ်ရှိတာ မဟုတ်လို့ ငြင်းနေရတာ"

"ငါက နင့်အိမ်ကို ပြန်တိုင်မှာစိုးလို့ ဖြစ်ချင်ဖြစ်မှာပေါ့"

"ငါ့အိမ်ကရော ငါ့အိမ်ထောင်ရေးကိစ္စကို ဘာများ ကန့်ကွက်ထားတာ ရှိလို့လဲ၊ နင်နဲ့ သဘောတူတယ် ဘာညာဆိုတာတွေကလည်း ငါတို့နှစ်ဘက်စလုံးမှာ ငြင်းစရာအကြောင်း မရှိကြလို့သာ ပြောဆိုနေကြတာ၊ ဒီထက်ပိုပြီး တိကျခိုင်မာတာ မရှိဘူး၊ တကယ်လို့ ငါ ချစ်တဲ့သူရှာတွေ့ရင် ငါ့ဘာသာ လွတ်လွတ်လပ်လပ် ရွေးချယ်ပိုင်ခွင့်ရှိတယ်"

"လူကောင်း သူကောင်းဆိုရင်တော့ ဟုတ်တာပေါ့၊ အခု နင် ကြိုက်နေတဲ့ ကောင်က နင့်ဆီက ချူစားမဲ့ ကပ်ပါးကောင် ဖြစ်နေတော့ လူကြီးတွေရှေ့ ချမပြရဲတာနဲ့ ဖုံးထားရတာ ဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆီက ချူစားမယ် !... ရယ် ရယ်ရသေးတော့ တော်တော်ရယ်၊ ငါလို မိန်းမက မိဘတွေ ဆုံးပြီး အမွေပုံ ပေါ် တစ်ယောက်တည်း ထိုင်ကျန်ခဲ့ရတဲ့ သူဌေးသမီး လည်းမဟုတ်၊ ကိုယ်တိုင်က လုပ်ငန်းတွေ အများကြီးပိုင် ပြီး ဝင်ငွေ သောက်သောက်လဲ ရတဲ့ သူဌေးမကြီးလည်း မဟုတ်၊ ယောကျာ်း သူဌေးကြီးဆုံးသွားလို့ ငယ်ငယ်ရွယ် ရွယ်နဲ့ မုဆိုးမဖြစ်ကျန်ခဲ့ရတဲ့ သူဌေးကတော်လည်း မဟုတ်၊ မိဘ မသထာရေစာ ထိုင်စားနေရတဲ့သူ၊ သူများကို ဝယ် ခြမ်းပေးနိုင်ဖို့မပြောနဲ့ ကိုယ်တောင် ရှေ့ပုဇွန်သွားထိုင်လို့ ဒိမ်္မိနိတစ်ခွက် ဝယ်သောက်ပြီး ကိတ်မုန့်တစ်တုံး ထပ်စား ချင်တာတို့ ပူတင်းတစ်ပွဲ ထပ်မှာချင်တာတို့ဆိုရင် ငွေက သိပ်မလောက်ချင်တော့ဘူး"

"အန်တီပြောတော့ နင် ခုတလော အသုံးအစွဲ ကြီးလာသလို ပဲဆို၊ ငွေ ခဏခဏတောင်းနေလို့ စိတ်ညစ်နေရတယ်ဆို"

"လုပ်ပြန်ပြီဟာ၊ မေမေ့ကို အခုသွားမေးကြည့်စမ်း၊ စကား ငွေတောင်းတယ်ဆိုတာ ဘယ်လောက်များလဲလို့၊ တစ်ခါက ဆံပင်ပေါင်းတင်ချင်လို့ တစ်သောင်းတောင်းတယ်၊ နောက် တစ်ခါက ရွှေနန်းတော်ဝင်ဆိုင်က မြန်မာထည်အင်္ကျီတစ်စုံ ဝယ်ချင်လို့ ကိုးထောင်တောင်းတယ်၊ အဲဒီနောက်တစ်ခါက ရန်ကင်းက ဆိုင်မှာ ကိုရီးယားစာ သွားစားကြမယ်လို့ သူငယ်ချင်းတွေက ခေါ်လို့ သောင်းနှစ်ထောင် တောင်းသွား တာ၊ အဲဒါတောင် ထောင့်ရှစ်ရာ ပိုလို့ ပြန်ပေးလိုက်ပါသေး တယ်"

ပန်းစကားက သူမ မှတ်မိသမျှ အမေဆီက ပိုက်ဆံ တောင်းမိသည့် အကြောင်းပြချက်ကလေးတွေကို တတွတ်တွတ် ပြန်ရွတ်ကြည့်နေသည်။

"ဟုတ်ပါတယ်၊ အဲဒီလောက်ပဲ ပြော် ... အေတူဇက်က အသစ်ပေါ်တဲ့ အင်္ကျီလေး ဝယ်ချင်လို့တော့ တောင်းမိသေး တယ်၊ ဒါပေမဲ့ မေမေ ကိုယ်တိုင် လိုက်ဝယ်ပေးတာဆို တော့ အင်္ကျီပဲရတယ်၊ ပိုက်ဆံအနေနဲ့ယူတာ မဟုတ်ဘူး၊ မနေ့ကတော့ ငါးထောင် တောင်းမိတယ်၊ ဒါလည်း တီဗီမှာ ကြော်ငြာတဲ့ မစ္စ(စ)တင်း နှုတ်ခမ်းနီတစ်ဘူးရယ်၊ မျက်နှာအဆီသုတ်တဲ့ တစ်သျှူးရယ်၊ စိုင်းစိုင်း သီချင်းခွေ တစ်ခွေရယ် ဝယ်လိုက်တာ ကုန်လုနီးပါးပဲ၊ ဒီမှာကြည့်၊







www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲမှာ တစ်ထောင်တန်နှစ်ရွက်နဲ့ အကြွေပုပ္ပုလေးလောက်ပဲ ကျန်တော့တာ”

အောင်မယ်လေး။ သူ့တောင် ပြန်သနားရဦးတော့မလို ဖြစ်နေပါလား။

ပန်းစကားပြောသည့်အတိုင်းဆိုလျှင်တော့ ဘယ်ယောကျ်ားပိုင်လုံးကမှ အိတ်ထဲ နှစ်သောင်းကျော်လောက်ကလေးပါသည့် မိန်းမတစ်ယောက်ကို စိတ်ကူးမှာ မဟုတ်။

သို့သော် ဒါက ပန်းစကား ပြောတာပဲ ရှိသေးတာ။ ပန်းစကားမှာ သူ့အဘွား မဆုံးခင်က ထားခဲ့သည့် အမွေတွေ ဘဏ်မှာ အပ်ထားတာ ရှိသေးသည်။ အဲဒါတွေထဲက သူ့ကောင်ကို ပံ့ပိုးဖို့ ယူမသုံးပါဘူးလို့ ပြောနိုင်မလား။

အဲ ... ဘယ်လိုလုပ်မလဲဆိုတော့ ဘယ်လိုမှတော့ လုပ်လို့မရဘူးပေါ့။ သူ့ဘာသာ မိုက်မဲပြီး စိတ်ဓာတ်ချူချာသည့် ယောကျ်ားတစ်ယောက်ကို ရည်းစားတော်ကာ ရှိသမျှ ခိုးဝှက်သုံးစွဲပံ့ပိုးလည်း တော်အောင်ကျော်မှာ ဘာမှ ပြောစရာမရှိပါ။

ကြည့်ရတာ ပန်းစကားကတော့ ဘယ်လိုပဲ မေးမေး ဘူးကွယ်ဖုံးဖိထားတော့မည် ထင်သည်။





ပန်းစကား ဒုက္ခရောက်မှာကို မကြည့်ရက်ဘူးဆိုလျှင် တော်အောင်ကျော်မှာ လုပ်စရာက နှစ်ခုပဲ ရှိသည်။

တစ်ခုက သူမရဲ့ မိုက်မဲမှုကို ပန်းစကား မိဘတွေဆီမှာ တိုင်လိုက်တာ။

ဒါကတော့ ရက်စက်ရာကျသည်လို့ တော်အောင်ကျော်က ထင်သည်။ ဘယ်မိဘမဆို ကိုယ့်သားသမီးကို လွတ်လပ်ခွင့် အပြည့်ပေးထားသည့်တိုင် အကျင့်မကောင်းသူတစ်ယောက်နဲ့တော့ အတွဲခံမှာမဟုတ်။ ဖျက်ကြ၊ တားကြ၊ ဆူပူကြမှာပင်။ ရိုက်နှက်တာတို့၊ အခွင့်အရေးတွေ ရုတ်သိမ်းပစ်တာတို့၊ အခန်းထဲ ပိတ်လှောင်ထားတာတို့၊ နိုင်ငံခြားပို့ပစ်တာတို့ ပို၍ ပို၍ ဆိုးသော တုံ့ပြန်မှုတွေလာမည်။ ပန်းစကား အရမ်းစိတ်ညစ်ရမည်။ ဒါမျိုးတော့ မဖြစ်စေသင့်။

ဒါဆိုရင်တော့ ပန်းစကားကို တိုက်ရိုက်မထိနိုက်စေမည့် ဒုတိယနည်းလမ်းကိုပဲ ရွေးချယ်တာ ကောင်းလိမ့်မည် ထင်ပါရဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ရာတခြား ရှရာတလွဲလို့ ပြောရမှာလား၊ ကိုယ့်ရှူးကိုယ်ပတ် ကိုယ့်အတတ်ကိုယ်စူးလို့ပဲ ပြောရတော့မလား။

တစ်ခါမှ မမြင်ဖူးသည့် ဖုန်းနံပါတ် တစ်ခုကနေ လှမ်းပို့လိုက်သော 'မင်းယောကျ်ားစစ်စစ် တစ်ယောက်ဖြစ်တယ်ဆိုရင် ... လမ်းက ... ဆိုင်ကို ညနေ ငါးနာရီတိတိမှာ ရောက်အောင်လာခဲ့ပါ'ဆိုသည့် မက်ဆေ့ချ် ပို့လိုက်တာကို လက်ခံပြီး သွားမတွေ့မိလျှင်လည်း အကောင်းသား။

ဆက်ကောင်း ကိုယ်တိုင်ကလည်း စပ်စပ်စုစု၊ ရှုပ်ရှုပ်ယှက်ယှက် လုပ်ရတာ ဝါသနာပါလွန်းပါတယ်လေ။ ဒါမှမဟုတ်ရင်လည်း 'ယောကျ်ား မဟုတ်ဘူးလား'ဆိုသည့် စိန်ခေါ်မှုကို ဥပေက္ခာပြုပြီး အေးအေးဆေးဆေး မနေနိုင်၊ ဆတ်ဆော့လွန်းတာပဲလား။





ဖုန်းထဲက ချိန်းလိုက်သည့် လိပ်စာအတိုင်း အချိန်အတိအကျ ရောက်သွားတော့ ထင်မှတ်မထားသူတစ်ယောက်က စောင့်နေနှင့်သည်။

တော်အောင်ကျော်။

မဆိုးဘူး။ ဒီကောင်လည်း စုံစမ်းထောက်လှမ်းတာ တော်တာပဲ။ သူ့ဆိုင်ကို ဝင်မွှေကာ သူ့ရည်စားနာမည်ချည်းသာ တွင်တွင်ပြောသွားသူဟာ ဘယ်သူလဲဆိုတာ တစ်ပတ်တောင် မရှိသေးခင်မှာ ရအောင်စုံစမ်းလိုက်နိုင်သည်။

"ဟော့ကောင် ... မင်း ငါ ဘယ်သူလဲဆိုတာ သိလား"

ဆိုင်ထဲ ရောက်ရောက်ချင်းပဲ တော်အောင်ကျော်က ဆက်ကောင်းရှေ့သို့ လွှားခနဲ ခုန်ထွက်လာပြီး အကျႌရင်ဘတ်ကို စုဆွဲဆုပ်ကိုင်လျက် ဟိန်းဟိန်းဟောက်ဟောက် မေးလိုက်တာဖြစ်ပါသည်။

သိတယ် ... အဲ ... မဖြစ်သေးဘူး။ သိတယ်ဆိုရင် သူ့ဆိုင်မှာသွားပြီး သူ့ကောင်မလေးနာမည်ကို တတွင်တွင် ပြောခဲ့တာဟာ တမင်တကာ လုပ်တာလို့ သိသွားဦးမယ်။ ဒီတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်ကောင်ဆိုတာ သိရအောင် မင်းက ဘာမို့လို့လဲ"

"ဟား ... ဟား ... မင်း တော်တော်ညံ့သေးတာပဲ၊ ဒါနဲ့ တောင် မင်းက ကိုယ့်ကိုယ်ကိုယ် ပိုင်တဲ့ နိုင်တဲ့ ပုံစံလုပ်နေသေးတယ်၊ ဒီမှာ ငါ့မျက်နှာကို သေသေချာချာကြည့်ထား၊ ငါက ပန်းစကားရဲ့ ခင်ပွန်းလောင်းပဲ"

ဆက်ကောင်းက မယုံသင်္ကာဟန်မျိုးနဲ့ ခေါင်းကို တလွှားလွှား ခါယမ်းလိုက်ကာ ...

"လုံးဝ မဖြစ်နိုင်ဘူး၊ စကားက သူ့မှာ ဒါမျိုး ရှိပါတယ်လို့ တစ်ခါမှ မပြောဖူးဘူး"

"ဘယ်ပြောမလဲကွ၊ သူ့မှာ လူကြီးတွေကလည်း သဘောတူ၊ သူကိုယ်တိုင်ကလည်းနှ ကြည်ဖြူတဲ့ ခင်ပွန်းလောင်း ရှိတာကို ပေးသိလိုက်ရင် မင်းက လက်ရှောင်သွားတော့မှာပေါ့"

"ရှိုးမနေနဲ့၊ ငါ လုံးဝ မယုံဘူး၊ မင်းလည်း ငါတို့ကြား ထဲ ဝင်ပြီး သပ်လျှိုဖို့ မစဉ်းစားနဲ့"

"စကားကိုပဲ မင်း သေချာတွေ့ပြီး မေးလိုက်ပါဦး၊ ငါ့နာမည်လည်း မှတ်သွားလိုက်၊ တော်အောင်ကျော်တဲ့"





"တော်အောင်ကျော် မဟာလို့ ညံ့ရှုံးဖျင်းပဲဖြစ်ဖြစ် ငါ ဂရု မစိုက်ဘူး၊ တကယ်လို့ မင်းနဲ့ စကား ပတ်သက်နေတယ် ဆိုလည်း ငါကတော့ နောက်ဆုတ်မှာ မဟုတ်ဘူး"

အစကတော့ ဆက်ကောင်းတို့ ဇာတ်လမ်းထွင်လိုက်တာဟာ ပန်းစကားကို သူ့ရည်းစားနဲ့ အဆင်မပြေဖြစ်စေချင်လို့။ ရည်းစားနဲ့ ပြဿနာတက်ရတာဟာ ဘယ်လောက်စိတ်ညစ်ရတယ်ဆိုတာ သိစေချင်လို့။ တော်အောင်ကျော် ဆိုသည့် လူကို ထိခိုက်နစ်နာစေအောင် ရည်ရွယ်ချက်ထားတာ မဟုတ်။

တကယ်လို့ ပန်းစကားတို့ ရန်ဖြစ်ကြပြီး ကိုယ့်ဆီ ရောက်လာကာ ပြဿနာတွေ ဘာတွေ ရှင်းကြရမည် ဆိုလျှင် သူတို့ ပြောချင်သည့် ပန်းစကားဟာ တခြားတစ်ယောက်လိုလို ဘာလိုလိုနဲ့ လွှဲချဖို့ စိတ်ကူးပြီးသား။

ခုအချိန်မှာတော့ အဖြစ်အပျက်က မထင်မှတ်ဘဲ ပြောင်းလဲသွားပြီး တော်အောင်ကျော် ဆိုသည့် လူက သာမန်ဇာတ်ရဲ့ တစ်ယောက်လို မထင်မရှားနဲ့ ဘေးထွက်မနေဘဲ ဇာတ်လမ်းထဲ ဝင်ချလာကာ ပွဲကြမ်းလာပြီဆိုတော့ ဆက်ကောင်းကလည်း အရွဲ့တိုက်ချင်စိတ်ကလေး ပေါ်ကို ပေါ်လာပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



"မင်း … မင်း … ဘာပြောတယ်၊ မိုက်ရိုင်းလှချည့်လားကွ၊ သူများကောင်မလေးကိုလည်း လုသေးတယ်"

"လက်မထပ်ရသေးမချင်း ဘယ်သူကမှ မင်းကောင်မလေးမဟုတ်သေးဘူး ကိုယ့်လူ၊ ငါတို့ဘာသာ နှစ်ဦးနှစ်ဖက်သဘောတူလို့ အဆင်ပြေကြတာ မင်း ဘာမှဝင်ပြီး စွက်ဖက်ပိုင်ခွင့် မရှိဘူး၊ မင်းမှာ လုပ်စရာဆိုလို့ နှစ်မျိုးပဲရှိတယ်၊ တစ်ခုက ကိုယ့်လူကို ရအောင်တား၊ နောက်တစ်မျိုးက တားလို့မရဘူးဆိုရင် ထိုင်ငိုနေလိုက် ဒါပဲ"

အောင်မယ်လေး။ ရန်ဖြစ်ရတာများ တယ်အရသာရှိပါလားနော်။ နောက်ဆက်တွဲကတော့ ဘာတွေ ဖြစ်လာမလဲမသိ။ ဆက်ကောင်းကတော့ စွတ်စွတ်ပြီး ပြောချလိုက်ပြီ။

တကယ်တမ်းမှာတော့ ဆက်ကောင်းက ရန်သိပ်မဖြစ်ဘူးပါ။ ရည်းစားများပြီး ဓာတ်လမ်းရှုပ်တတ်တာကလွဲလျှင် ပျော်ပျော်ပါးပါးနေတတ်၊ အပေါင်းအသင်းလည်း များသောဆက်ကောင်းမှာ ရန်ဖြစ်ရတယ်ဆိုတာ မရှိသလောက်။ အဲ … ပြီးတော့ ရှက်ရှက်နဲ့ အမှန်အတိုင်း ဝန်ခံရမယ်ဆိုလျှင် ဆက်ကောင်းရန်လည်း မဖြစ်ရဲပါ။





အသားနာမှာလည်းကြောက်၊ ပြဿနာရှင်းရမှာလည်းကြောက်တာမို့ သူငယ်ချင်းတွေ ရန်ပွဲဖြစ်ကြတော့မည်ဆိုလျှင် ဆက်ကောင်းက အသာလေး ရှောင်နေလိုက်ပြီး ရန်ပွဲကကိုယ့်ဆီ ဦးတည်လာမည်ဆိုလည်း ဂျယ်သလို မောသလိုနဲ့အလျှော့ပေး နောက်ဆုတ်လိုက်ကာချည်း။

ဒီတစ်ခါတော့ အလိုလိုနေရင်း တော်အောင်ကျော်ဆိုသည့်ကောင်ကို အလျှော့မပေးချင် ဖြစ်နေသည်။

"မိုက်ရိုင်းလှချည့်လားကွ၊ ဒီမှာ ငါ့မျက်နှာကို သေသေချာချာကြည့်ထား၊ ငါလိုကောင်က ကိုယ့်ရည်းစား သူများခိုးသွားလို့တော့ ထိုင်ငိုနေမဲ့ကောင် မဟုတ်ဘူး၊ ကြာကူရိုင်းရိုက်ချင်တဲ့ကောင်ကိုပဲ ကောင်းကောင်းကြီး ပညာပေးပစ်လိုက်မှာ"

စကားလည်းမဆုံး၊ လက်သီးတစ်ချက်ကလည်း ဝိုးခနဲ မျက်နှာတည့်တည့်ဆီ ပြေးအဝင်။ မြန်လိုက်သည့် လက်သီး။ ရှောင်ချိန်တောင်မရ။

အဲ … ရှောင်ချိန်ရလျှင်တောင် ဆက်ကောင်းတို့ကလက်သီးကို ရှောင်နေကျ မဟုတ်တာမို့ ဘယ်ဘက်တီး



www.burmeseclassic.com

www.burmeseclassic.com



ရကောင်းနိုး၊ ညာဘက်တိမ်းရကောင်းနိုး စဉ်းစားနေချိန်မှာပဲ လက်သီးက နဖူးတည့်တည့်ကို ခွပ်ခနဲ ထိခတ်သွားလောက်ပြီ။

အားပြင်းလှသည့် ထိခိုက်မှုတစ်ခု နှာခေါင်းရိုးနဲ့ ဘယ်ဘက်မျက်လုံးတစ်ဝိုက်ဆီမှာ ခံစားလိုက်ရပြီးသော် ထိုအရှိန်ကပဲ ဆက်ကောင်းကို တွန်းတိုက်ပစ်လိုက်သလို ဖြစ်ကာ နောက်ပြန်ဖင်ထိုင်လျက်သား လဲကျသွားရပါသည်။

အား ... လို့တောင် အသံထွက်မအော်နိုင်ဘူး။ နှာလွန်းလို့ ဘယ်နေရာ ထိသွားသလဲ၊ ဘယ်နားကို လက်နဲ့ အုပ်ရမလဲဆိုတာကိုတောင် ရုတ်တရက် စဉ်းစားလို့မရ။ အုပ်မိအုပ်ရာ ပါးရိုးကို လက်ဝါးနဲ့ အုပ်လိုက်တော့ တော်အောင်ကျော်က ...

"ဟော့ကောင် ... မှားနေပြီ၊ ငါ ထိုးလိုက်တာ နှာခေါင်းရိုးနဲ့ မျက်လုံး၊ ပါးရိုးမဟုတ်ဘူး၊ မင်းပါးရိုး အမာကြီး ထိုးလိုက်ရင် ငါ့လက်သီးလည်း နာသွားမှာပေါ့"

တော်အောင်ကျော် သတိပေးမှပင် ဆက်ကောင်းက မျက်လုံးကို လက်နဲ့ ပြောင်းအုပ်လိုက်ရသည်။ အာရုံကို မျက်လုံးဆီ စုစည်းလိုက်တော့မှပဲ မျက်လုံးက နာကျင်သည့်ဒဏ်ကို သိသိသာသာ ခံစားလာရတော့သည်။





"အာ ... နာတယ်၊ မင်း လက်သီးက တယ်ပြင်းပါလားကွ၊ ဟော့ကောင် ... ရည်စားကိစ္စဖြေရှင်းတာ ဒီလောက်ကြီး ရက်ရက်စက်စက် ဆော်စရာလားကွ"

"မင်းတောင် ငါ့ကောင်မလေးကို လုသေးတာပဲ၊ မှတ်ထား၊ သူများ မိန်းကလေးကို လုမယ်ဆိုရင် ဒီလိုပဲ ခံစားရမယ် ကြားကူရီကောင်"

တော်အောင်ကျော်က ခုတွေ ဘာတွေကို ဝုန်းဒိုင်းကြဲ ဆောင့်ကန်လိုက်သေးသည်။ သူကပဲ ထိုးရပြီး သူကပဲ စိတ်မကျေနပ်နိုင်သေးသည့်သဘော။

ဘာပဲဖြစ်ဖြစ် ကိုယ့်ကို မကန်ဘဲ ခုံကို ကန်တာပဲ တော်လှပြီလို့ ကျေးဇူးတင်ရဦးမည်။ မဟုတ်လို့ကတော့ မျက်လုံးက ဒဏ်ရာအပြင် ရင်ဘတ်လား ဗိုက်လား ညို့သကျည်းလား တစ်နေရာရာမှာ နောက်ထပ် ဒဏ်ရာတစ်ခု တိုးဦးတော့မည်။

တော်အောင်ကျော် ထွက်သွားတော့မှပဲ ဆက်ကောင်းက သက်ပြင်းခိုးချကာ ငါ ဘာကြောင့် ဒီလောက် အဓိပ္ပာယ်မရှိတဲ့ အလုပ်ကို လုပ်မိပါလိမ့်လို့ တွေးရင်း နောင်တတွေ ရနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် နင် ဘယ်လိုလဲ၊ ဆက်ကောင်းကို သွား ထိုး တယ်ဆို"

"ဟော ... တွေ့လား၊ အစကတော့ ငြင်းလိုက်ရတာ၊ နင်ပဲ မဟုတ်ဘူးဆို၊ ခုကျတော့ ဆတ်ဆတ်ခါ နာနေရပြန် ပါရောလား မိစကားရဲ့"

"နင်တို့ ဘာတွေဖြစ်လို့ ဘယ်လိုပြဿနာတက်ကြသလဲ ဆိုတာတော့ ငါ မသိဘူး၊ ဒါပေမဲ့ ဆက်ကောင်းကို သွား ထိုးတာကတော့ လုံးဝ အလုပ်မဟုတ်ဘူး"

"လက်ပိုက်ကြည့်နေရမယ်ပေါ့လေ၊ ငါ့ကို အပြစ်လာမတင် နဲ့ စကား၊ နင်တို့အပြစ်နဲ့ နင်တို့ ဖြစ်ရတာ၊ ဟိုကောင်မှာ ပဲ အပြစ်ရှိတာ"





"နင် ဘာကြောင့် ငါနဲ့ ဆက်ကောင်းကို စွပ်စွဲနေရသလဲ ဆိုတာ ငါ စဉ်းစားလို့ကို မရဘူး၊ ထားတော့၊ နင်ပြော တဲ့အတိုင်း ဟုတ်နေတယ်ဆိုရင်တောင် ငါ ကိုယ်တိုင် ပါထားတဲ့ ကိစ္စကို နင်က ဝင်ပြီး ထိုးလား၊ ကြိတ်လား၊ တားလား ဆီးလား လုပ်လို့ရမလား"

"ဘယ်သူဖျက်ဖျက် မပျက်ဘူးပေါ့လေ"

တော်အောင်ကျော်ရဲ့ ပြုးတုံ့တုံ့ မျက်နှာကြီးကို စကားက အမြင်ကတ်လိုက်တာဆိုတာလေ။

"ဟုတ်တယ်လေ မပျက်ဘူး၊ နင်လည်း ဝင်ရှုပ်ဖို့ မကြိုး စားနဲ့"

ဖွတ်မိုတ်ပြီး အရွဲ့တိုက်ပြောချလိုက်တော့ တော်အောင် ကျော် တစ်ယောက် စာပို့ရထားကြီးတစ်စင်း ဘူတာမှာ ဆိုက် ကပ်လာသလို ဝှာရှူးရှူး တရှဲရှဲ အသံကြီးတွေ မြည်လျက် ဒေါသတွေ ကျကျနန ထွက်သွားပါလေရော။

"ငါက ငါ့အတွက် ပြောတာ မဟုတ်ဘူး၊ နင့်အတွက် ပြောနေတာ၊ နင့်လို မသိတတ် မိုက်မဲတဲ့ မိန်းမမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပိုင်းလုံးတစ်ယောက်က လာလိမ်တာ ခံနေရမှာစိုးလို့ ဝင်ပြီး လူကြမ်းလုပ်ရတာ၊ လူကောင်းသူကောင်းသာဆို ငါလည်း ကြားက ဘာမှ ဝင်ပြီး ခံစားနေဖို့မရှိဘူး၊ သိပ်ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း အထင်ကြီးမနေနဲ့"

"ရပါတယ်၊ ငါ့ဘဝနဲ့ငါ ဘာဖြစ်ဖြစ် နင် ရှောင်ပဲနေလိုက်ပါ"

"အိုကေ ... အိုကေ ... ကောင်းပြီ၊ ရှောင်ဆိုလည်း ရှောင်နေလိုက်တာပေါ့၊ နင့်လို အပြောကြီးတဲ့ မိန်းမ ဘာတွေ ရှေ့ဆက်ဖြစ်မလဲဆိုတာ ငါက လက်ပိုက်ပြီးတော့ကို စောင့်ကြည့်ဦးမှာ"

တော်အောင်ကျော် ဒေါသတကြီး ထွက်သွားတော့မှ စကားက ဆက်ကောင်းကို တောင်းပန်ဖို့နဲ့ သတင်းမေးဖို့ စိတ်ကူးရပါသည်။

ကိုယ်က ခိုင်းလို့ ဖြစ်ရတာ မဟုတ်ပေမဲ့ ကိုယ့်ပယောဂလည်း မကင်းဘူး မဟုတ်လား။





ဆက်ကောင်းရဲ့ သူငယ်ချင်းဖြစ်ပုံရသော ကောင်လေးတစ်ယောက်က စကားဆီ ဖုန်းဆက်ပြီး သူတို့သူငယ်ချင်း အသားလွတ် စော်ကားရန်ရှာခံရတာကို မခံချင်လွန်းလို့ ဆိုပြီး လှမ်းတိုင်တော့မှ တော်အောင်ကျော် စွပ်စွဲနေသည့်သူဟာ ဆက်ကောင်းပဲလို့ စကားက သိရတာ။

ထူးတော့ထူးဆန်းသား။ ဆက်ကောင်းနဲ့ စကားတို့ဟာ ကြားလူတွေနဲ့ သွယ်ဝိုက်ပတ်သက်မှုတွေ ရှိနေကြပေမဲ့ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင် တွေ့မိတာဆိုလို့ လေးကြိမ်လားပဲ ရှိသေးတာပါ။ ထိုလေးကြိမ်မှာ အနီးကပ်တွေ့ပြီး အပြန်အလှန် စကားပြောဖူးတာဆိုလို့လည်း နှစ်ကြိမ်တည်းပဲ ရှိပြန်ရော။

အဲဒီလောက် ပတ်သက်မှုသေးသေးလေးကို ဘယ်သူမှလဲ သိစရာမရှိ။ အထင်လွဲစရာလည်းမရှိ။

ထားလိုက်ပါတော့။ စဉ်းစားရခက်သည့် ကိစ္စတွေ ခဏထား၊ လောလောဆယ် ဆက်ကောင်းကို ဘယ်သွားတွေ့ပြီး တောင်းပန်ရမှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ စကားက စွန့်စားသည့်အနေဖြင့် ဆက်ကောင်းရဲ့ ဘကြီးကို လိုက်ပို့ပေးဖူးသော အိမ်ကိုပဲ ခပ်ပြောင်ပြောင် လိုက်ချသွားလိုက်တော့သည်။

မျက်လုံးက တစ်ဖက်ပိတ်ကာ ညိုမည်းဖူးယောင်လျက် တစစ်စစ် ကိုက်ခဲနေရသည့်ကြားထဲ ဧည့်သည်က ရောက်လာရသေးသည်။

"ဧည့်သည်က ဘယ်သူတုံး"

"မသိဘူး အစ်ကိုလေး၊ မမချောချောလေးတစ်ယောက်ပဲ"

"အိမ်မှာ ဘယ်သူမှ မရှိဘူးလေ၊ မေမေတို့ အလှူသွားကြတာ ပြောပြလိုက်ပါလား"

"ပြောပါတယ်၊ အဲဒီ မမလေးက အစ်ကိုလေးကိုပဲ တွေ့ချင်တာဆိုလို့"

"ငါ့ကို ... ငါ့နာမည်ကို မေးပြီး လာတာလား"

"ဟုတ်ကဲ့"

ဆက်ကောင်းက သူ့ရည်းစား မိန်းကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် စဉ်းစားကြည့်သည်။ လက်တလော





တော့ တစ်ယောက်မှ မဖြစ်နိုင်။ ပန်းစကား ဝင်ရှုပ်တာနဲ့တင် ရည်းစားတွေ အားလုံးနဲ့ အဆင်မပြေဖြစ်ပြီး ဒီအချိန်မှာ ဆက်ကောင်းတစ်ယောက် မျောက်သစ်ကိုင်းလွတ် ဖြစ်နေတာ။

ရည်းစားဟောင်းတွေထဲက ဖြစ်မယ်ဆိုလည်း ဖြစ်နိုင်သေးတာပဲ့။

မကျေနပ်လို့ ရန်တွေ့ဖို့လာတာလေ။

ဘာအကြောင်းပဲလာလာ၊ ဘယ်သူပဲလာလာ ကိုယ့်ရဲ့ စုတ်ပြတ်နေတဲ့ ရုပ်ကလာပ်ကြီးကို မိန်းကလေးတစ်ယောက်ရှေ့မှာ ထွက်မပြချင်တာတော့ အမှန်ပင်။

"ငါ မရှိဘူးလို့ ပြောလိုက်ဟာ"

"ကျွန်မက အစ်ကိုလေး ရှိတယ်လို့ ပြောလိုက်မိပြီးပြီ"

"သေကွာ ... ဘာလို့ ငါက ရှိရမှာလဲ၊ သွားပြန်ပြောချေ၊ အစက ရှိတယ်ထင်လို့ ပြောမိတာ၊ အခု သေချာပြန်ကြည့်တော့ မရှိဘူး ဖြစ်နေတယ်လို့"

ကောင်မလေးက တွန့်ဆုတ်ဆုတ်နဲ့ မျက်တောင် တဖျပ်ဖျပ် ပုတ်ခတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ကိုယ်တိုင်ပဲ ထွက်ပြောလိုက်ပါလားဟင်၊ ကျွန်မက အဲဒါမျိုး မလိမ်တတ်လို့"

ဘယ်လောက် စိတ်တိုဖို့ကောင်းလိုက်သလဲ။ ကိုယ်မရှိသည့်အကြောင်း ကိုယ်တိုင်ပဲ ထွက်ပြောရဦးမတဲ့။ သူကျတော့ မလိမ်တတ်လို့ပါတဲ့။

"အေး ... မလိမ်တတ်ရင် သူများပေးတဲ့ လခလည်း ယူမနေနဲ့တော့ပေါ့"

"ကျွန်မ လခယူတာ အိမ်မှုကိစ္စတွေလုပ်ဖို့ အတွက်ပဲဟာ၊ လိမ်ညာပေးဖို့မှ မဟုတ်တာ"

အရေးထဲ စွာရေးတေးလန်ကောင်မလေးက ချက်ကျလက်ကျ ပြန်ပြောနေလိုက်သေးသည်။ ဆက်ကောင်းသာ စိတ်ခတ်ကျမနေဘူးဆိုလျှင် ခုလောက်ရှိ ကောင်မလေး ခေါင်းကို ဒေါက်ခနဲ မြည်အောင် ခေါက်ပြီးသား ဖြစ်နေလောက်ပြီ။

ဆက်ကောင်းက ပထမတော့ ပေတေကာ မထွက်ဘဲ နေဖို့ စိတ်ကူးမိသား။ နောက်တော့ ဧည့်သည်ဟာ ဘယ်သူမှန်းလဲ မသိ၊ ဘာအကြောင်းကြောင့် လာမှန်းလဲ မသိ၊ တကယ်လို့





တွေ့သင့်သည့်သူ ဖြစ်နေလျှင် ဒုက္ခရောက်မှာစိုးတာနဲ့ပဲ ဆင်းတွေ့ဖို့ ဆုံးဖြတ်လိုက်ရပါသည်။

မြတ်စွာဘုရား။ ပန်းစကားပါလား။

ဧည့်ခန်းထဲ အုကျအနထိုင်နေသည့် ပန်းစကားကို မြင်လျှင် ဆက်ကောင်းက သရဲတွေ့ရသလို အထိတ်တလန့် ဖြစ်သွားရသည်။

သူ ဘယ်လိုလုပ်ပြီး ငါ့အိမ်ကို သိ ... ထားပါတော့လေ။ အိမ်သိနေတာက သိပ်အရေးမကြီး၊ ဘာကိစ္စနဲ့ ကိုယ့်ဆီလာရသလဲဆိုတာက ပိုအရေးကြီးသည်။

နေဦး။ သူ့လူ ကျူးလွန်ခဲ့သည့် ပြစ်မှုကြီးအတွက် အမှုအခင်းတွေ လုပ်မှာစိုးလို့ လာတောင်းပန်တာများ ဖြစ်နေမလား။

အဲဒီလိုသာဆိုလျှင်တော့ ကိုယ့်ဘက်က တစ်စက်ကလေးမှ မလျှော့ဘဲ တင်းတားရမည်။ ဒီပန်းစကားဆိုတဲ့ မိန်းမဟာ ဆက်ကောင်းကို ဒုက္ခပေးပေါင်းများလှပြီ။ သူ့ဘာသာ လွတ်လွတ်ကျွတ်ကျွတ် နေလို့ရသားနဲ့ သူများကိစ္စတွေမှာ ပိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှုပ်နေလို့ ဆက်ကောင်းမှာ အမြဲ ဒုက္ခရောက်ရတာ။ သူ့ကို ပြန်ပြီး ဒုက္ခပေးဖို့ စီစဉ်ပြန်တော့လည်း နောက်ဆုံး ကိုယ်ပဲ ပြန်ထိခိုက်တာပင်။

ဆက်ကောင်းက ဒေါသတွေ ထွက်လာရပြီမို့ မျက်နှာထားက အလိုလိုတင်းမာသွားရကာ ...

"ခင်ဗျား ဘာကိစ္စရှိလို့ လာတာလဲ"

ဆက်ကောင်းရဲ့ လေသံကလည်း မျက်နှာထားနဲ့ လိုက်ဖက်ညီစွာ တင်းမာလှပေမဲ့ ပန်းစကားက စိတ်မဆိုးသာပါ။ ပင်ဒါဝက်ဝံကြီးတစ်ကောင်လို မျက်လုံးတစ်ဖက်က ညိုမည်းနေသော ဆက်ကောင်းရဲ့ မျက်နှာကိုသာ သနားကြင်နာစိတ် အပြည့်နဲ့ ငေးကြည့်နေမိသည်။

"ဒီမှာ ... ဟော့ ... ဘာဖြစ်နေတာလဲ၊ ကျွန်တော် မေးနေတာ ဖြေဦးလေ"

ပန်းစကား လုပ်နေပုံက ဒေါ်နဲ့မောနဲ့ မောင်းတင်လာသော ဆက်ကောင်းမင် အူကြောင်ကြောင် ဖြစ်သွားရသည်။ နောက်ပြီး အနေရခက်ကာ ရင်ထဲ ကလိကလိနဲ့ တစ်မျိုးကြီး။





ကိုယ့်ကို မျက်လုံးလေး ဝိုင်းကာ ငေးမောနေပုံက ရိုးရှင်းအပြစ်ကင်းသည့် ပုံမျိုးလေးပဲ။ ဒီမိန်းကလေးဟာ လှတာ တော့ တော်တော်လေးကို လှသား။ နေရာတကာ စပ်စုရှုပ်ထွေး တတ်သည့် အကျင့်ဆိုးသာ မရှိဘူးဆိုလျှင် ...

အ[illegible] ... မဟုတ်သေးပါဘူး။ သူ ဘာဖြစ်လို့ ဒီလို အတွေးမျိုးတွေ တွေးနေမိတာပါလိမ့်။ ပန်းစကား ဆိုတာ တော် တော်စိတ်ပျက်စရာကောင်းသည့် မိန်းကလေးမျိုးပဲဟာ။ သူမနဲ့ ပတ်သက်ပြီး အကောင်းမြင်တဲ့ အတွေးမျိုး ဖြစ်ပေါ်မလာသင့်။

"ကိုဆက်ကောင်း တော်တော်ထိမိသွားတာပေါ့နော်"

"ဘာလဲ ... ဘာကို ပြောတာလဲ"

"မျက်လုံးလေ တော်တော် ... အဲ ... တော်အောင်ကျော် တိုးလိုက်တာကို ပြောတာပါ"

ကော်ဖီတစ်ခွက် ဖျော်ပြီး ဧည့်ခန်းထဲ လာပို့သော မိအေးက ပန်းစကားရဲ့ စကားကို ကြားလျှင် တအံ့တဩ ဖြစ် သွားသည်။

သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်လို့ရလာတဲ့ ဒဏ်ရာပါဆိုလျှင် ဖခမည်းတော်က ဆူပူကြိမ်းမောင်းဦးမည်။ မယ်တော်ကလည်း သွေးတက်တော်မူဦးမည်။ ဒီတော့ အခန်းထဲမှာ ချော်လဲလိုက်တာ စားပွဲစောင်းနဲ့ဆောင့်ပြီး ဒီလိုဖြစ်သွားရတာပါလို့ ကြည့်ကောင်းအောင် ပြောထားတာ။

ဒီကောင်မလေးသာ အဖြစ်မှန်ကို ကြားသွားလို့ကတော့ အဖေ့ဆီမှာ အတို့အထောင်တွေ သွားလုပ်ပြီ။ ဆက်ကောင်းမှာ ရန်ဖြစ်တာက အမှုတစ်ခု၊ လိမ်ညာပြောတာကတစ်မှု စုစုပေါင်း အမှုနှစ်ခု ဖြစ်သွားပြီ။

ဘယ်လိုရေစက် အကြောင်းကံပါလေသလဲ မသိပါဘူးနော်။ ပန်းစကားနဲ့ ပတ်သက်လာလျှင် ဆက်ကောင်းတို့ ဘယ်တော့မှ ကံမကောင်းတတ်။

"ဟဲ့ကောင်မလေး ... နင့်ကို ဘယ်သူက ခိုင်းလို့ ကော်ဖီယူလာရတာလဲ"

"ဧည့်သည်မမအတွက်ပါ"

"ဒါ ဧည့်သည် မဟုတ်ဘူး၊ ဘာမှ ဧည့်ခံနေစရာမလိုဘူး"





မိအေးတောင် တအံ့တသြနဲ့ မျက်စိမျက်နှာ ပျက်သွားသေးသည်။ ဟိုမိန်းကလေးကတော့ ဘာသားနဲ့ ထုထားသလဲ မသိပေါင်ဗျာ။ မျက်နှာထားက တည်လိုက်တာ။ လုံးဝ မပြုံးသည့်ပုံစံမျိုးနဲ့။

"ခင်ဗျားနဲ့ ကျွန်တော် ဘာဆိုင်လို့ သတင်းလာမေးရမှာလဲ"

"ဆိုင်တာပေါ့၊ ကိုဆက်ကောင်း အခုလို ဒဏ်ရာရတာ စကားကြောင့်ပဲဟာ"

"ခင်ဗျားကြောင့် ဖြစ်ရအောင် ခင်ဗျားက ကျွန်တော့်ကို တွန်းချလို့လား၊ ရိုက်လို့လား"

"စကား အားလုံး သိပြီးပါပြီ ကိုဆက်ကောင်းရဲ့၊ အဲဒီတော်တော်ဟာ တော်တော်လွန်ပါတယ်၊ တကယ်ဆို ဒီကိစ္စကိုယ်ထိလက်ရောက် ဖြေရှင်းစရာအကြောင်းမှ မရှိတာ၊ ပြီးတော့ ဘာမှမဆိုင်တဲ့ သူတွေကို သူပဲ အတင်းလိုက်အထင်တွေလွဲလိုလွဲ"

"ခင်ဗျား ကျွန်တော့်ဆီလာတာ သတင်းမေးဖို့ထက် ပိုပြီးခိုင်လုံတဲ့ အကြောင်းရင်းတစ်ခုတော့ ရှိရမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ကျွန်တော်က ခင်ဗျားရဲ့ လူကို တရားစွဲဖို့ ကြံစည်နေတယ်ဆိုရင် ဝင်တားဖို့တို့ ဘာတို့"

"ကျွန်မရဲ့လူ၊ ဘယ်သူ့ကို ပြောနေတာလဲ"

"ခင်ဗျား ဒီလောက် မနိမ့်ပါဘူးဗျား၊ သူများအကြောင်း သိချင်၊ သူများအတွင်း ပြောချင်တဲ့ လူဆိုတာ သူများထက် ပိုပြီးတော့တောင် ကွက်ကျော်မြင်တတ်ရသေးတာ"

"တော်အောင်ကျော်ကို ပြောနေတာလား၊ ဒါဆိုရင် ကျွန်မနားဝေးတာ မဟုတ်ဘူး ကိုဆက်ကောင်းတို့ကမှားနေတာ၊ သူက ကျွန်မရဲ့လူမှ မဟုတ်ဘဲ၊ ငယ်ငယ်လေးထည်းက ခင်လာတဲ့ သူငယ်ချင်းအရင်းအချာသဘောပဲ ရှိတယ်"

ဆက်ကောင်းက နှုတ်ခမ်းတွန့်ကာ ပြုံးလိုက်ပြီး ...

"တော်အောင်ကျော်ကတော့ ခင်ဗျားကို သူ့ကောင်မလေးလို့ အတိအကျကြီး ပြောနေတာပါလား"

"အဲဒါ သူ့ဘက်က တစ်ဖက်သတ် သေချာမှုပဲ၊ စကားဘက်က ဘာပတ်သက်မှုမှ မရှိတာ၊ ဒီတော့ စကားရဲ့လူလို့ ပြောလို့တော့ ကာင်းမလဲ"





"ဒါပေမဲ့ ခင်ဗျားတို့နှစ်ယောက်မှာ ပတ်သက်မှုတစ်ခုခု ရှိနေတာတော့ အသေအချာပဲဟာ၊ မဟုတ်ရင် ခင်ဗျားဟာ ကိုယ်တစ်ခါမှ မရောက်ဖူးတဲ့ သူစိမ်းယောကျ်ားလေးတစ်ယောက်အိမ်ကို တကူးတက မေးမြန်းစုံစမ်းပြီး ရောက်ချလာဖို့အကြောင်း မရှိဘူး"

"တကူးတက စုံစမ်းစရာ မလိုပါဘူး၊ ရှင့်ဘကြီးကို ဘူတာကနေ လိုက်ပို့ပေးတုန်းက ဒီအိမ်ရှေ့အထိ ရောက်ဖူးတာပဲ၊ စကား မှတ်ဉာဏ်က သိပ်မှ မနည်းတာ"

"ဘာပဲဖြစ်ဖြစ် သူစိမ်းအိမ် ဆိုတာကတော့ လက်ခံရမယ်"

ဆက်ကောင်းကတော့ ဒါကိုပဲ အတိအကျ စွပ်စွဲနေပြီ။

သူ့အတွေးက လွဲချော်လှပေမဲ့ တစ်ခုတော့ စဉ်းစားစရာရှိသည်။ စကားကရော ဘာဖြစ်လို့များ တစ်ခါမှ မရောက်ဖူးတဲ့၊ ကိုယ်နဲ့လည်း အခင်အမင် အပတ်အသက် မရှိတဲ့ သူစိမ်းယောကျ်ားလေးတစ်ယောက်ရဲ့ အိမ်ကို ရောက်ချလာခဲ့ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရသော တန်ခိုးရှင်တစ်ဦးဦးကတော့ စကားကို ညွှန်ကြားစေခိုင်းခဲ့ပြီး ထိုမမြင်ရသော အရာဟာ ဘာလဲ။

"ဟုတ်ပါတယ်၊ စကား ဒီကို လာတာ အကြောင်းရှိတယ်လေ၊ ကိုဆက်ကောင်းကို တောင်းပန်ဖို့နဲ့ သတင်းမေးဖို့လို့ ပြောပြီးသားပဲ"

"တောင်းပန်မယ်၊ ခင်ဗျားက တောင်းပန်ဦးမယ်၊ ခေါင်းမွေးတွေလည်းကုန်ပြီ၊ မျက်လုံးတစ်ဖက်လည်း ကန်းတော့မယ်၊ ပြဿနာရှင်းရတာလည်း လူကို မျော့မျော့ပဲ ကျန်တော့တယ်၊ အောင်မယ်လေး ... ဒါကို လာတောင်းပန်ဦးမယ်ဆိုတော့ သေမှပဲ ကျေနပ်မလား မသိဘူး"

ဆက်ကောင်းက စိတ်တိုတိုနဲ့ အရွဲ့တိုက်ပြီး၊ အလွန်အကျွံ ပြောပစ်လိုက်တာပါ။

ဒါကို ပန်းစကားက အဟုတ်မှတ်လျက် မျက်နှာလေးငယ်သွားရှာသည်။

"စကား တကယ်ပဲ စိတ်မကောင်းတာပါ၊ ဟိုရှေ့တုန်းက ကိစ္စတွေအတွက်ရော၊ အထိုးခံရတဲ့အတွက်ရော၊ အထိုးခံရတဲ့ကိစ္စကတော့ စကားနဲ့ တိုက်ရိုက်ပတ်သက်တာ မဟုတ်





ပေမဲ့ စကားကြောင့် ဖြစ်ရတာလို့ပဲဆိုပါစို့၊ ကိုယ့်ကြောင့် လူတစ်ယောက် ဒီလောက်ကြီး ထိခိုက်နစ်နာရတာကို တောင်းပန်သင့်တယ် ထင်လို့"

"ကျွန်တော် ကြားဖူးသလောက်တော့ ခင်ဗျားက အမြဲတမ်း ဟိုလူ့အတင်းပြော၊ ဒီလူ့အတင်းပြော ပြောနေကျဆို၊ ခင်ဗျားရဲ့ နှုတ်မစောင့်မှုကြောင့် လူတွေ အတော်များများ ထိခိုက်နစ်နာစရာတွေ ဖြစ်ကုန်ကြရတယ်လို့ ကြားဖူးတယ်၊ အဲဒီလူတွေ အားလုံးကိုရော ခင်ဗျားက အခုလိုပဲ လိုက်တောင်းပန်ရတာပဲလား"

"လူတိုင်းကိုတော့ မဟုတ်ပါဘူး၊ ပြောရမယ်ဆိုရင် ရှင်တစ်ယောက်တည်းကိုပဲ တောင်းပန်ဖူးသေးတာ"

"ကျွန်တော်က အားလုံးထဲမှာ အနစ်နာဆုံး ဖြစ်နေတယ် ထင်လို့ပေါ့လေ"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး၊ ကိုဆက်ကောင်းထက် ပိုပြီး ထိခိုက်နစ်နာတဲ့သူတွေလည်း ရှိတာပါပဲ၊ စကားကသာ ဘာကြောင့်မှန်း မသိဘူး၊ ကိုဆက်ကောင်းကိုမှ အားနာတဲ့စိတ် ဝင်သွားမိလို့"



www.burmeseclassic.com

www.burmeseclassic.com



ပန်းစကား မျက်နှာသေလေးနဲ့ ပြောနေပုံကို အမြင်ကတ်ကတ်နဲ့ ကြည့်ရင်း ဆက်ကောင်းက အထိနာအောင် ပြောပစ်လိုက်ချင်စိတ် ပေါက်သွားသည်။ ဘယ်စကားလုံးကို သုံးရလျှင် အနစ်နာဆုံး ဖြစ်မလဲ စဉ်းစားကြည့်ရင်း ခေါင်းထဲ အကြံတစ်ခု လက်ခနဲ ...

"ခင်ဗျားက ဘာကြောင့်မှန်း မသိပေမဲ့ ကျွန်တော်ကတော့ သိပြီ၊ ခင်ဗျား ကျွန်တော့်ကို ကောင်မလေးတွေနဲ့ အဆင်မပြေအောင် ဝင်နှောက်ယှက်နေတာဟာ ခင်ဗျား ကျွန်တော့်ကို သဘောကျနေလို့ မနာလိုလို့ပဲ"

"ဘာ"

ပန်းစကားရဲ့ မျက်နှာ ရဲတက်သွားသည်။ ယောကျ်ားလေးတစ်ယောက်က ကိုယ့်ကို ထိထိမိမိကြီး အဲဒီလို ပြောလိုက်တာကို မထင်မှတ်ဘဲ ခံလိုက်ရတာမို့ ရင်ဝကို ဆောင့်အကန်ခံလိုက်ရသလို နင့်ခနဲ နာကျင်သွားရသည်။

ရုတ်တရက်မို့ ဘာပြန်ပြောလို့ ပြောရကောင်းမှန်းတောင်မသိ။ ကိုယ့်ကိုယ်ကိုယ်တောင် စိတ်ဆိုးတာလား၊ ငိုချင်တာလား သေသေချာချာ ဝေခွဲမရ။





တဖြည်းဖြည်းနဲ့မှ စိတ်ဆိုးသည့် ခံစားချက်က ပိုပြီး ထင်ရှားသိသာလာကာ လူတစ်ကိုယ်လုံးကို တအိအိနဲ့ လွှမ်းခြုံပစ်လိုက်တော့တာဖြစ်သည်။

ကိုယ့်ကို ဘာမှ ပြန်မပြောဘဲ မျက်လုံးအကြောင်သားနဲ့ ကြည့်နေရာက ထိုကြောင်ကြောင်ဝိုင်းဝိုင်း မျက်လုံးလေးတွေထဲမှာ မျက်ရည်ကြည်တွေ တအိအိ ရစ်ဝိုင်းလာသော မိန်းကလေးကြောင့် ဆက်ကောင်းကလည်း တော်တော်ပဲ တုန်လှုပ်သွားရပါသည်။

ကိုယ့်ကြောင့် ဘယ်မိန်းကလေးမှ မျက်ရည်မကျဖူးဘူးလို့ ဆက်ကောင်းက မပြောရဲပါ။

ရည်းစားများပြီး ဇာတ်လမ်းတွေ ရှုပ်လွန်းလှသည့် ဆက်ကောင်းအတွက် ငိုရသည့် မိန်းကလေးတွေ မနည်းမနော ရှိဖူးလောက်မည် ထင်ပါသည်။

ဒါပေမဲ့ ကိုယ်တိုင်ကတော့ ဘယ်မိန်းကလေးကိုမှ ငိုကြရပါစေ'လို့ ရည်ရွယ်ခဲ့ဖူးတာမဟုတ်။ တစ်ယောက်နဲ့ ချစ်နေတုန်း သူ့လောက် ချစ်စရာ၊ သူ့ထက်ချစ်စရာ နောက်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့လို့ ပြောင်းချစ်သည်၊ အဲဒီအတွက် တစ်ဖက်မိန်းကလေးကို နစ်နာအောင်ဘာမှ မလုပ်ခဲ့။ သူတို့ဘာသာ ခံစားပြီး ငိုကြတာကိုတော့ ဘယ်လိုမှမတတ်နိုင်။

ဒီမိန်းကလေးဟာ ဆက်ကောင်းက တမင်တကာ ရည်ရွယ်ပြီး ငိုအောင် လုပ်မိသည့် ပထမဆုံးသော မိန်းကလေးပဲ ဖြစ်မည်ထင်သည်။

ကိုယ့်ရှေ့မှာ(ကိုယ့်ကြောင့်) မိန်းကလေးတစ်ယောက် ငိုနေတာကို သေသေချာချာ ထိုင်ကြည့်နေရတာ ဒီတစ်ကြိမ် ပထမဆုံးပါပဲ။

မကြုံဖူးသည့် အဖြစ်မို့လားတော့ မသိ။ မျက်ရည်ရစ်ဝိုင်းသည့် မျက်ဝန်းလေး တစ်စုံဟာ ဆက်ကောင်းကို တော်တော်လေး ချောက်ချားစေနိုင်သည်။

သို့သော် ကိုယ့်ဘာသာ ပြောပြီးသားမို့ ပြန်ပြီး ရုပ်သိမ်း အလျှော့ပေးလိုက်ဖို့ရာလည်း မဖြစ်နိုင်ပြန်ချေ။

"ဘာလို့ ငိုနေရတာလဲ၊ ကျွန်တော် ဘာများ ပြောမိသေးလို့လဲ"





"ဟုတ်ပါတယ်၊ ရှင်ပြောတာ မလွန်ပါဘူး၊ စကားပဲ လွန်တာပါ၊ နေရာတကာ စပ်စပ်စုစု ဝင်ပါ၊ သတင်းတွေ ဟိုပို့ ဒီသယ် ဒီလောက်ရှုပ်ယှက်နေမှတော့ အထင်ခံ အပြောခံရတော့မှာပေါ့၊ ကိုယ့်အပြစ်နဲ့ကိုယ် ခံရတာပါ"

ပန်းစကားတစ်ယောက် ဆတ်ဆတ်ခါ နာကျင်ပြီး ဒေါသတွေ ပေါက်ကွဲသွားလိမ့်မည်လို့ ဆက်ကောင်းက ထင်ထားခဲ့တာ။ သူ့ကိုလည်း မဟုတ်မဟတ်တွေ စွပ်စွဲရကောင်းလားလို့ ရန်တွေ့လိမ့်မည်လို့ မျှော်လင့်နေတာ။

မထင်မှတ်ဘဲ ပန်းစကားက ကိုယ့်ဘာသာပဲ အပြစ်တင်ကာ ငြိမ်ငြိမ်ဆိမ်ဆိမ်လေးပဲ ထိခိုက်ခံစားသွားရတာကို တွေ့တော့ မဆင်မခြင် ပြောပစ်လိုက်မိသည့်အတွက် နောင်တရကာ စိတ်မကောင်းလည်း ဖြစ်သွားရသည်။

ပန်းစကားက သူမျှော်လင့်ထားသလောက် မဆိုးဘူးလား။ ကြည့်ရသလောက်တော့ မိန်းမပီသစွာ အတင်းအဖျင်း ပြောတတ်ကြသူတွေထဲမှာ သူမက တခြားမိန်းမတွေထက် နည်းနည်းပိုကဲတာလေးပဲ ရှိလျှက် တခြားနေရာတွေမှာတော့ စိတ်ကောင်းကလေးရှိတဲ့ပုံပင်။



www.burmeseclassic.com

www.burmeseclassic.com



"စကားကြောင့် ကိုဆက်ကောင်းမှာ ထိခိုက်နစ်နာခဲ့ရတာတွေအားလုံးအတွက် စကား တောင်းပန်ပါတယ်၊ အထူးသဖြင့် ကိုယ်ထိလက်ရောက် ကျူးလွန်ခံရပြီး ဒဏ်ရာရခဲ့တာအတွက်ပေါ့၊ နောက်ပြီး အခုလို သတင်းလာမေးတာက ဘယ်သူ့အတွက်ကြောင့်မှ မဟုတ်ဘဲ ကိုဆက်ကောင်းအပေါ် စကားဘက်က လွန်ခဲ့တဲ့ အမှားတွေကို အားနာထောက်ထားလို့ပဲဆိုတာ မှတ်ထားပေးပါ"

ပြောပြောဆိုဆို ပန်းစကားက ထွက်ကျလုလု မျက်ရည်တွေကို မျက်တောင်ရှည်ကော့ကော့ကြီးနဲ့ ဖျတ်ခနဲ ရပ်သိမ်းကာ နှုတ်ပင်မဆက်တော့ဘဲ ထွက်ခွာသွားတော့သည်။





"ဆက်ကောင်းရာ ... ကူညီပါကွာ၊ ငါ့မှာ မင်းတစ်ယောက်တည်းပဲ အားကိုးစရာ ရှိတော့လို့ပါ"

ရေးကြီးသုတ်ပျာနဲ့ အကူအညီ လာတောင်းနေသည့် မင်းခေါင်ကို ဆက်ကောင်းက ဘာရယ်မဟုတ်ဘဲ ငြင်းလွှတ်ပစ်နေမိသည်။

သေသေချာချာ ပြန်စဉ်းစားကြည့်တော့ ဒီလိုကိစ္စမျိုးတွေ အကူအညီတောင်းလာလျှင် ဆက်ကောင်းတို့ ဘယ်တုန်းကမှ ငြင်းခဲ့ဖူးတာမဟုတ်ဘူးဟု ပြန်သတိရလာသည်။ သူငယ်ချင်း မိန်းမ ခိုးမည့်ကိစ္စမှာများ ကိုယ်တိုင် မိန်းမခိုးသလိုမျိုး ရှေ့ဆုံးက စိတ်ပါတက်ကြွနေကျ။ မင်းခေါင်းဆိုတာ တခြားသူငယ်ချင်းတွေထက် ပိုပြီး ရင်းနှီးသေးသည့်ကောင်ဆိုတော့ ပိုပြီးတောင် တက်တက်ကြွကြွ ရှိသင့်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မင်းခေါင် ဒီလောက် တောင်းတောင်းပန်ပန် ပြောနေတာတောင် အင်းမလှုပ် အဲမလှုပ်၊ စိတ်မပါ လက်မပါ ရှိနေမိခြင်းဟာ သူ့စိတ်တွေ မကြည်လင်လို့ ဖြစ်ရတာ။

သူ့စိတ်တွေ ဘာကြောင့် မကြည်လင်ရတာလဲ ဆိုလျှင်တော့ ပန်းစကားကြောင့်ပဲပေါ့။

ကိုယ့်ကို တကူးတက သတင်းလာမေးသည့် မိန်းကလေးတစ်ယောက်ကို သူ ဘာဖြစ်လို့များ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြီး စော်စော်ကားကား ပြောလွှတ်မိပါလိမ့်။ အဖေသာ သိလျှင်တော့ 'မင်း လူမှ မဟုတ်တာ'လို့ ပြောမှာပဲ။ ဘကြီးမောင်သာ ကြားလို့ကတော့ သူ့ရဲ့ အဖိုးတန် မိန်းကလေးကို ဒီလို ပြောရပါ့မလားဆိုပြီး နေ့တစ်ဝက်လောက် နားရင်းချည်းပဲ ထိုင်အုပ်နေလိမ့်မည်ထင်သည်။

"မင်းကလည်းကွာ သက်ဦးတို့ တင်အောင်ချစ်တို့တုန်းက မင်းပဲ တက်တက်ကြွကြွ ကူညီခဲ့တာပဲဟာ၊ ဘယ်လောက် တက်ကြွခဲ့သလိုဆို ကာယကံရှင်က နောက်မှာ ကျန်ခဲ့ပြီး မင်းက ရှေ့ကနေ ကောင်မလေးကို လက်ဆွဲပြေးခဲ့သေး တာလေ"





"အေးပါကွာ၊ ငါ မှတ်မိပါတယ်"

"ငါ့ကျမှ မင်းက တွက်ကပ်နေတယ်ဆိုတော့ ဘာဖြစ်လို့လဲ၊ ငါ့အပေါ်မှာ မကျေနပ်စရာတစ်ခုခု ရှိလို့လား"

"မဟုတ်ဘူးကွာ၊ မင်းနဲ့ ဘာမှ မဆိုင်ဘူး၊ မင်း ကားလိုချင်ရင် ငါ့ကား ယူသွားလို့ ပေးနေတာပဲဟာ"

"ကားလိုချင်ရုံသက်သက်နဲ့တော့ မင်းဆီ မလာဘူး၊ ငါ့မှာ ကားငှားပေးမဲ့ အပေါင်းအသင်းတွေ ပေါပါတယ်၊ ငါက အဖော်လိုက်ပေးမဲ့လူပဲ လိုချင်တာကွ၊ တခြားကောင်တွေ မင်းလောက် အိုင်ဒီယာမကောင်းတော့ အရေးကြုံရင် အားမကိုးရလို့"

"ငါ စိတ်ထဲ တစ်မျိုးကြီး ဖြစ်နေလို့ပါ"

"ဘာ ... ဘယ်လို ဖြစ်နေတာလဲ၊ ငါ့ကိစ္စမှာ အနှောင့်အယှက်တစ်ခုခု၊ ဒါမှမဟုတ် အန္တရာယ်တစ်ခုခု ရှိနေမယ် ထင်လို့လား"

"မဟုတ်ပါဘူး၊ မင်းကိစ္စမှာ မဟုတ်ဘူး၊ မင်း မလာခင်လေးတင် ငါ စိတ်မကောင်းစရာ အဖြစ်တစ်ခုနဲ့ ကြုံထားတယ်၊ ဘာလဲလို့တော့ မမေးနဲ့ကွာ၊ ငါ မဖြေချင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အပြစ်ကြောင့် ငါ ဟော်ဟော်နှောင်တရပြီး ရင်ထဲ မကောင်းဘူး ဖြစ်နေတယ်၊ အဲဒါကြောင့် မတက်ကြွဘူး ဖြစ်နေတာကွာ၊ အေးပါ ... ပြန်စဉ်းစားကြည့်တော့ ငါ့ကိစ္စနဲ့ မင်းကိစ္စက မဆိုင်ပါဘူး၊ ငါ့ကိစ္စကလည်း နောက်ထပ် ဘာမှ ဖြစ်လာစရာမှ မရှိတော့တာ၊ မင်းကို ငါ ကူညီရမှာပေါ့"

"ဒါဆို မင်း လိုက်မယ်ပေါ့"

မင်းခေါင်ကလည်း သူ့ကောင်မလေး ခိုးပြေးဖို့ ကိစ္စမှာ ဆက်ကောင်း ပါဝင်ကူညီမည်ဆိုတော့မှ ပေါ့ပေါ့ပါးပါး ဖြစ်သွားပုံရသည်။

"လိုက်မယ်ကွာ၊ ဘယ်တော့လဲ"

"အခုပဲ၊ ငါတို့ ချိန်ထားတဲ့ အချိန်က သိပ်မလိုတော့ဘူးကွ"

"ဒါဆိုလည်း မင်း အစီအစဉ်ကို ပြောပါဦး"

"မင်းနဲ့ ငါ သန္တာ့အိမ်ရှေ့ သွားစောင့်နေကြရုံပဲ၊ အခွင့်အရေးရရင် သန္တာက ထွက်လာမယ်၊ နောက်ပြီး ပဲခူးက ငါ့ဦးလေးတစ်ယောက်ခြံကို ပြေးကြမယ်၊ ဒီကြားထဲမှာ မင်း လုပ်ပေးဖို့က ငါတို့ တရားရုံး ပြေးပြီး လက်မှတ်





ထိုးနေတုန်း မင်းက သန္တာ့အတွက် မိန်းကလေးအဝတ်အစားတချို့နဲ့ ငါတို့အတွက် လိုမဲ့ အသုံးအဆောင်ပစ္စည်းကလေးတွေကွာ၊ အဲဒါ လိုက်ဝယ်ပေး၊ ပြီးရင် ချိန်းထားတဲ့ နေရာကို မင်းဘာသာပဲ လာခဲ့လိုက်တော့၊ ကြားတစ်နေရာ ရာမှာ ဆုံပြီး အတူသွားကြတာမျိုး မလုပ်တော့ဘူး၊ အချိန်ဖင့်တယ်၊ အရေးအကြီးဆုံးက သန္တာ့အိမ်ရှေ့မှာ သွားစောင့်ကြရင် ငါ့ကားနဲ့ စောင့်မယ်၊ မင်းကားကို တစ်နေရာရာမှာ ကြိုရပ်ထားမယ်၊ လမ်းကျတော့ မင်းကား ပေါ် ငါတို့က ပြောင်းတက်ပြီး တရားရုံးပြေးမယ်ကွာ၊ အသိသက်သေလက်မှတ်ထိုးဖို့တော့ ငါတို့ပဲ စီစဉ်လိုက်တော့မယ်၊ မင်းက ငါ့ ကားယူပြီး ပစ္စည်းလိုက်ဝယ်"

"ဘာလဲ ... အိမ်ရှေ့မှာ လာစောင့်နေတဲ့ ကားကို မသင်္ကာပြီး လိုက်ရင် ငါပဲ မိအောင်ပေါ့၊ ဒီလိုလား"

"ဒါပေါ့ကွ၊ မင်းက ဒါမျိုးတွေ ကျွမ်းပါတယ်"

"ကောင်းပြီလေ၊ ငါ့ဘက်က အပိုင်းတော့ ငါ တာဝန်ကျေစေရမယ်၊ မင်းတို့ဘက်ကသာ အဆင်ပြေအောင်လုပ်"

"ကျေးဇူးပဲ သူငယ်ချင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်တို့ သူ ဖြစ်ချင်တာ ဖြစ်ရတော့မှပဲ သူငယ်ချင်းတွေ ဘာတွေ ပြန်ခေါ်နိုင်ကာ မျက်နှာက တပြုံးပြုံး ပြန်ဖြစ်လာသည်။

ဆက်ကောင်းကတော့ သူ့လို မပြုံးနိုင်။ ဘာကြောင့်မှန်းမသိ။ မိန်းမခိုးမည့် ကိစ္စကို စိတ်မပါနိုင်ဘဲ မျက်လုံးထဲမှာ ပန်းစကားရဲ့ မျက်နှာကိုသာ မြင်ယောင်နေလေသည်။





ပန်းစကားတို့ တစ်အိမ်လုံး ယောက်ယက်ခတ်နေကြသည်။ စိတ်ပူတတ်လွန်းသည့် ပန်းစကားရဲ့ အမေသာမက ခပ်အေးအေးနဲ့ သားသမီးကိစ္စကို သိပ်စိတ်မဝင်စားတတ်သော စကားရဲ့ အဖေပါ နေမထိထိုင်မသာ။

ညရှစ်နာရီထိုးပြီ။ ပန်းစကား အိမ်ပြန်ရောက်မလာသေးဘူးလေ။

ရှစ်နာရီထိုးမှ စပြီး စိတ်ပူကြတာတော့ မဟုတ်ပါ။ အပြင်ထွက်သွားသည့် ပန်းစကား ညနေခြောက်နာရီလောက်အထိ ပြန်မလာကတည်းက ဘယ်သွားတာများလဲ၊ သူ့ပြောသွားသေးလား၊ ငါ့ပြောသွားသေးလားနဲ့ လှုပ်လှုပ်ရှားရှားတွေ စဖြစ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီကနေ ခြောက်နာရီခွဲ၊ ခုနစ်နာရီထိုးလာသည့်အချိန်မှာတော့ တစ်အိမ်လုံး ခြေမကိုင်မိ လက်မကိုင်မိ စဖြစ်ကြရပြီ။

ပန်းစကားဟာ အိမ်က လူတစ်ယောက်ယောက်ကို မပြောဘဲ ဒီလောက်နောက်ကျအောင် အပြင်မထွက်စဖူး။ တကယ်လို့ အပြင်ထွက်ပြီးမှ အကြောင်းတစ်ခုခုကြောင့် နောက်ကျရမည်ဆိုလျှင်လည်း ဖုန်းဆက်ပြီး အကြောင်းတော့ကြားတတ်မြဲ။

နောက်တစ်ခုက ဒီနေ့ ပန်းစကား အလွန်ကြိုက်သည့် ရိန်းနဲ့ အွန်စောတို့ပါဝင်သည့် ချစ်စံအိမ်ကိုရီးယားကား လာမည့်နေ့။ ဒီလိုနေ့မျိုးဆို ဇာတ်လမ်းမလာခင် ညနေခြောက်နာရီခွဲလောက်ဆို ရေမိုးချိုး ထမင်းစားပြီး တီဗီရှေ့ အသင့်ထိုင်စောင့်နေပြီ။ ဘယ်လောက်ကြီးမားသည့် အကြောင်းကိစ္စရှိရှိ ချစ်စံအိမ်ကားလာမည့်နေ့ဆိုလျှင် ညနေခြောက်နာရီခွဲထက် နောက်ကျပြီး အပြင်မှာ နေလေ့မရှိ။

ဒီတော့ ပန်းစကား အိမ်ပြန်နောက်ကျတာဟာ ပုံမှန်မဟုတ်တာ သေချာနေပြီပေါ့။





လူကြီးတွေမှာ စိတ်တွေ ပူကာ ဟိုဖုန်းဆက် ဒီဖုန်းဆက်။ ပန်းစကားရဲ့ အခင်ဆုံး သူငယ်ချင်းတွေဆီ ဆက်ကြည့်တော့လည်း အားလုံးက အိမ်မှာ ရှိနေကြပြီး ဒီနေ့တစ်နေ့လုံး ပန်းစကားနဲ့ မတွေ့ဖြစ်ကြသူတွေချည်း။

ပန်းစကား သူငယ်ချင်းတွေကတော့ နီးစပ်ရာ သူငယ်ချင်းတွေဆီ စုံစမ်းကာ သတင်းထူးလျှင် ဖုန်းဆက်အကြောင်းကြားပါမည်လို့တော့ ပြောကြတာပဲ။ သို့သော် ဘယ်သူ့ဆီကမှ ဖုန်းဝင်မလာသေး။

ညရှစ်နာရီတိတိမှာ ခြံတံ ကားတစ်စင်း ဝင်လာသံကို ကြားလိုက်ရပါသည်။

"ဟော ... ကားတစ်စင်း ဝင်လာသံကြားတယ်၊ သမီးငလေး ပြန်လာပြီထင်တယ်"

ပန်းစကားရဲ့ အမေက ဝမ်းသာအားရ တံခါးပြေးဖွင့်လိုက်သော်လည်း သူမ မျှော်လင့်သူ မဟုတ်ပါ။ ရောက်လာသူဟာ တော်အောင်ကျော်သာလျှင် ဖြစ်ပါသည်။

တော်အောင်ကျော့် မျက်နှာကလည်း တစ်မျိုးမို့ ပန်းစကား အမေ ဒေါ်ခင်မြမွန်က ရင်တွေ ထိတ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ... ဘာဖြစ်လာတာလဲ၊ သမီးလေး သတင်း ဘာကြားလို့လဲ"

ပန်းစကားကို စိတ်ဆိုးဆိုးနဲ့ သူမအကြောင်း လူကြီးတွေထံမှာ ထိုင်ဖို့ ရောက်လာတာ ဖြစ်သော်လည်း ပန်းစကားအမေကိုယ်တိုင်က တံခါးဝကြီးမှာ ပျာပျာသလဲ ဆီးကြိုမေးခြင်းခံလိုက်ရသောအခါ တော်အောင်ကျော်က နည်းနည်းတော့ အံ့သြသွားရသည်။

"ကျွန်တော်က စကားနဲ့ ပတ်သက်ပြီး တိုင်စရာနည်းနည်း ရှိလို့ လာခဲ့တာပါ အန်တီ"

"အေးကွယ် ... တော်တော် ဝင်ပါ၊ အန်တီတို့လည်း အရမ်းစိတ်ပူပြီး ဘယ်ကသတင်းများ ရမလဲ စောင့်နေကြတာပါ၊ ဘာသတင်းများ ထူးလာလို့လဲ"

မဟုတ်သေးဘူး။ ကိုယ်ပြောမည့် သတင်းက ဒီလောက်ကြီး ထူးခြားဆိုးဝါးတာ မဟုတ်။ ပန်းစကားရဲ့ အမေကတော့ သူပေးမည့် သတင်းဟာ အရေးကြီးပြီး အလွန်ထူးခြားလိမ့်မည်လို့ ထင်နေသည်။ ပြီးတော့ ဒေါ်ခင်မြမွန်ရဲ့ ပုံစံဟာ သူ





ဘာမှ မပြောရသေးခင်ကတည်းက သူ့ထံမှာ ပန်းစကားနဲ့ ပတ်သက်ပြီး သတင်းထူးတစ်ခု ပါလာလိမ့်မည်လို့ ကြိုတင်မျှော်လင့်နေပြီးသားပုံစံ။

"အန်တီတို့ ဘာများ ဖြစ်ထားကြလို့လဲခင်ဗျ"

ဒေါ်ခင်မြမွန်က ဒီလို အချိန်မျိုးမှာ ကောက်ရိုးတစ်မျှင်ဖြစ်လည်း ကျကယ်ရာရနိုးနိုး ဆွဲရတော့မှာပဲ ဆိုသည့် အတွေးနဲ့ ...

"မင်းသူငယ်ချင်း ခုထက်ထိ အိမ်ပြန်မရောက်သေးလို့ ကွယ်၊ အန်တီတို့ စုံစမ်းတာလည်း နှံ့နေပြီ၊ ဘာသတင်းမှ မရဘူး"

"ဗျာ"

တော်အောင်ကျော့် ခေါင်းကို မိုးကြိုးပစ်ချလိုက်သလိုပါပဲ။ နေ့ခင်းက မြင်ခဲ့ရသည့် မြင်ကွင်းနဲ့ အခု ကြားလိုက်ရသည့် သတင်း။ ထိုနှစ်ခု ရုတ်တရက် ဆက်စပ်သွားကာ သူ့ပတ်ဝန်းကျင်တစ်ခုလုံး အကာမြှုပ်ဗုံး ကြဲချခံလိုက်ရသလို ဖရိုဖရဲ လဲပြိုပျက်စီးသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ! ... ဒီလောက်မိုက်မဲရသလားကွာ"

"သား ... မင်း ဘာသတင်းတွေ သိထားလို့လဲဟင်"

တော်အောင်ကျော်က တောက် ထခေါက်တော့ ဒေါ်ခင်မြမွန်မှာ ပိုလို့တောင် အထိတ်တလန့် ဖြစ်သွားရတော့သည်။

"ဒီလို အန်တီမွန်၊ ပန်းစကားမှာ ရည်းစားရှိတယ်၊ ဒါပေမဲ့ အဲဒီကောင်က ကောင်းတဲ့ကောင် မဟုတ်ဘူး၊ စကားကို ချူစားပြီး ပေါ့ပေါ့တန်တန်ပဲ သဘောထားတဲ့ကောင်၊ ဒီကောင့် အကျင့်ကို မကြိုက်လို့ ကျွန်တော်တောင် ထိုးကြိတ်ပြီး ကြောက်အောင် ခြောက်လှန့်ပြီးထားသေးတယ်၊ ဒါပေမဲ့ ဒီကောင်က ဂျစ်ကန်ကန်ရယ်၊ ကျွန်တော် တားတာကို ဂရုမစိုက်ဘူး၊ အမြတ်ထွက်တာကတော့ သူ့ကို ထိုးလို့ဆိုပြီး စကားက ကျွန်တော့်ကို ရန်တွေ့တယ်၊ ကျွန်တော် တိုင်ဖို့လာတာက ဒီနေ့မနက်ပဲ စကားရဲ့ ကားကို အဲဒီကောင်အိမ်ရှေ့မှာ ရပ်ထားတာ တွေ့လိုက်ရတယ်လို့ သူငယ်ချင်းတစ်ယောက်က သတင်းပေးလို့ ဒီကောင့်အိမ် လိုက်သွားတဲ့အထိ ခြေလှမ်းကျဲနေပြီဆိုတော့ မဖြစ်သင့်တာ မဖြစ်ရအောင်ဆိုပြီး အန်တီတို့ကို သတိပေး





ဖို့လာတာပါ၊ အခုတော့ ကျွန်တော်တို့ နောက်ကျသွားပြီထင်တယ် အန်တီ"

"ဘုရား ... ဘုရား ... သမီးလေး ယောကျ်ားနောက်လိုက်သွားပြီလို့များ ပြောချင်တာလားဟင်"

"ပြောချင်တာ မဟုတ်ဘူး အန်တီ၊ ပြောကိုပြောရတော့မှာ၊ စကားက ဒီအချိန်ထိ အကြောင်းမကြား ဘာမကြားနဲ့ အိမ်မပြန်ဘဲ မနေဖူးဘူး မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ အခုလို ကောက်ခါငင်ကာကြီး ယောကျ်ားနောက် လိုက်ပြေးစရာ ဘာကြောင်းမှ မရှိတာ"

"ရှိတာပေါ့ အန်တီရဲ့၊ သူ့ကောင်က အကောင်းမှ မဟုတ်တာ၊ အန်တီတို့သိရင် တားကြမှာစိုးလို့ အစကတည်းက ဖွင့်မပြောဘဲ ထားခဲ့တာ မဟုတ်လား၊ အခု ကျွန်တော် သိသွားတော့ အန်တီတို့ကို ပြန်တိုင်မယ်ဆိုတာ သူ သိပြီလေ၊ ဒီတော့ ဦးအောင်လို့ ပြေးပြီပေါ့"

တော်အောင်ကျော် ပြောသမျှကိုတော့ ဒေါ်ခင်မြမွန်က သိပ်နားမလည်ပါ။ သို့သော် သူမရဲ့ သမီးဟာ မိဘသဘော



www.burmeseclassic.com

www.burmeseclassic.com



မတွေ့လောက်သော ကောင်လေးတစ်ယောက်နဲ့ ခိုးရာလိုက်ပြေးတာ ဖြစ်နိုင်သည်ဆိုသည့် သတင်းကတော့ တော်တော်လေးပဲ တုန်လှုပ်စရာကောင်းသည်။

"အမကြီး ... အိရွှေစင်ဆီက ဖုန်းလာတယ်"

ပန်းစကားအကြောင်း စုံစမ်းပေးပြီး သတင်းထူးလျှင် အကြောင်းကြားပေးပါမည်ဆိုသည့် ပန်းစကားရဲ့ သူငယ်ချင်းတစ်ယောက်ထံက ဖုန်းဆိုသဖြင့် ဒေါ်ခင်မြမွန်မှာ တယ်လီဖုန်းကို လှမ်းခန့် ခုန်အုပ်မတတ် အပြေးအလွှားပဲ သွားကိုင်ရပါသည်။

"သမီး အိရွှေစင် ... အန်တီပါ"

"အရေးကြီးလား မကြီးလားတော့ မသိဘူး အန်တီ၊ စကားအကြောင်း သတင်းတစ်ခုရလို့ ဆက်လိုက်တာပါ"

"ပြော ... ပြော သမီး၊ ဘာများလဲ"

"သူငယ်ချင်းတစ်ယောက်က ပြောလို့ပါ၊ စကားကို အင်းလျားလမ်းက စရာနာတီ စားသောက်ဆိုင်ရှေ့မှာ တွေ့လိုက်တယ်တဲ့၊ ကားတစ်စင်းပေါ် တက်ကာနီးလို့ ပြောတယ်၊ ဘေးမှာလည်း ကောင်လေး ... အဲ ... အန်တီ သိပ်တော့စိတ်မပူပါနဲ့နော်၊ သမီးက သတင်းစုံအောင်လို့





ပြောပြတာပါ၊ ကောင်လေးတစ်ယောက်တော့ ဘေးမှာ ရှိတယ်တဲ့၊ အဲဒီကောင်လေးနဲ့ သူနဲ့ ဘယ်လိုပတ်သက်သလဲဆိုတာတော့ ပြောတဲ့လူလည်း သိပ်တော့ တိတိကျကျ မပြောတတ်ပါဘူး"

"ဟုတ်လား ... ကားကရော သမီးရဲ့ကားပဲလားဟင်"

"မဟုတ်ဘူး အန်တီ၊ ကားက ရှုပါဆလွန်း အစိမ်းရောင် နံပါတ်က ၅က/ ......တဲ့"

"ရှုပါဆလွန်းအစိမ်းရောင် ၅က/ ......ဟုတ်လား သမီး"

ဒေါ်ခင်မြမွန်ရဲ့ အသံထွက် ရေရွတ်သံကို ကြားရလျှင် တော်အောင်ကျော်က တောင့်ခနဲ ဖြစ်သွားရသည်။

ယောကျ်ားလေးဆိုတာမျိုးက ဒီနေရာမှာ သိပ်သွက်ပြီး သိပ်မှတ်ဉာဏ်ကောင်းတတ်တာမျိုး။ ဘယ်ကားအမျိုးအစား၊ ဘယ်နံပါတ်၊ ဘယ်ဒီဇိုင်းဆင်ထားတဲ့ ကားဟာ ဘယ်သူ စီးတဲ့ကားဆိုတာ တစ်ခါနှစ်ခါလောက် တွေ့ဖူးရုံနဲ့ မှတ်မိနေတတ်ကြသည်။

အခုလည်း ဒေါ်ခင်မြမွန်ထံက ကြားလိုက်ရသည့် ကားနံပါတ်ဟာ ဆက်ကောင်းရဲ့ ကားနံပါတ်ပဲလို့ တော်အောင်ကျော်က ချက်ချင်း မှတ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... အန်တီ ... ကားရဲ့နောက်မြီးမှာ အတက်နှစ်ခု အပိုတပ်ထားပြီး ရှေ့ဘောနက်အဖုံးမှာ သိန်းငှက်ပုံကြီး တစ်ခု ထပ်ကပ်ထားသေးသလားလို့ မေးပေးပါ"

"သမီးရေ ..."

တော်အောင်ကျော် ပြောသမျှ အိခြွေစင်ကို ပြန်မေးကြည့်တော့ ဟုတ်နေသည်။

"ဒါဆို သေချာပြီ အန်တီ၊ အဲဒါ ဆက်ကောင်းဆိုတဲ့ ကောင်ရဲ့ ကားပဲ၊ စကား သူနဲ့ လိုက်သွားတာ သေချာပါပြီ"

"ဟုတ်ရဲ့လားကွယ်၊ အိခြွေစင် ပြောတော့ သမီးကို တွေ့လိုက်ရတယ်ဆိုတာ နေ့လယ်သုံးနာရီလောက်က တည်းကတဲ့၊ အခုက ညရှစ်နာရီပဲ ရှိနေပြီ"

"ဩော် ... အန်တီကလည်း တကယ်လို့ ဟိုကောင်နဲ့ လိုက်သွားတာ မဟုတ်ရင် စကား ဒီအချိန်လောက်ဆို အိမ်ပြန်ရောက်နေပြီပေါ့"

တော်အောင်ကျော် ပြောတာလည်း သဘာဝကျနေ၍ ဒေါ်ခင်မြမွန်ခမျာ ဘာမှ ပြန်မပြောနိုင်ရှာ။





"ခဏနေဦး အန်တီ၊ ဟိုကောင့်ဖုန်းနံပါတ် ကျွန်တော့်မှာ ရှိတယ်၊ ဆက်ကြည့်ဦးမယ်"

တော်အောင်ကျော်က ဆက်ကောင်းရဲ့ ဟဲန်းဖုန်းကို ဆယ်ကြိမ်လောက် ဆက်ဖို့ကြိုးစားကြည့်သည်။ အကြိမ်တိုင်း ဆက်သွယ်မှုဧရိယာပြင်ပသာ ဖြစ်နေတာမို့ လက်လျှော့လိုက်ကာ အိမ်ဖုန်းကို ဆက်ကြည့်ပြန်သည်။

အိမ်ဖုန်းကိုတော့ အလွယ်တကူ ဆက်လို့ရသွားပြီး လျှင် ခဏလောက် ပြောဆိုနေပြီးသော် ဖုန်းပြန်ချကာ ပို၍ပင် ပျက်ယွင်းသွားသော မျက်နှာနှင့် ...

"ဆက်ကောင်း မရောက်သေးဘူးတဲ့ အန်တီ၊ သူ့အဖေက တော့ မိန်းမခိုးသွားတယ်ဆိုလား"

"ဘာရယ် ... ဘယ်လို သား ... ဘယ်လို ပြောလိုက်တယ်"

"ကျွန်တော်လည်း သိပ်တော့မရှင်းဘူး၊ ကျွန်တော် ဆက် တော့ လာကိုင်တာက အန်တီတစ်ယောက်ပဲ၊ သူ့အမေ ထင်တယ်၊ သူက သား ပြန်မလာသေးဘူးဆိုတော့ ကျွန်တော်ကလည်း ဘယ်သွားတာလဲ ဘာညာ အစ်အောက် မေးနေတာ၊ အဲဒါ နောက်ဘက်ကနေ သူ့အဖေက မိန်းမခိုး



www.burmeseclassic.com

www.burmeseclassic.com



သွားပြီလို့ ပြောလိုက်ပော့ ဆိုပြီး အော်လိုက်တဲ့အသံကို ကြားရတာပဲ"

"ဘုရား ... ဘုရား"

ဒေါ်ခင်မြမွန်မှာ မူးမေ့လဲကျသွားတော့မတတ် ထိတ်လန့်တုန်လှုပ်သွားရရှာသည်။

ဒီသမီးလေးတစ်ယောက်ကို လွတ်လပ်မှုအပြည့်အဝ ပေးထားခဲ့သည်မှာ မိဘမသိအောင် မဟုတ်မဟတ်တွေ မလုပ်မိစေဖို့၊ ခိုးရာလိုက်ပြေးတာမျိုးလို ရပ်ပျက်ဆင်းပျက်တွေ မဖြစ်စေဖို့ပင်။

သမီးကို တော်အောင်ကျော်နဲ့ သဘောတူပေမဲ့ သမီးဘက်က စိတ်မပါလှတာကို သိသည်။ လူကြီးတွေက အတင်းအကျပ် စီစဉ်ထားတာမျိုး မဟုတ်၍ တစ်ချိန်ကျ သမီးမှာ ချစ်ရမဲ့သူ တွေ့လာခဲ့လျှင်လည်း မိဘကို ဖွင့်ပြော အသိပေးပြီး မိသားဖသားပီပီ ဆောင်ရွက်ကြရုံလို့ စိတ်ချထားခဲ့တာပင်။

အခုတော့ သမီးက ယောက်ျားလေးတစ်ယောက်နဲ့ လိုက်ပြေးသတဲ့။ ဘယ်လောက် ရှက်စရာကောင်းလိုက်သလဲ။

"ဒုက္ခတွေတော့ ရောက်ကုန်ကြပြီ ထင်ပါရဲ့၊ ကိုစိုးအောင် သမီးကိစ္စ ဘာလုပ်ကြရင် ကောင်းမလဲ"





ဒေါ်ခင်မြမွန်က ထူထူပူပူနဲ့ ခင်ပွန်းသည်ဘက် လှည့်ပြီး စစ်ကူတောင်းသည်။ တောင်းမဲ့သာ တောင်းရတာပါ။ ခင်ပွန်းသည်ထံမှ နည်းလမ်းကောင်း ရှိစရာအကြောင်း မရှိမှန်း သိသာနေပြီးသား။

မိန်းကလေးတစ်ယောက် ခိုးရာလိုက်ပြေးသည့် သတင်းဆိုတာ ဖုံးထားဖိထားဖို့လည်း ခက်လှသား။ ပန်းစကားဆိုလျှင် ဒီလိုသတင်းမျိုးရတာနဲ့ နေပူမရှောင် မိုးရွာမရှောင် ကားတစ်စီးနဲ့ ရွာစဉ်လှည့် အတင်းပြောတော့တာ။ လောကကြီးမှာလည်း ပန်းစကားလိုပဲ ကိုယ့်ထမင်းကိုယ်စားပြီး သူများအတင်း လျှောက်ပြောချင်သူတွေက ခပ်များများ။ သမီးကိစ္စကလည်း အနည်းဆုံး အိမ်ရှေ့စင်တစ်ယောက်၊ အိမ်ရှေ့စင်ကို သတင်းပြောပြသူ တစ်ယောက် သိသွားပြီးပြီ။ ပိုလို့ဆိုးတာက သမက်လောင်းအဖြစ် ရည်ရွယ်ထားသော တော်အောင်ကျော် ကိုယ်တိုင် အဖြစ်အပျက် အားလုံးကို သိသွားပြီမို့ ခုနေအချိန်မှ ပြန်အုပ်မိလျှင်တောင် ဖာလို့ထေးလို့ ရနိုင်မှာ မဟုတ်တော့။

"ရှင်းနေတာပဲကွာ၊ အထူးတလည် လုပ်စရာမှ မရှိတော့တာ၊ ယောက်ျားလေးရှင်ဘက်ကို သွားတွေ့ပြီး သဘောထားမေး၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘက်က စိစဉ်စရာရှိတာကို စိစဉ်နိုင်းရုံပေါ့"

"သူတို့ဘက်က အရင်လာတွေ့သင့်တာ မဟုတ်ဘူးလား မောင်"

"ဒီမှာမွန် ... သူအရင် ကိုယ်အရင်တွေ တွက်မနေနဲ့ ကိုယ်က မိန်းကလေးရှင်၊ ယောကျ်ားလေးဘက်က သဘောထားကို အရင်သိထားဖို့လိုတယ်၊ တကယ်လို့ သူတို့က တာဝန်မသိတတ်ဘူးဆိုရင် ကိုယ့်က တိုင်စရာ တောစရာ ရှိတာတွေ တိုင်ထားတောထားရမှာ"

"သမီး ကောင်လေးက ဘယ်လိုမျိုးများလဲ သားရယ်"

လွန်ပြီး ကျွပြီးတဲ့ အချိန်မှာ လာမေးနေတာမို့ တော်အောင်ကျော်က ဘယ်လိုမှ အတင်းပြောဖို့မသာတော့။ ဒီတော့ မယုတ်မလွန်နဲ့ပင် ...

"အန်တီတို့ဘာသာပဲ လေ့လာကြည့်ပါနော်၊ သူ့အိမ်ကို သွားတွေ့ချင်ရင်တော့ ကျွန်တော် လိပ်စာရုံစမ်းပြီး လိုက်ပို့ပေးပါ့မယ်"





•

"ကျွန်တော်တို့ဘက်ကတော့ အားလုံး စိတ်ချပါ၊ ကိုယ့်မှာ သားယောကျ်ားလေးပဲ ရှိတယ်ဆိုပေမဲ့ မိဘချင်း ကိုယ်ချင်းစာပါတယ်၊ ကိုယ် တာဝန်ယူရမဲ့ အပိုင်းကို လုံးဝ မလစ်ဟင်းစေရပါဘူး၊ သားရဲ့ မိန်းကလေးက ဘယ်သူမှန်းကြိုသိမထားလို့ မိသားဖသားပီပီ ကြိုပြီး တောင်းပန်ကမ်းလှမ်းတာမျိုး မလုပ်မိတာ စိတ်မရှိပါနဲ့ဗျာ"

ဆက်ကောင်းတို့ဘက်က ပြေပြေလည်လည် ဖော်ဖော်ရွေရွေ ဆက်ဆံသည့်အပြင် ထင်ထားတာထက်ပင် ပြောလို့ဆိုလို့ ကောင်းနေသေး၍ ပန်းစကားရဲ့ မိဘတွေက ကျေနပ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



လာသာတွေ့ရတယ်၊ မိန်းကလေးရှင်ဘက်က စလိုက် လာရတာမို့ ယောကျ်ားလေးရှင်တွေက တင်းထားမလား၊ အသာစီးယူကာ ပြောနေမလား၊ တာဝန်မဲ့ ခေါင်းရှောင်နေမလား ရယ်လို့ လင်မယားနှစ်ယောက်စလုံး စိတ်ပူခဲ့ရတာအမှန်။

တကယ်တမ်း တွေ့လိုက်ရတော့ ယောကျ်ားလေးမိဘတွေဟာ စိတ်ထားကောင်း ရည်မွန်ကြသည့်အပြင် ကိုယ်က ယောကျ်ားလေးရှင်ရယ်လို့ တင်တင်စီးစီး မရှိ။ ကိုယ့်သားဘက်က တစ်ဖက်သတ် အပြစ်ကြီးကျူးလွန်ထားသလိုမျိုး အားတုံ့အားနာနဲ့ တောင်းပန်မဆုံးပါ ရှိနေ၍ အဆိုးထဲက အကောင်းပဲလို့ ကျေနပ်ကြရသေးသည်။

"သားတို့ သတင်းကိုလည်း ကျွန်တော်တို့ အမြန်ဆုံး သိရအောင် လိုက်စုံစမ်းနေပါတယ်၊ သတင်းရတာနဲ့ ဒီက မိဘတွေဆီ အမြန်ဆုံး အကြောင်းကြားပေးမှာပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်"

ဟိုဘက် သည်ဘက် ကျေကျေနပ်နပ် လက်ခံစကားပြောကြပြီးလျှင် နှစ်ဖက်စလုံးကပဲ ကိုယ့်သား၊ ကိုယ့်သမီးအတွက်





တော့ သင့်တော်တဲ့ အိမ်ထောင်ဖက်ဖြစ်မှာ ပါပဲလို့ စိတ်ချသွားရလေသည်။

အတော်ကြာအောင် စကားပြောဆိုပြီး နှုတ်ဆက်ကာ အိမ်ပြန်ရောက်လျှင် မျှော်လင့်မထားသော မြင်ကွင်းက စောင့်ကြိုနေတာမို့ တအံ့တသြ ဖြစ်သွားကြရလေသည်။

"ဟင် ... သမီး ... သမီး ပြန်ရောက်နေတယ်"

ပန်းစကားက အပြစ်ကျူးလွန်မိသူတစ်ယောက်ရဲ့ ကြောက်ဆုတ်ဆုတ် မျက်နှာမျိုးနဲ့ ...

"သမီး တောင်းပန်ပါတယ် မေမေနဲ့ ဖေဖေရယ်"

"မဟုတ်သေးဘူး သမီး၊ ဒီကိစ္စမျိုးက တောင်းပန်လို့မရဘူး၊ သမီး ဘာဖြစ်လို့ အိမ်ပြန်ရောက်လာရတာလဲ"

ဘာဖြစ်လို့ အိမ်ပြန်နောက်ကျရတာလဲ လို့ မမေးဘဲ ဘာဖြစ်လို့ အိမ်ပြန်လာတာလဲ လို့ ဆီးမေးခံလိုက်ရ၍ ပန်းစကား ခမျာ အတော်ပဲ အူကြောင်ကြောင် ဖြစ်သွားရပါသည်။

"သမီး အိမ်ပြန်နောက်ကျရတဲ့အကြောင်း သေချာရှင်းပြပါ့မယ်၊ ဖေဖေ စိတ်ထိန်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေများ စိတ်ဆိုးလို့ ဒီလို ပြောလိုက်ရတာလားရယ်လို့ ပန်းစကားက ချော့မော့ကြည့်ပါသေးသည်။

သို့သော် ...

"သမီး ကောင်လေးရော ဘယ်မှာလဲ"

"ရှင်"

"ဆက်ကောင်း ... မောင်ဆက်ကောင်းကို မေးနေတာ သမီးရဲ့၊ မြန်မြန်ဖြေစမ်းပါကွယ်၊ မေမေ အခုမှ ပိုပြီး ရင်တွေ တုန်လာပြီ"

မေမေက ရင်တုန်ရုံတုန်တာ။ ပန်းစကားက တစ်ကိုယ်လုံးပါ တုန်ခါလာခဲ့ပြီ။

ဆက်ကောင်းတဲ့။ ဘယ်လိုဖြစ်လို့ ဒီနာမည်က ပါလာရတာလဲ။ စကားက ဆက်ကောင်းနဲ့ အတူ ရှိနေခဲ့သည် ဆိုတာ မေမေတို့ ဘယ်လို လုပ်ပြီး သိနေကြပါလိမ့်။

"မေမေတို့က ဆက်ကောင်းကို ဘယ်လိုလုပ် သိနေကြတာလဲဟင်၊ ပြီးတော့ သမီးတို့ ကိစ္စတွေကိုရော ဘယ်ကနေ သတင်းရထားသေးလဲ"





ပန်းစကားကလည်း မိဘတွေ မေးသမျှ မဖြေနိုင်အား။ အရေးတကြီး သိချင်တာတွေကို ထပ်ခါတလဲလဲ မေးနေရသည်။ လူကြီးတွေကလည်း ပန်းစကား အမေးကို ဖြေဖို့ထက် မေးခွန်းတွေ တွင်တွင်ထုတ်ဖို့သာ စိတ်ဝင်စားနေကြသည်။

"သမီး မေးခွန်းတွေပဲ ပြန်ထုတ်မနေနဲ့ ၊ ဖေဖေတို့ မေးတာကို ဖြေစမ်း၊ ဟိုကောင် ဘယ်မှာ ကျန်ခဲ့သလဲ"

"သူ့အိမ်သူ ပြန်သွားပြီပေါ့ ဖေဖေ"

"ဘာ !... သူ့အိမ်သူ ပြန်သွားပြီ၊ ဒီလိုလုပ်လို့ရမလားကွ၊ သူများသားသမီးကို ခိုးတုန်းက ခိုးပြီး တာဝန်မယူချင်တော့လို့ ရမလားကွ"

"ဖေဖေကလည်း ခိုးတိုင်းတော့ တာဝန်ယူရမယ် ဘယ်မဟုတ်မလဲ၊ အချိန်တန်တော့ ကိုယ့်အိမ်ကိုယ် ပြန်ရမှာပဲဟာ"

"ဟေ ... အချိန်တန်တယ်၊ နင်တို့ဟာ ဘယ်နနာရီများကြာသေးလို့လဲ ဟင်၊ မနက်ကပဲ ခိုးပြေးတယ်၊ နေ့တောင် မကူးသေးဘူး အိမ်ပြန်ရောက်လာပြီဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"နာရီပိုင်းလောက်ပဲ နေနိုင်မှာပေါ့ ဖေဖေရဲ့၊ ဘာလဲ သမီးကို နောက်တစ်နေ့ မနက်မှ ပြန်လာစေချင်လို့လား သမီးလည်း ဆက်ကောင်းကားနဲ့ ကားကြုံအတူ လိုက်လာရတာ ဖေဖေရဲ့။ လိုင်းကားစောင့်နေရင် နောက်နေ့မနက်မှ ရမှာမို့လို့"

ဖြေနေရင်း ပန်းစကားက အလျင်အမြန် စဉ်းစားရသည်။ သူမရဲ့ အဖေဟာ ဘာကြောင့်များ သူများသမီးရည်းစားနိုးပြေးရာမှာ ဝင်ကူတာကို စိတ်မဆိုးသည့်အပြင် နောက်တစ်နေ့ကူးတဲ့အထိ စောင့်ကြည့်တာဝန်ယူစေချင်ပါလိမ့်။ အရင်ကဖြင့် သူများကိစ္စ ရှုပ်ရှုပ်ယှက်ယှက် ဝင်ပါလျှင် (အခုလို မိုးချုပ်တဲ့အထိ အိမ်ပြန်နောက်ကျတာမျိုးတောင် မဟုတ်) အလွန်စိတ်ဆိုးတတ်တဲ့ ဖေဖေကများ။

"နေပါဦး၊ သမီးနဲ့ ဟိုကောင်လေးမှာ ဟိုကောင်လေးက ပြန်လို့ သမီးက လိုက်ပြန်လာတာလား"

"အတူတူပဲ ပြန်တာပေါ့ ဖေဖေရဲ့"





"ကဲပါ ကိုစိုးအောင်ရယ်၊ တိုက်ရိုက်ပဲ မေးလိုက်ပါတော့၊ သမီးတို့တွေ ကတောက်ကဆဖြစ်ပြီး ပြန်ကွဲလာကြတာလားလို့"

"သမီးတို့ !... ဘယ်သူနဲ့ ဘယ်သူက ပြန်ကွဲလာရမှာလဲ"

"သမီးနဲ့ မောင်ဆက်ကောင်းလေ"

"မေမေ ဘာတွေ မှားနေပြီလဲဟင်၊ သမီးနဲ့ ဆက်ကောင်းက ကွဲရတယ်ဆိုရအောင် ဘယ်တုန်းက ပေါင်းဖူးလို့လဲ၊ ဒီနေ့ မနက်တင် သူက သမီးကို နစ်နစ်နာနာ ပြောထားသေးတာ၊ သန္တာတို့ကိစ္စနဲ့ ထပ်တွေ့တော့မှ သူ မှားပါတယ်ဆိုပြီး တောင်းပန်လို့ စအဆင်ပြေရုံလေး ရှိသေးတာ"

"ဒါ ... ဒါဆို သမီးနဲ့ မောင်ဆက်ကောင်းတို့ နိုးပြေးကြတာ မဟုတ်ဘူးလား"

"ဘယ်ကသာ မေမေရယ်၊ ပေါက်ကရတွေ၊ သမီး သူငယ်ချင်း သန္တာက သူတို့ နိုးပြေးပြီး တရားရုံးမှာ လက်ထပ်ဖို့ အသိသက်သေ လိုတယ်ဆိုတာနဲ့ သမီး လိုက်ကူတာ၊ လမ်းမှာ သန္တာ့ အမျိုးတစ်ယောက်နဲ့ တွေ့လို့ သန္တာက



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တယ်ဆိုတာနဲ့ ပဲခူးထိ လိုက်သွားပေးပြီး ဟိုမှာစောင့်နေနှင့်တဲ့ ဆက်ကောင်းနဲ့ အဲဒီတော့မှ တွေ့တာ၊ သူတို့ ခိုးပြေးမဲ့အိမ်ရှင်ကို မတွေ့လို့ ပဲခူးအနှံ့ ပတ်ရှာနေပြီး အားလုံး အဆင်ပြေမှပဲ သမီးတို့က ပြန်လာကြတာ မေမေရဲ့၊ တစ်လမ်းလုံး ပြေးရပုန်းရနဲ့ဆိုတော့ သမီးလည်း အိမ်ကို အကြောင်းကြားချိန်တောင် မရဘူး"

"သမီး ခိုးပြေးတာ တကယ် မဟုတ်ဘူးနော်"

"မဟုတ်ပါဘူးဆို၊ မေမေတို့က ဘယ်လိုလုပ် သတင်းမှားတွေ ရနေတာလဲ"

ဒေါ်ခင်မြမွန်က သူတို့ဘက်က အဖြစ်အပျက်အလုံးစုံကိုပြောပြလျှင် ပန်းစကားမှာ မျက်လုံးပြူးသည်ထက် ပြူးရတော့သည်။

အဖြစ်အပျက်တွေက တရုတ်မဂ်လာဆောင်မှာ ဗျောက်အိုးတွေအတွဲလိုက် ဖောက်သလို ဆက်တိုက်ဖြစ်ပေါ်လာတော့တာပါလား။

ဆိုးတာက သတင်းသယ်ပို့ရမှာ သူမလိုပဲ သွက်လက်သည့် အိခြွေစင်တစ်ယောက် ဒီကိစ္စကို သိသွားတာ။ ပြဿနာ





တစ်ခုကို ပန်းစကားသိတာဟာ တစ်လောကလုံး သိတာနဲ့ ညီမျှလျှင် အိခြွေစင်သိတာက လောကကြီးရဲ့ သုံးပုံနှစ်ပုံ သိတာနဲ့ ညီမျှနိုင်သည်။

ဒီထက်ပိုဆိုးတာက တော်အောင်ကျော် သိသွားတာ။ တစ်ဇွတ်ထိုး တဇောက်ကန်း တော်အောင်ကျော်ဟာ သူ့ဘာသာ စီစဉ်ထားပြီးသား ဇာတ်ကွက်တွေကိုပဲ အဟုတ်ထင်တော့မှာ။ ကိုယ်က သွားရှင်းပြနေလည်း လူကြားကောင်းအောင် လိမ်ပြောတာလို့ပဲ ထင်တော့မည်။

အဆိုးဆုံးကတော့ သွက်လက်လှသည့် ဖေဖေနဲ့ မေမေဟာ ဆက်ကောင်း မိဘတွေအထိ သွားတွေ့လာခဲ့တာ။

ဟိုဘက်ကလည်း မေမေတို့ ပြောမှပဲ အဲဒီကတစ်ဆင့် ဘယ်လောက်တောင် စကားတွေ ပွားသွားမလဲ။ ပြန်ငြင်းလို့မှ ရပါဦးတော့မလား။

ပန်းစကား ခေါင်းပူနေဆဲမှာပဲ သူမနာမည်နဲ့ ဖုန်းခေါ်သံတစ်ခု ဝင်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စကား"

ဆက်ကောင်းရဲ့ ခေါ်သံဟာ တော်တော်ကြီး စိတ်ရှုပ်နေသည့်အသံဟု ပန်းစကားက ထင်သည်။

"ကိုဆက်ကောင်း"

ပန်းစကားရဲ့ ပြန်ထူးသံကတော့ အားကိုးရာမဲ့နေသူတစ်ယောက်လိုမျိုး ငိုသံပါလို့နေလေသည်။

"ကျွန်တော်တို့ ဘာတွေ ဖြစ်ကုန်ကြပြီလဲ"

"မသိဘူး၊ စကားလည်း ဘာမှ မသိတော့ဘူး၊ မေမေတို့တွေက သမီး ပျောက်သွားတော့ စိတ်ပူပြီး ထင်ကြေးနဲ့ လျှောက်လုပ်နေကြတာတွေက အကုန်ဒုက္ခများကုန်ပြီ"

"စကား သိပ်စိတ်ညစ်နေလားဟင်"





ဆောက်တည်ရာမရ စိတ်လှုပ်ရှားနေခိုက်မှာ ဆက်ကောင်းရဲ့ ညင်သာတိုးညှဲ့သော အသံက စကားကို အားတက်သွားစေခဲ့သည်။

"စိတ်ညစ်တာရော၊ စိတ်ရှုပ်တာရော အားလုံးပဲ၊ စကားတို့ဘက်မှာ ဒီသတင်းကြီးကိုသိတဲ့သူ တော်တော်များသွားပြီထင်တယ်၊ နောက်ပြီး ကိုဆက်ကောင်းမိဘတွေကရော ဘာပြောကြသေးလဲ"

"သူတို့ စိတ်ပျက်သွားကြတယ်"

"ငယ်ငယ်ရွယ်ရွယ်နဲ့ ခိုးပြေးကြတယ်ဆိုပြီးတော့လား"

"မဟုတ်ဘူး၊ ဖေဖေက ကျွန်တော့်ကို စိတ်မချလို့ အရမ်းအိမ်ထောင်ပြုစေချင်တာ၊ ကျွန်တော် သူငယ်ချင်းတွေ အိမ်ကို ဖုန်းဆက်လို့ ကျွန်တော် မရှိတိုင်း မိန်းမခိုးပြေးသွားပြီလို့ အမြဲပြောလွှတ်တဲ့အထိပဲ၊ အခု ကျွန်တော်က တကယ် မိန်းမခိုးပြေးပြီးမှတ်လို့ ဝမ်းသာနေကြတာ၊ စကားရဲ့ မိဘတွေနဲ့ တွေ့တော့လည်း လူကြီးလူကောင်းတွေ စိတ်သဘောထားကောင်းပြီး အဆင့်အတန်းမြင့်တော့



www.burmeseclassic.com

www.burmeseclassic.com



သူတွေနဲ့ ခမည်းခမက် တော်ရတော့မယ်ဆိုပြီး သိပ်ကျေနပ်နေတာ၊ ကျွန်တော် ရောက်လာလို့ မဟုတ်မှန်းသိမှ အဖေကလည်း ဒေါသတွေထွက်၊ အမေကလည်း နှမြောလွန်းလို့ စိတ်ညစ်ပြီး အိပ်ရာထဲ ခွေလဲသွားပြီ”

ဟုတ်လေသလား မဟုတ်လေသလားတော့ မသိ။ ဆက်ကောင်း ပြောတာ နားထောင်ပြီး စကားစိတ်ထဲ ပေါ့ပါးသွားသလိုပင်။

“စကားဘက်ကရော”

“သူတို့လည်း ကိုယ့်သမီး ခိုးရာလိုက်သွားတယ်ထင်ပြီးမှ မဟုတ်ဘဲ အိမ်ပြန်ရောက်လာတဲ့အတွက် ဝမ်းမသာနိုင်ဘဲ မအီမလည် ဖြစ်နေတယ်၊ အဖြစ်မှန်က ဒီလိုပဲ ဆိုပေမဲ့ ဟိုလေ … အတင်းသိပ်ပြောတတ်တဲ့ စကား သူငယ်ချင်း တစ်ယောက်က အဲဒီအကြောင်း သိသွားတာဆိုတော့”

ပန်းစကားက ကိုယ့်တုန်းက သူများအတင်းတွေ မြိန့်မြိန့်ကြီး လိုက်ပြောခဲ့သမျှ အခုမှပဲ ကိုယ်ချင်းစာကာ နောင်တရတော့သည်။





သူမ အထင်းပြောခဲ့သည့်အထဲမှာ တကယ်မဟုတ်ဘဲ စိတ်ထင်တဲ့အတိုင်း ဇာတ်လမ်းဆင်ပြောခဲ့တာတွေလည်း ပါသည်။ မဟုတ်မမှန် အပြောခံခဲ့ရသူတွေအတွက် ဆိုးကျိုးတွေ ဘယ်လောက်များ ဖြစ်စေခဲ့မလဲ။

ပန်းစကားဘာတွေတွေးပြီး ငြိမ်ကျသွားသလဲဆိုတာ ဆက်ကောင်းက သဘောပေါက်သည်။

သူ သဘောမပေါက်နိုင်တာက ကိုယ့်ကိုယ်ကိုယ်။

သူငယ်ချင်း သမီးရည်းစား ခိုးပြေးရာမှာ ဝင်ကူညီရင်း ကိုယ့်ကို မိန်းကလေးတစ်ယောက်နဲ့ ခိုးပြေးသည်လို့ အသိုင်းအဝိုင်းထဲမှာ အပြောခံ အထင်ခံရတော့မည့်ကိစ္စကို သူ ဘာကြောင့် မတုန်လှုပ်ရပါသလဲ။

အဖေနဲ့ အမေက ပန်းစကား မိဘတွေ ယဉ်ကျေးကြောင်း၊ တော်ကြောင်း၊ ဒီလို မိသားစုထဲ ဆက်ကောင်းကို ရောက်စေချင်ကြောင်း တဖွဖွ ပြောကြတော့ရော မဆီမဆိုင် ဘာလို့ ကျေနပ်နေမိသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပန်းစကားရဲ့ အားကိုးရာမဲ့နေသော အသံလေးကို ဖုန်းထဲက ကြားရရုံနဲ့ သူမရဲ့ အားကိုးခံလိုက်ချင်စိတ် ဘာကြောင့်များ ဖြစ်ပေါ်မိတာပါလဲ။

"အဖေကတော့ ပြောသေးတယ်၊ မင်းတို့ သတင်းကတော့ ဟုတ်ဟုတ် မဟုတ်ဟုတ် ပျံ့တော့မှာပဲတဲ့။ မင်းက ယောက်ျားလေးမို့ ကိစ္စမရှိပေမဲ့ မိန်းကလေးဘက်က နစ်နာမယ်တဲ့၊ အဲဒီအတွက် မင်း တာဝန်ယူသင့်တယ်တဲ့"

"ရပါတယ်၊ ဒါ ကိုဆက်ကောင်း ဘက်က စဖြစ်တဲ့ သတင်းမှ မဟုတ်ဘဲ၊ စကားတို့ဘက်က စဖြစ်လာတာ၊ ကိုယ့်အပြစ်နဲ့ကိုယ် ခံရမှာပေါ့၊ တိုက်တိုက်ဆိုင်ဆိုင် ကိုမင်းခေါင်က ကိုဆက်ကောင်းနဲ့ ကားချင်းလဲလိုက်ပြီးမှ စကားက လိုက်လာတာဆိုတော့ စကားတို့နှစ်ယောက်တည်းပဲလိုလို ထင်မှာပေါ့။ ကံကိုက ဒီလို ဖြစ်ဖို့ပါလာတာကိုး"

ပန်းစကား အသံလေးက ငိုချင်သလို အဖျားခတ်တုန်ခါသွားသည်။ မနက်က အတိုင်းပဲ။





ပန်းစကား ငိုတော့မလို ဖြစ်မှ ဆက်ကောင်းက တွေးမိသည်။ ဒီတစ်နေ့တည်းမှာတင် ဒီမိန်းကလေး သူ့ကြောင့် ငိုရတာ နှစ်ခါရှိပါပြီကောလား။

ပထမတစ်ခါက နာကျင်အောင် ရည်ရွယ်ပြီး ပြောခဲ့တာ။ ဒုတိယတစ်ခါကတော့ မရည်ရွယ်ဘဲ နာကျင်စေမိတာ။

ဘာကြောင်ပဲဖြစ်ဖြစ် ပန်းစကား သူ့ကြောင့် နာကျင်ငိုကြွေးရမှာကို မကြည့်ရက် မကြားရက်ဘူးလို့ ဆက်ကောင်းက ချက်ချင်းပဲ သဘောပေါက်လိုက်သည်။

ဒါဟာ သူ တစ်နေ့လုံး ခေါင်းရှုပ်ခဲ့ရသည့် ပုစ္ဆာရဲ့အဖြေ။

"စကား"

ဆက်ကောင်းက ဆုံးဖြတ်ချက်တစ်ခုကို ခပ်မြန်မြန် (သို့သော် ခိုင်ခိုင်မာမာ) ချပြီး စကားစ,ပြောလိုက်လျှင် အသံက အနည်းငယ် တုန်ခါနေသည်။

"ပွဲလန့်တုန်း ဖျာခင်းတယ်၊ ချော်လဲတုန်း ရောထိုင်တယ် လို့တော့ မထင်စေချင်ဘူးဗျာ၊ ကျွန်တော်တို့ကိစ္စ အားလုံး



www.burmeseclassic.com

က တစ်လွဲထင်ပြီး အဓာင်းပြောစရာဖြစ်တော့မဲ့ အတူတူ သူတို့ ထင်ထားတဲ့အတိုင်း ဆက်ပြီးမျှောလိုက်ပေးခွင့်ရမယ်ဆိုရင် ကျွန်တော်ရော ကျွန်တော့်မိဘတွေရော သိပ်ကို ဝမ်းသာကြမှာပဲ”

“ရှင်”

ဆက်ကောင်းက ဒီလိုပြောတယ်လား။ ဒါဟာ တကယ်ပဲလား။

နိုးရာလိုက်ပြေးတယ်လို့ အထင်ခံရတော့မဲ့ မိန်းကလေးတစ်ယောက်အတွက် ဆက်ကောင်းရဲ့ ကမ်းလှမ်းမှုဟာ ထွက်ပေါက်တစ်ခုပါပဲ။

ကိုယ့်ကြောင့် ထိခိုက်နာကျင်မှုတွေ များခဲ့ပြီလို့ ဆက်ကောင်းအပေါ် သနားစိတ်ဝင်မိရတာကနေ တိတ်တခိုး တွယ်တာလာခဲ့မိတဲ့ ပန်းစကားအတွက်တော့ ဒါဟာ နှလုံးသားရဲ့ ထွက်ပေါက်တစ်ခုလည်း ဖြစ်သေးလေသည်။





သူတို့ကိစ္စ ချွတ်ချော်ပျက်ပြယ်သွားမှာကို အစိုးရိမ်ကြီးနေကြသည့် နှစ်ဖက်လူကြီးတွေရဲ့ တက်သုတ်ထရိုက်စီစဉ်မှုကြောင့် ဆက်ကောင်းနဲ့ ပန်းစကားရဲ့ မင်္ဂလာကိစ္စဟာ အဆောတလျင် ဖြစ်မြောက်သွားခဲ့သည်။ ဘယ်လောက်တောင် စောသလဲဆိုလျှင် တကယ်နိုးပြေးသော မင်းခေါင်နဲ့ သန္တာတို့ မင်္ဂလာကိစ္စထက်ပင် စောသေးသည်။

မင်္ဂလာကိစ္စအတွက် စီစဉ်ရင်း ဆက်ကောင်းမှ ဖုန်းတစ်လုံးတင်မဟုတ် ဖုန်းနှစ်လုံးကို ဟိုဘက်နား ဒီဘက်နား အပြိုင်တပ်ထားပြီး ပြိုင်တူ စကားပြောနေတာ ကြည့်ရသည်မှာ တကယ်ပဲ ရူးသွားပြီလားလို့တောင် ထင်ရလောက်ဖွယ်

www.burmeseclassic.com



သို့သော် တူတော်မောင့်မင်္ဂလာကိစ္စအတွက် ရန်ကုန်ပြန်ရောက်နေသည့် ဦးမိုးမောင်ကတော့ သူ့တူကို ရူးနေပြီဆိုကာ စိတ်ရောဂါကုဆရာဝန်ထံ ပို့မည်မကြံစည်တော့ပါ။ သူတူရဲ့ သတို့သမီးလောင်းဟာ သူ အင်မတန် သဘောကျသည့် မိန်းကလေး ဖြစ်နေတာသိကတည်းက ဘကြီးမောင်တို့ ကျေနပ်မဆုံး တပြုံးပြုံး။

မင်္ဂလာပွဲအတွက် သွားလိုက်လာလိုက်၊ ဖုန်းဆက်လိုက်နဲ့ ဆက်ကောင်းတို့ အလုပ်ရှုပ်နေရှင်း မင်္ဂလာပွဲ မကျင်းပခင် ညကျမှပဲ အရေးကြီးဆုံး ကိစ္စတစ်ခု ကျန်နေမှန်း သတိရတော့သည်။

မြတ်စွာဘုရား။ သတို့သမီးလောင်းကို သတို့သားလောင်းဖြစ်သည့် သူက 'ချစ်တယ်'လို့တောင် မပြောရသေးပါလား။

သတိရလျှင်ရချင်း ဆက်ကောင်းက ပန်းစကားဆီ ဖုန်းလှမ်းဆက်သည်။

"စကား ကျွန်တော် အရေးကြီးတာတစ်ခု ပြောစရာရှိလို့၊ စကား အိပ်တော့မှာလား"

"မအိပ်သေးဘူး၊ ဒီမှာ သူငယ်ချင်းတွေ ရောက်လာပြီး ညလုံးပေါက် စကားပြောကြမယ်ဆိုလို့ ...ဟဲ့ ... ရွှေစင်"





စကားမှာ ဖုန်းပြောရင်း အိရွှေစင့် လက်ကို ပုတ်ချရပါသည်။ စကားက လိုင်းဖုန်းနဲ့ ပြောနေတာမို့ အိရွှေစင်က ဖုန်းက စပီကာကို လှမ်းဖွင့်နေ၍ တားရတာပင်။

တားလို့တော့ မရတော့ပါ။ စပီကာ ပွင့်သွားလျှင် ဆက်ကောင်းရဲ့ အသံက ဓာတ်စက်ထဲက အသံလိုမျိုး ဗြဲဗြဲကြီးနဲ့ အားလုံး ကြားအောင် ထွက်ပေါ်လာပြီ။

"ကျွန်တော် အလုပ်တွေ **သိပ်များနေတာနဲ့ အရေးကြီးတဲ့** စကားတစ်ခွန်း **မပြောဖြစ်လို့ အခု ပြောမလို့**"

"မနက်မှ ပြောလို့မ**ရဘူးလား**"

"မရဘူး၊ မနက်ဖြန်ဆို ကျွန်တော်တို့ မင်္ဂလာဆောင်ရတော့မှာဆိုတော့ ဒီညပြောမှရမယ်၊ မဟုတ်ရင် ကျွန်တော် အိပ်ပျော်မှာ မဟုတ်ဘူး"

ဒုက္ခပဲ။ ဒီက သူငယ်ချင်းတွေ ကြားကုန်မှာ စိုးလို့ တားနေတာကို။ အေးပါလေ။ မင်္ဂလာပွဲအတွက် အစီအစဉ်တစ်ခုပဲ ဖြစ်မှာပေါ့။ ကြားလည်း ဘာအရေးလဲ။ ပြောပါစေ။

"ကဲ ... ပြော ... ပြော"

www.burmeseclassic.com



"ဒါဆို သေချာနားထောင်နော်၊ ကျွန်တော့်တစ်သက် ဘယ်သူ့ကိုမှ မပြောဘူးသေးတဲ့ သေချာခိုင်မာမှုမျိုးနဲ့ ပြောမယ်၊ စကားကို ကျွန်တော် သိပ်ချစ်တယ်"

အောင်မယ်လေး။

နား‚နား ကပ်နားထောင်နေသည့် ဖုန်းခွက်ထဲက အသံက ဒီလောက်မကျယ်။ စပီကာထဲက ထွက်လာသည့် ခတ်သံကြီးက တဖြဲဖြဲနဲ့ ကျယ်လောင်လှချည့်။

သူငယ်ချင်းတွေ အားလုံး ပထမတော့ ကြောင်အမ်းငြိမ်သက်သွားကြပြီးလျှင် နောက်တော့ ရယ်သံကြီး ဝေါခနဲပြိုထွက်လာလေသည်။

"ကိုဆက်ကောင်း ... သူငယ်ချင်းတွေက ဖုန်းစပီကာဖွင့်ပြီး နားထောင်နေကြတာ၊ ရှင်ကလည်း"

စကားမှာ ကိုယ်မျှော်လင့်နေခဲ့သည့် စကားတစ်ခွန်းကို ကြားရလို့ ဝမ်းမသာအား။ ရှက်ရှက်နဲ့ အော်လိုက်တော့ ဆက်ကောင်းလည်း လန့်ဖျပ်ကာ ဖုန်းချသွားရပါလေရော။

ဒီဘက်မှာတော့ အိမ့်မွှေးခင်တို့က ရယ်ပွဲဖွဲ့လို့မဆုံးပြီ။





"မင်္ဂလာဆောင်ကာနီး ညကျမှပဲ သတို့သားက သတို့သမီးကို ရည်းစားစကားပြောသတဲ့"

"အောင်မယ်လေး ... ဒီကလည်း ရှက်နေလိုက်တာ၊ ငါတို့သာ မရှိရင် စကားကလည်း ချစ်တာပါပဲ ကိုကိုရယ်လို့တောင် ပြန်ချွဲလိုက်ဦးမှာ"

"အေး ... ဟုတ်တယ်၊ ငါတော့ ပြောစရာရပြီ၊ ဆက်ကောင်းပြောတာအပြင် စကားကလည်း အဲဒီလို ပြန်ပြောတယ်လို့ သတင်းလျှောက်လွှင့်ဦးမှ"

"အိမ့်မွှေးခင် နင် မဟုတ်တာတွေ လျှောက်မပြောနဲ့လေ"

"ပြောမှာပဲ ပန်းစကားရယ် နင့်တုန်းကရော သတင်းဆန်းတစ်ခုရရင် တစ်နေကုန် လည်ပြီး ပြောတာပဲ မဟုတ်လား၊ နင့်အလှည့်ကျမှ အပြောခံရမှာ ကြောက်မနေပါနဲ့"

"အေးလေ ... ဝင့်ဆိုတာ လည်တတ်တယ်ဆိုတာ နင်သိဦးမှာပေါ့"

"ငါ နောင်ရပါပြီဟာ၊ နောက်ကို သူများအတင်း မပြောတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလည်း မပြောအားတော့ဘူးလေ၊ ကိုကို့အနားမှာ နေရတော့မှာကိုး၊ ငါတို့ကတော့ ပြောအားသေးတယ်ဆို တော့ နင့်တာဝန် ဆက်ယူမယ်၊ အတင်းမဟုတ်ပါဘူး၊ နင်ပြောသလိုပဲ သတင်းပါ"

သူငယ်ချင်းတွေကတော့ တားလို့ရမှာ မဟုတ်တော့ချေ။ တားမရမဲ့အတူ မတားတော့ဘဲ စကားက ဆက်ကောင်း ပြောသွားသည့် 'စကားကို သိပ်ချစ်တယ်' ဆိုသည့် စကားလုံးလေး ကိုပဲ အရသာခံကာ ပြန်လည်ကြားယောင်နေလိုက်တော့သည်။

ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

2:25 A.M

7. 6. 2006.

WEDNESDAY.

BURMESE CLASSIC .com



www.burmeseclassic.com